www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# နီကိုရဲ

ပန်းသီး ဖန်တုံးတစ်တုံးရဲ့ ဘိုင်အိုဂရပ်ဖီ

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၁၃ ခုနှစ်၊ ဇွန်လ
အုပ်ရေ ၅၀၀၊ တန်ဖိုး ၁၀၀ ကျပ်

# မောင်မျိုး

(ကြောင်နှစ်ကောင်)

စီစဉ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## အပိုင်း (၁)

တစ်ခါက . . .

ဆရာတစ်ယောက်ဟာ ကျောင်းသားလေးတစ်ယောက်ကို အခုလို မေးခဲ့ဖူးပါတယ်။

"ကဲ! မင်းကို ဆရာမေးမယ် . . . တစ်နှစ်မှာ ရက်ပေါင်း ဘယ်နှစ်ရက်ရှိလဲကွ . . ."

ကျောင်းသားလေးရဲ့ မျက်နှာမှာ အလိုမကျတဲ့မှိုးရိပ်တွေ ဖြိုကျလို့ . . .။ ခပ်ယွဲ့ယွဲ့မဲ့နေတဲ့နှုတ်ခမ်းထက်မှာတော့ အပြုံးကသဲ့သဲ့နဲ့ . . .။

"မေးခွန်းက ပေးထားချက် မပြည့်စုံတော့ အဖြေက နှစ်မျိုးထွက်နေပါတယ်ဆရာ . .။ အဖြေနှစ်မျိုးလုံးကလည်း သူ့သတ်မှတ်ချက်နဲ့သူ မှန်နေပါတယ် . . ."

"ဘာ . . . ဘယ်လို . . ."

"ဆရာမေးတဲ့ခုနှစ်ဟာ ရက်ထပ်နှစ်မဟုတ်ရင်တော့ တစ်နှစ်မှာ (၃၆၅) ရက်ရှိပါတယ်။ ဆရာမေးတဲ့ခုနှစ်ဟာ ရက်ထပ်နှစ်ဆိုရင်တော့ တစ်နှစ်မှာ (၃၆၆)ရက်ရှိပါတယ်ဆရာ . . ."

ပါးစပ်အဟောင်းသားနဲ့ပဲ ဆရာဟာ ကျောင်းသားလေးကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေတယ်။ လေးစားဖို့ကောင်းတာက ဆရာဟာသူ့မျက်နှာအရေ ပြားပေါ်က သတိမပြုမိခြင်းဆိုတဲ့ ကွန်ယက်ပါးပါးလေးကို ဆွဲခွာမပစ်တာပါပဲ။

"ဟုတ်တာပေါ့. . . ဖေဖော်ဝါရီလမှာ (၂၉)ရက်နေ့ဆိုတဲ့ ရက်ထပ်နှစ်ရှိတယ်ဆိုတာ ဆရာဘာလို့ မေ့လျော့မိတာပါလိမ့်. ."

ညနေကြယ်လို့ တင်စားတဲ့သောကြာကြယ်ရဲ့ လင်းလက်မှုမျိုးကို ကောင်လေးရဲ့မျက်နှာထက်မှာ တွေ့ရမှာပေါ့. . .။ နောက်ပြီးတော့မှ စကားတစ်ခွန်းနဲ့ပဲ စာသင်ခန်းလေးရဲ့ ငြိမ်ဆိတ်မှုကို ဖစ်ဆွဲပစ်လိုက်ပါတယ်။

"ဆရာရော ကျွန်တော်ရောဟာ ဖေဖော်ဝါရီလ (၂၉)ရက်နေ့မှာသာ မွေးဖွားခဲ့ကြရင် ဖေဖော်ဝါရီ (၂၉)ကို ကျွန်တော်တို့မေ့ကြမှာ မဟုတ်ပါဘူးဆရာ. ."

အဲဒီစကားဟာ သူ့အတွက်ပြောတာမဟုတ်ပါဘူး။ ကျောင်းသားလေးဟာ အဲဒီစကားကိုပြောတဲ့အချိန်မှာ သူ့မျက်ဝန်းတွေဟာလက်ယာဘက်ရှေ့ဆုံးတန်းကို ရောက်နေပါတယ်။ သူ့မျက်ဝန်းတွေရဲ့ ဆုံမှတ်ဟာ အညိုရောင်မျက်ဝန်းအစုံနဲ့ ကျောင်းသူကောင်မလေးပါပဲ။ အကျေနပ်ကြီး ကျေနပ်နေတဲ့ အပျော်ရိပ်တွေနဲ့ ကောင်မလေးဟာ သူ့ကိုကြည့်နေပြီး လက်မကော့ကော့လေးကို ထောင်ပြလိုက်ပါတယ်. . .။ ဆယ်နှစ်ဆိုတဲ့ အရွယ်လေးတွေဆိုတော့ သူတို့နှစ်ယောက်ရဲ့ကြားက ကြိုးကလေးဟာ တကယ့်ကို ဖွေးဖွေးဖြူနေတဲ့ အဖြူရောင်သက်သက်လေးပါပဲ။

ခန်းဆီးလိုက်ကာစ အတွန့်လေးတွေကိုကြည့်ရင်း ဆရာဟာ အတောမသတ်နိုင်သေးဘဲ ကောင်လေးကို သွေးတိုးစမ်းမေးခွန်းတစ်ခု ထပ်တွန့်မေးလိုက်ပြန်ပါတယ်။

"တဲကွာ. . ဒါဆိုရင် ဒီကိစ္စနဲ့ပတ်သက်ပြီး မင်းသိထားတဲ့ မင်းကြိုက်တဲ့ စကားလေးတစ်ခုလောက် ဆရာ့ကိုပြောကြည့်စမ်းပါကွာ. ."





ကောင်လေးဟာ အဲဒီအတွက် သိပ်အကြာကြီးတော့ မစဉ်းစားလိုက်ရပါဘူး။

"ဖေဖေပြောဖူးတယ်ဆရာ. .။ ဘဝဆိုတာ မတူညီတဲ့ ပုစ္ဆာပေါင်းများစွာနဲ့ ရှုပ်ထွေးနေတဲ့ စာအုပ်ကြီးတစ်အုပ်ပဲတဲ့. . .။ အဲဒီထဲက ဘယ်ပုစ္ဆာမှာပဲဖြစ်ဖြစ် ပေးထားချက်မပြည့်စုံရင်တော့ တိကျတဲ့အဖြေကို တွက်ချက်လို့မရနိုင်ဘူးတဲ့ဆရာ. . ."

"အမယ်လေးဗျာ. ."လို့ အာမေဋိတ်ပြုအော်လိုက်ရင်း ဆရာဟာ သူ့နဖူးသူ ဖတ်ကနဲရိုက်လိုက်မိတယ်။

"အမယ်လေး. . . ကြည့်စမ်းပါဦးဗျာ၊ လူကြည့်တော့ လက်တောက်လောက်နဲ့ စကားကကြီးကြီးကျယ်ကျယ်ပါလား ငါ့တပည့်ရာ. ."

ဆရာ့ပုံစံကိုကြည့်ပြီး ကောင်လေးနဲ့ ကောင်မလေးတစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ရယ်လိုက်ကြတယ်။

ပြောရမယ်ဆိုရင်တော့ သူတို့နှစ်ယောက်ဟာ သူငယ်ချင်းတွေလည်းမဟုတ်ကြပါဘူး။ ခပ်ကုတ်ကုတ်နေတတ်တဲ့ ကောင်ကလေးဟာ စာသင်ခန်းထဲမှာလည်း ထင်ပေါ်ခြင်းမရှိတဲ့ သာမန်ကျောင်းသားလေးတစ်ယောက်ပါပဲ။

ကောင်မလေးကိုတော့ စာသင်ခန်းတစ်ခုလုံးက သိကြပါတယ်။ တစ်ခန်းလုံးမှာ စာအတော်ဆုံးနဲ့ အလှဆုံးဖြစ်တဲ့ကောင်မလေးရဲ့ နာမည်က. . . .။

"စကားသူ" . . . တဲ့. . .။



www.burmeseclassic.com

www.burmeseclassic.com

နေခြည်ငွေ့ငွေ့အုပ်မိုးထားတဲ့ ကျောင်းဆင်းအိမ်ပြန်လမ်းလေးမှာတော့ ကောင်ကလေးနဲ့ ကောင်မလေးဆုံသွားပါတယ်။ ဒါဟာ ကလေးဘဝ မတော်တဆဆုံသွားမှုပါ။ ကောင်မလေးဟာ ကောင်လေးကို ငဲ့ကြည့်ရင်း ခုလိုပြောလိုက်ပါတယ်။

"မနက်က အတန်းထဲမှာ ဆရာ့ကို နင်ပြောခဲ့တဲ့စကား ငါကြိုက်တယ်။ နောက်ဆို အဲဒီစကား နင်မသုံးနဲ့တော့. . .။ အဲဒီ စကားကို ငါအပိုင်ဝယ်မယ်၊ ဘယ်လောက်ပေးရမလဲ. . ."

ကောင်လေးရဲ့ မျက်နှာဟာ ဝင်းဝင်းဝါနေတဲ့ မရမ်းသီးမှည့်လို. . . မချိုမချဉ်နဲ့. . .။

"ဝယ်စရာမလိုပါဘူးဟာ. . . နင်လိုချင်ရင် ငါအပိုင်ပေးမှာပေါ့. . .။ ဘာဖြစ်လို့လဲသိလား စကားသူ. . ."

ဘာလဲ? ဆိုတဲ့သဘောနဲ့ ကောင်မလေး မျက်ခုံးပင့်ပြတယ်။

"ဘာဖြစ်လို့လဲဆိုတော့ ကြီးလာရင် နင်နဲ့ငါနဲ့က ရချင်ရသွားမှာမို့လို့ပေါ့ဟ. . ."

ထောင်းကနဲ ဒေါသဖြစ်သွားတဲ့ ကောင်မလေးဟာ အောက်က မြေစိုင်ခဲတစ်ခုကို ကုန်းကောက်လိုက်တဲ့အခါမှာ ကောင်ကလေးဟာ





လျှာထုတ်ပြောင်ပြပြီး ပြေးထွက်သွားတယ်။ အဲဒါလည်း ကလေးဘဝ နောက်ပြောင်ကစားလိုက်မိတာပါပဲ။ ဘာမှလည်း တောင်တောင်အီအီ မသိကြတဲ့အရွယ်လေ. . .။

"သေချင်းဆိုး. . ကောင်စုတ်. . . ကောင်ပုံ. . ကဲဟာ"

စကားသူကလည်း စွာတေးမပဲလေ။ ဘယ်အလွတ်ပေးလိမ့်မလဲ. . .။ ကောင်မလေးလှမ်းပစ်လိုက်တဲ့ မြေစိုင်ခဲဟာ ကောင်လေးရဲ့ နောက်စေ့ကို "ခွပ်"ကနဲပေါ့. . .။

ခေါင်းကို လက်ပြန်ဖိအုပ်ထားတဲ့ကြားကပဲ သွေးစက်တွေဟာ ကောင်လေးရဲ့ အင်္ကျီဖြူပေါ် စီးကျလာတာကို ကောင်မလေးဟာ မျက်လုံးပြူးမှင်သက်ကြည့်နေမိတယ်။

သွေးသံရဲရဲနဲ့ ကောင်လေးရဲ့ဦးခေါင်းဟာ နောက်ကိုလှည့်လာပြီး ကောင်မလေးကို ဟီးကနဲ လျှာထုတ်ပြောင်ပြလိုက်ပါရော. . .။

အဲဒီမှာပဲ. . . သွေးကိုမြင်တော့ မျက်လုံးတွေပြာပြီး အကြောက်လွန်သွားတဲ့ အာဂသတ္တိခဲ ကောင်မလေးခမြာ ခေါင်းထဲမှာ ယိမ်းထိုးမူးနောက်ချာလပတ်လည်ပြီး "အင့်"ကနဲ လဲကျသွားပါလေရောလေ. . .။



www.burmeseclassic.com

www.burmeseclassic.com

## အဖွင့် (၂)

တစ်ခါက . . .

ဆရာမတစ်ယောက်ဟာ ကျောင်းသူလေးတစ်ယောက်ကို အခုလို မေးခဲ့ဖူးပါတယ်။

"တစ်နှစ်မှာ ရက်ပေါင်း (၃၆၅)ရက်ရှိတယ်. . ."

"(၄)နှစ်မှာ ဘယ်နှစ်ရက်ရှိလဲ စကားသူ. . ."

အညိုရောင်မျက်ဝန်းတွေကို ပိုင်ဆိုင်ထားတဲ့ ကောင်မလေး ဟာ လက်ပိုက်ပြီး မတ်တပ်ရပ်နေပါတယ်။ ပြုံးနေတဲ့ မျက်နှာလေးနဲ့ စိတ်ထဲကနေပြီး (၃၆၅)ရက်ကို (၄)ခါပေါင်းနေတဲ့ပုံပါပဲ. . .။ ပထမ နှစ်ခါပေါင်းလိုက်တော့. . ၇၃၀၊ အဲဒါကို နှစ်ဆတွက်လိုက်တော့ ၁၄၆၀ ပေါ့. . .။

"ပုစ္ဆာက ပေးထားချက်မပြည့်စုံဘူးဖြစ်နေတယ်. . .။ ဆရာမ မေးတဲ့ (၄)နှစ်ဟာ တစ်ဆက်တည်း အစဉ်လိုက် (၄)နှစ်လားဆရာမ"

"အေးပေါ့. . . တစ်ဆက်တည်းပေါ့ကွဲ. . ."

"အဲဒါဆိုရင်တော့ အဖြေက (၁၄၆၁)ရက်ပါ ဆရာမ"

"ဘယ်. . . ဘယ်လို. . . ပြန်တွက်ပါဦး မင်းအဖြေမှားနေ





တယ်စကားသူရဲ့. . . အဖြေက (၁၄၆၀)ရက်လေ"

"သမီးအဖြေမမှားပါဘူး ဆရာမ. . . ဘယ်ခုနှစ်ကပဲစတွက် တွက်. . အစဉ်လိုက် (၄)နှစ်မှာ ရက်ထပ်နှစ်တစ်နှစ် အမြဲတမ်း ပါပါ တယ်ဆရာမ. .။ လေးနှစ်မှာ တစ်ခါ ဖေဖော်ဝါရီ (၂၉)ဆိုတဲ့ ရက် တစ်ရက်ရှိတဲ့အတွက် (၁၄၆၀)မှာ တစ်ရက်တိုးရတော့ (၁၄၆၁)ရက်ပါ ဆရာမ"

ပါးစပ်အဟောင်းသားနဲ့ဆရာမက ကျောင်းသူလေးကို ကြည့် နေတယ်။ လေးစားဖို့ကောင်းတာက ဆရာမဟာ သူ့မျက်နှာ အရေပြား ပေါ်က သတိမပြုမိခြင်းဆိုတဲ့ သံဝေဂကွန်ယက်ပါးပါးလေးကို ဆွဲခွာ မပစ်တာပါဘဲ။

"အိုး. . ဟုတ်တာပေါ့. . .။ လေးနှစ်မှာ တစ်ခါ ရက်ထပ်နှစ် တစ်နှစ်ပါတယ်. .။ လေးနှစ်မှာ တစ်ခါ ဖေဖော်ဝါရီလ (၂၉)ရက်နေ့ ဆိုတာ ရှိတယ်. .။ ဒါကို ဆရာမသိမေ့သွားတယ်။ ဟုတ်တာပေါ့. . . သမီးဖြေတာ မှန်တာပေါ့ကွယ်"

ညနေကြယ်လို့ တင်စားတဲ့ သောကြာကြယ်ရဲ့ လင်းလက်မှု မျိုးကို ကောင်မလေးရဲ့ မျက်နှာထက်မှာ တွေ့ရမှာပေါ့. .။ နောက်ပြီး တော့မှ စကားတစ်ခွန်းနဲ့ပဲ စာသင်ခန်းလေးရဲ့ ငြိမ်ဆိတ်မှုကို ဖစ်ဆွဲ ပစ်လိုက်ပါတယ်. . .။

"ဆရာမက ဖေဖော်ဝါရီ (၂၉)ရက်နေ့မှာ မွေးဖွားခဲ့တာ မဟုတ်လို့ ဖေဖော်ဝါရီ (၂၉)ကို မေ့သွားတာဖြစ်မှာပါ. . .။ သမီး တတော့ လေးနှစ်မှာတစ်ခါပဲရှိတဲ့ သမီးရဲ့ မွေးနေ့ကို မမေ့နိုင်ပါဘူး ဆရာမ. . ."

ကောင်မလေးက အဲလောက်နဲ့ ပွဲသိမ်းသွားမယ်ထင်ပေမယ့် ဇာတ်လမ်းက အမျှင်မပြတ်သေးပါလား. . .။ ခန်းဆီးလိုက်ကာစ သတ္တန် လေးကိုကြည့်ရင်း ဆရာမက အတောမသတ်နိုင်သေးဘဲ ကောင်မလေးကို



www.burmeseclassic.com

www.burmeseclassic.com



သွေးတိုးစမ်း ထပ်တွန့်မေးလိုက်ပြန်ပါတယ်. . .။

"ကဲကွယ်. . . ဒါဆိုရင်လည်း ဒီကိစ္စနဲ့ပတ်သက်ပြီး သမီးသိထားတဲ့. . သမီးကြိုက်တဲ့ စကားလေးတစ်ခုလောက် ဆရာမကို ပြောကြည့်စမ်းပါ စကားသူ. . ."

ကောင်မလေးဟာ အဲဒီအတွက် မစဉ်းစားလိုက်ရပါဘူး။

"သမီးကို သူတောင်းစားလေးတစ်ယောက်က ပြောဖူးတယ် ဆရာမ. . .။ ဘဝဆိုတာ မတူညီတဲ့ ပုဒ္ဓာပေါင်းများစွာနဲ့ ရှုပ်ထွေးနေတဲ့ စာအုပ်ကြီးတစ်အုပ်ပဲတဲ့. . .။ အဲဒီထဲက ဘယ်ပုဒ္ဓာမှာပဲဖြစ်ဖြစ် ပေးထားချက်မပြည့်စုံရင်တော့ တိကျတဲ့အဖြေကိုတွက်ချက်လို့မရနိုင်ဘူးတဲ့. . ."

"အမလေးတော်"လို့ အာမေဍိတ်ပြုရင်း ဆရာမဟာ သူ့ရင်ဘတ်သူ ဖတ်ကနဲ ဖိလိုက်တယ်။

"အံ့ပါရဲ့ စကားသူရယ်. . ကြံကြံစည်စည်ဟယ်. . ။ နင့်ကြည့်တော့ လက်တောက်လောက်နဲ့ အဲဒီကြီးကြီးကျယ်ကျယ်စကားကို သူတောင်းစားဆီက ရခဲ့ရတယ်. . . လို့"

"အဲဒါအမှန်ပါဆရာမ. . . အဲဒီသူတောင်းစားကလေ ရိုးရိုးသူတောင်းစားတောင်မဟုတ်ဘူး. . .။ အစုတ်အပဲ့သူတောင်းစားပါ ဆရာမ. . ."

ကောင်မလေးဟာ အဲဒီစကားကိုပြောတဲ့အချိန်မှာ သူမရဲ့ မျက်ဝန်းတွေဟာ လက်ဝဲဘက်နောက်နားဆီကို သိမ်ငှက်တောင်ပံဖြန့်သလို ဝေ့ဝဲကြည့်လိုက်ပါတယ်။ မရှိတော့မှန်းသိပေမယ့် ကြည့်လိုက်မိတာပါ. . .။ ကောင်ကလေးဟာ ဒီစာသင်ခန်းထဲမှာ ရှိမနေတော့ပါဘူး။ သူငယ်ချင်းတွေက "အုပ်ကြီးသား"လို့နာမည်ပြောင် ခေါ်ကြတဲ့ကောင်ကလေးဟာ အတန်းသစ်တက်တဲ့ ဒီနှစ်နှစ်စပိုင်းမှာပဲ သူ့အဖေ ဆေးရုံအုပ်ကြီးတာဝန်ပြောင်းရွှေ့ရာကို အတူပါသွားခဲ့ပါပြီ။ အမြဲ တစေ တွန့်ကွေးနေတဲ့ မျက်ခုံးတွေနဲ့ အရွယ်နဲ့မမျှတဲ့ စာအုပ်ထူကြီးတွေကို အဖော်ပြုနေ





တတ်တဲ့ ကောင်ကလေးဟာ သူမကတစ်သက်စာ အမှတ်တရပေးလိုက်တဲ့ လက်ဆောင်နောက်ဆုံးဖြစ်တဲ့ ဒဏ်ရာ အမာရွတ်တစ်ခုနဲ့အတူ အဲဒီအချိန်ကစပြီး ပျောက်သွားခဲ့တော့တာပါပဲ. .။ ကောင်မလေးဟာ ကောင်ကလေးရဲ့ မျက်နှာကိုခပ်ရေးရေးပဲ ပုံဖော်ကြည့်လို့ရပါတော့တယ်. . .။

အဲလိုနဲ့ပဲ. . .

နှစ်တွေကြာလာတာနဲ့အမျှ ကောင်ကလေးဟာ သူမရဲ့ မှတ်ဉာဏ်တွေထဲက တစ်စတစ်စ မှိန်ဖျော့ပါးလျသွားပါတော့တယ်. . .။



www.burmeseclassic.com

www.burmeseclassic.com

ခုတော့လည်း . . .

တစ်ခါက . . . တစ်ခါက . . . ဆိုတာတွေဟာ အကြိမ်များစွာပဲ ခြေလှမ်းတွေရဲ့ နောက်မှာ ကျန်ရစ်ခဲ့ပါပြီ. . .။

သူများနဲ့မတူတဲ့ အညိုရောင်မျက်ဝန်းတွေနဲ့ . . . အသားအရေ အချိုးအဆစ်လှလှတွေကို ဝင့်ဝင့်ပိုင်ဆိုင်ထားတဲ့ သူမဟာ သူများတွေလိုပဲ ဘဝကို ရိုးစင်းစွာ ဖြတ်သန်းနေတယ်လို့. . . ထင်ခဲ့မိပေမယ့်. . .

ကံကြမ္မာရဲ့ ထင်မှတ်မထားတဲ့ လှို့ဝှက်ခြင်း လက်ချောင်းတွေနဲ့ အစီအစဉ်တကျ ဆုပ်ကိုင်ခြင်းကို ရင်ဆိုင်လိုက်ရတဲ့အခါမှာတော့. . . ရင်ကိုဖြတ်စီးနေတဲ့ မြစ်ကစ်စင်းကိုဘွားကနဲ ထိတ်လန့်စွာ မြင်လိုက်ရပါတယ်. . .။ အဲဒီမြစ်. . အဲဒီမြစ်ဟာ. . . ပြောင်းပြန်စီးနေတဲ့မြစ်တစ်စင်းပါလား. . .။

ကံကြမ္မာကို မျက်ကွယ်ပြုတတ်တဲ့သူမအဖို့ ကံကြမ္မာကို စပြီး သတိပြုမိတဲ့အချိန်ဟာ သူမအသက်နှစ်ဆယ်ပြည့်တဲ့ နေ့မှာပါပဲ. . .။

မှတ်မှတ်ရရ . . . အဲဒီနေ့ဟာ. . .

၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီ (၂၉)ရက်နေ့ . . .။

အဲဒီနေ့မှာ . . . ကံကြမ္မာဖတ်ဆရာတစ်ဦးနဲ့ အမှတ်မထင် သူမ ဆုံတွေ့ခဲ့ပါတယ်. . .။



# အခန်း (၁)

?

www.burmeseclassic.com

www.burmeseclassic.com

*သူတစ်ပါးရဲ့ ရှေ့ဖြစ်ကို*
*အကြားအမြင်နဲ့ ဟောကိန်းထုတ်ပြတဲ့*
*ကံကြမ္မာ ဖတ်ဆရာဟာ*
*ကိုယ့်ကိုယ်ကိုရဲ့ ရှေ့ဖြစ်ကိုရော*
*ဘယ်နှစ်ခါများ*
*ဟောကိန်းထုတ်ပြရဲခဲ့ဖူးပါသလဲ?*



နွှေဦးလည်းမမည်၊ ဆောင်းနှင်းလည်း. . မပီသောအချိန်. . .။

နှင်းဝတ်မှုန်တွေက ဝန်းကျင်ကို ဝေ့ဝေ့သိပ်သိပ်နှင့်. . .။

အေးစက်ခြင်း လက်ချောင်းတွေက ညကို ပွေ့ပိုက်ထားသည်။ အဝေးသို့ မျှော်ကြည့်သော် နှင်းခွဲမီးပွင့်တွေကို လွှမ်းနေသော နှင်းမှုန်တွေကိုပဲ မြင်နေရသည်။ နှင်းတွေသိပ်သိပ် ညဆိတ်ဆိတ်မှာ ရန်ကုန်-မန္တလေးခရီးလမ်းမကြီး၏ အလယ်ခုလတ် အဝေးပြေးယာဉ်ရပ်နားရာ မြို့လေးမှ စားသောက်ဆိုင်လေးမှာ အိပ်မှုန်စုံမွှားသက်ဝင်လာသည်။

ဆိုင်ရှေ့မှာ အမှတ် (၁) Bus နှင့် အမှတ်(၂) Bus အဝေးပြေးဘတ်စ်နှစ်စီး ယှဉ်လျက်ရပ်ထားသည်။ အမှတ်(၂)လူစီးဘတ်စ်အနီးမှာ နောင်လတ်မောင်းလာသော ပရာဒိုးပုလဲသွေးကြီးက ငြိမ့်ကနဲထိုးရပ်လိုက်သည်။ ရှေ့ခန်းတံခါးချပ်ပွင့်လာကာ ခွာမြင့်ဖိနပ်လေးနှင့်ခြေထောက်ဖြူဖြူလေးတစ်စုံ မြေသားထက်မှာ ခြေချသည်။ ဤခြေထောက်ကလေးများ၏ ပိုင်ရှင်မှာ စကားသူဖြစ်ပါသည်။ စကားသူသည် နောင်လတ်၏မျက်နှာကိုကြည့်ရင်း ယဲ့ယဲ့ပြုံးပြလိုက်သည်။ သူမ၏ရင်မှာ တစ်စုံတစ်ရာသည် လစ်ဟာသွားသည့်နှယ်၊ နှလုံးသားသည် သိမ့်သိမ့်လေး လိုက်နေခါး ဖြစ်နိုင်လျှင်တော့ ကို့ကိုမခွဲလိုသေးပါ။ အို. . ပျော့ညက်လိုက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားရယ်. . .။ ဒီနေ့မှ ချစ်သူဖြစ်သွားတဲ့ သူကိုမခွဲချင်မခွာရက်ဖြစ်နေရတယ်လို့. . .။ အတွေးရင်နှင့် အားတင်းလိုက်ပါသည်။ ဘယ်သူပဲဖြစ်ဖြစ်ပေါ့. . . ခွဲကာနီးမှာ နှုတ်ဆက်စကားတော့ဆိုရပါမည်။

"အချိန်မီ သွားရမယ်ဆိုပေမယ့်. . . ကားကိုဖြည်းဖြည်းပဲ မောင်းသွားပါကို. . .။ ချစ်သူရဲ့စိတ်ကလေးနံဘေးမှာ ထည့်ပေးလိုက်မှာမို့ ခရီးလမ်းတစ်လျှောက် ခလုတ်မထိဆူးမငြိစေဖို့ စိတ်ချလိုက်ပါ့ မယ်ကို. ."

ရင်တစ်ခုလုံး ပျော်ဆင်းသွားပြီထင်၏။ ကျေနပ်ကြည်နူးစွာ နောင်လတ်ပြုံးလိုက်မိသည်။

"ခုချိန်မှာ ကိုယ့်ကားထဲမှာ တစ်စုံတစ်ယောက်ပါလာရင်တော့ အဲဒီလူဟာ ကိုယ့်ကိုအရူးတစ်ယောက်ဆိုပြီး စိတ်ကုဆေးရုံကို တန်းပို့လိမ့်မယ်. . စကားသူ"

"ဘာဖြစ်လို့လဲ. . . ကို"

အံ့ဩစွာ စကားသူမေးတော့ နောင်လတ် "ဟက်"ကနဲ ရယ်သည်။

"ချစ်သူက နံဘေးမှာပါလာတယ်ဆိုပြီး ကားကိုဖြည်းဖြည်းမောင်းရင်း တစ်လမ်းလုံး ကိုယ်တစ်ယောက်တည်းစကားတွေ ပြောသွားမှာမို့လို့လေ"

ယောက်ျားတွေဟာ အဲလိုပဲလားမသိ။ စကားပွင့်တွေက ပျားရည်မြစ်ထဲမှာ စီးမြောနေသည်လေ. .။

"စကားသူရဲ့ဘေးမှာ ကိုယ်အမြဲရှိမနေနိုင်ပေမယ့် ကိုယ့်ကိုယ်စား 'နောင်ချစ်'က အမြဲရှိနေမှာပါ။ 'နောင်ချစ်'ဟာ နောင်လတ်ရဲ့နှလုံးသည်းပွတ်ပါစကားသူ. . ."

အလင်းမသာသော်လည်း အပျိုမလေး၏ ပါးပြင်ထက်မှာ နွေးဖိန်းပြေးဖြတ်သွားသော ရှက်ရိပ်ခြည်တွေကို နောင်လတ်ဖမ်းမိလိုက်သည်။ 'နောင်ချစ်'ကို သူမမြတ်နိုးပါသည်။





ယခုအချိန်ဆိုလျှင် 'နောင်ချစ်'သည် သူမအနီးမှာရပ်ထားသော Bus-2ထဲတွင် အနားယူအိပ်စက်နေပြီဖြစ်သည်။ မနက်ခင်းတုန်းက ဘုရားသို့ မသွားခင် 365 မှာကော်ဖီသောက်ကြစဉ်က ချစ်သူသည် သူမအားမွေးနေ့လက်ဆောင် ပေးခဲ့သည်။ ရေပန်းကလေးအပေါ်ထောင်တက်နေသော ဝေလငါးအမှတ်တံဆိပ်နှင့် အီတလီနိုင်ငံထုတ် BALENO အနက်ရောင် ခရီးသွားအိတ်တစ်လုံးဖြစ်သည်။ သည်အိတ်လေးကို ချစ်သူက နောင်အချိန်များစွာတိုင် ချစ်နေမည့်အမှတ်တရဟူသော အဓိပ္ပါယ်နှင့် 'နောင်ချစ်'ဟု အမည်ပေးထားသည်။

"ကဲ. . ကိုယ်သွားတော့မယ် စကားသူ. . . Good Night..."

"Night ...."

ကားဘီးတွေက ဖြည်းဖြည်းလည်ရင်းသူမနံဘေးမှ ရွေ့ရွေ့ဖြတ်လျက် မန္တလေးဘက်သို့ ဦးတည်သွားသည်။ ရပ်ကျန်ရစ်ခဲ့သောကောင်မလေးသည် ခြေလှမ်းတွေမစခင်မှာ ရှေ့တူရှုသို့ ဝေ့ကြည့်လိုက်၏။ ခရီးသည်တွေက ဆိုင်ထဲမှာ ဝမ်းဖြည့်နေကြဆဲ. . .။ ဆိုင်အပြင်ဘက် သစ်ရိပ်အောက် ပတ်လည်ခုံတန်းလေးဆီ အကြည့်အဝေ့လိုက်မှာတော့ မြင်ကွင်းတစ်ခု မျက်ဝန်းထဲရောက်လာ၏။ ခုံတန်းပေါ်မှာ ကောင်းကင်ကို မော့မော့မျှော်ကြည့်နေသော လူတစ်ယောက်. . .။

ဆံနွယ်မျှင်တွေက ပခုံးထက်တိုင် ပျော့စင်းကျနေသည်။ မျက်ခုံးထူထူ၊ နှုတ်ခမ်းမွေးရှည်ရှည်တွေ အောက်မှာရှည်လျား မုတ်ဆိတ်တွေကရင်ညွန့်သို့ကျနေသည်။

ရှားနှစ်ရောင်အင်္ကျီနှင့် လုံချည်ကို ဝတ်ဆင်ထားသည်။ အရှည်ကောင်းကျောက်စိမ်းပုတီးတစ်ကုံးက လက်မှာခရူပတ်နေရာယူထားသည်။ ဆင်းသွင်ကိုကြည့်လျက် အရွယ်ကိုခန့်မှန်း၍မရနိုင်သူ. . .။ သည်အခိုက်မှာပင် မျှော်ရီကြည့်နေသော သူမ၏မျက်ဝန်းတွေက ရွှေ့ရွှေ့မောင်းထွက်သွားသည့် ချစ်သူ၏ကားလေး တံ့ရပ်သွားရာမှ သူမရှိ



www.burmeseclassic.com

www.burmeseclassic.com



ရာသို့ နောက်ပြန်ဆုတ်လာသည်ကို မြင်တွေ့လိုက်ရသည်။ ပြောရန် စကားတစ်ခွန်းမေ့ကျန်ခဲ့ခြင်းကြောင့် ဖြစ်မည်ထင်၏။ ကားက အနား ရောက်လာသည်။ ပန်းသီးခြင်းကို ကိုင်ထားသော လက်တစ်ဘက်နှင့် နောင်လတ်၏မျက်နှာက ကားတံခါးမှ ထွက်လာသည်။

"ကိုယ်တို့နှစ်ယောက်လုံး ဒါကိုမေ့သွားခဲ့တယ်။ ကိုယ့်ကား ပေါ်မှာ မင်းရဲ့ပန်းသီးခြင်း မေ့ပါသွားတော့မလို့ကွ. . .။ နောက်ပြီး အရေးအကြီးဆုံး စကားတစ်ခွန်းပြောဖို့ ကျန်ခဲ့တယ် စကားသူ. . ."

ရင်ထဲမှာ ပန်းတွေအများကြီးပွင့်နေသော နောင်လတ်သည် ချစ်သူ၏မျက်နှာအား ရွှန်းရွှန်းစားစားကြည့်နေ၏။ ပြီးတော့ သူ့နှုတ်ခမ်း တွေ ပွင့်အံကျလာသည်။

"Happy Birthday ပါ စကားသူ. . အချိန်တိုင်းမှာပျော်ရွှင် ချမ်းမြေ့ပါစေလို့. . ."

ချစ်သူထံမှ အချိန်မြန်ဆုံးအပြုံးတစ်ခုရရှိလိုက်သည်။ ဘယ်လို ချစ်သူစုံတွဲလဲ မသိ။ ညဉ့်လယ်သန်းခေါင်စွန်းမှာမှ Happy Birthday ရယ်လို့. . .။ မောင်းထွက်သွားသော ကား၏နောက်မီးရဲရဲတွေကို ငေး ကြည့်လျက် သူမပြုံးမိလိုက်သည်။ ပန်းသီးခြင်းကို လက်မှာဆွဲကာ လှမ်း ရွှေ့သည်။ ပင်စည်ကိုဝိုင်းပတ်ထားသော ခုံတန်းလေးမှာသူမထိုင်သည်။

လက်တစ်ဆန့်အကွာမှာတော့ ဆံပင်ရှည်မုတ်ဆိတ်ရှည်ဖားလျားနှင့် ယောဂီဝတ်ဆရာကြီးရှိနေ၏။



ဘေးတစ်ဘက်ဆီမှာ

'Tiger' ဟူသော စတစ်ကာစာလုံးကြီးတွေ ကပ်ထားသည့် စိမ်းပုပ်သွေး 4 Wheels ကားကြီး သူမရှေ့မှာရပ်သွားသည်။ မန္တလေး ဘက်မှမောင်းလာခြင်းဖြစ်မည်။ ဆဋ္ဌမအာရုံက လှုပ်နိုးလိုက်ခြင်းပဲဖြစ် မည်။ အမှတ်မထင် လှမ်းကြည့်မိလိုက်စဉ်တွင် စူးရဲသော မျက်ဝန်းတွေ ကို ရင်ဆိုင်လိုက်ရသည်။ ဘာလဲ. . .?၊ ဘာကြီးလဲ. . .? ဒီအန်တီ ကြီး ဘာကြောင့် ငါ့ကိုစိုက်ကြည့်နေရတာလဲ. . .။

အစိမ်းပုပ်ရောင်ကားပေါ်မှာ အသက် (၄၀)သာသာ မိန်းမကြီး တစ်ယောက် ရှိနေသည်။ အနီးမိန်းမကြီးအား စကားသူမသိပါ။ ခက် သည်က မိန်းမကြီးသည် စကားသူအား မျက်တောင်မခတ် ကြည့်နေ ခြင်းပဲဖြစ်သည်။ တွေတွေငေးငေးကြီး ကြည့်နေသည့်မိန်းမကြီး၏ မျက်နှာထက်မှာ တဖြည်းဖြည်း ပြောင်းရွှေ့နေသော အရိပ်အခြည်ကို သူမ လိုက်မမီပါ. . .။ မိန်းမကြီး၏ နှုတ်ခမ်းတွေ ပြုံးသွားသည်။

ကားတံခါးဖွင့်ကာ သူမရှိရာ လှမ်းလာနေသည်။ လက်ထဲမှာ တစ်သိန်းအုပ်ဆယ်အုပ်တစ်စီး ပလတ်စတစ်အိတ်ထဲ ထည့်ဆွဲလာသည်။ တဒင်္ဂအချိန်အခိုက်မှာပင် သူမ၏ခေါင်းထဲမှာ Question Mark ဟူသော



www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းမှတ်တွေ ပြည့်သိပ်သွားသည်။ ဘာလဲ? . . . ငါနဲ့လည်း မသိဘဲနဲ့ ဘယ်လို အန်တီကြီးလဲ. . ဟား. . . ။

"အဘ. . . အဘ. . . အမလေး ဝမ်းသာလိုက်တာ အဘရယ်. . . ။ တိုက်တိုက်ဆိုင်ဆိုင် သမီးတော်နဲ့ ဒီမှာလာတွေ့ရတယ်လို့. . . ဒါဟာသမီးတော်တို့ အဘနဲ့ ပဋ္ဌာန်းဆက်ပါလို့ ဆိုရတာပေါ့. . ။ ဝမ်းသာလိုက်တာအဘရယ်. . ."

ဪ. . . မိမိဆီလာတာမဟုတ်ပါလား. . . ။ မိမိနံဘေးတစ်ဘက်မှာရှိသော ယောဂီဝတ်ဆရာကြီး ရှိရာသို့လာခြင်းပါလား။ ဖြစ်ရလေဟယ်. . . ။

သူမသည် အခြားမိန်းကလေးများလို စပ်စုတတ်သူလည်း မဟုတ်ပါ။ ဒါပေမယ့် . . . မိမိနံဘေးမှာဆိုတော့လည်း မမြင်ချင်လည်း မြင်နေရသည်၊ မကြားလိုလည်း ကြားနေရသည်။

မိန်းမကြီးသည် ဖိနပ်နှစ်ဘက်အား ချွတ်ကာ ပုဂ္ဂိုလ်ကြီး၏ရှေ့မှာ ကျိုးနွံ့ယို့ယို့ ရပ်နေရှာသည်။

"မယ်တော်ကြီး အခုဘယ်မှာရှိသလဲ သိချင်လို့ပါ အဘ. ."

"စစ်ကိုင်းတောင်ပေါ်မှာပါပဲဗျာ"

"ဒါဆို ဒီငွေလေး မယ်တော်ကြီးကို ကန်တော့ချင်လို့ပါ အဘ. . ။ အဘက အခု မယ်တော်ကြီးဆီကြွမှာမဟုတ်လား. . . ။ ဒါလေးကို မယ်တော်ကြီးဆီ အဘလက်ခံပြီး ယူသွားပေးပါအဘ. . ."

"ယူသွားလို့ မရပါဘူး ဒေါ်ရွှေညွန့်ရယ်. . . ။ ကျုပ်က အထက်စည်း စောင့်ထိန်းရတဲ့သူပါ. . . ။ တစ်နေ့အတွက် တစ်နပ်စာ ဝမ်းမီးငြိမ်းဖို့ထက်ပိုပြီး ဝတ္ထုငွေကို ကိုင်တွယ်ခွင့်မရှိပါဘူး. . . ။ ဟိုမှာခရီးသည်တွေ ကားပေါ်တက်နေကြပြီ ကျုပ်ကိုခွင့်ပြုပါဦးဗျာ. . ."

ခရီးသည်တွေ ကားပေါ်တက်ကုန်ကြပြီ။ စကားသူမတက်ဖြစ်သေးပါ။ Bus - 2 မှ ယာဉ်မောင်းနှင့် တာဝန်ခံကိုစောင့်ကာ အကြောင်း





ကြားရမည်။ Bus - 2 နှင့်လိုက်ပါမည့် ခရီးသွားကောင်မလေးသည် စော်ဘွားကြီးကုန်း အဝေးပြေးဂိတ်မှ Bus - 2 နှင့်တစ်ပါတည်း မစီးနင်းခဲ့ဘဲ လားရှိုးသို့ပြန်မည့် ချစ်သူကောင်ကလေး၏ ကားနှင့်ချစ်ခွန်းသီလျက် လိုက်လာခဲ့သည်။ ခရီးတစ်ထောက်နားရာ သည်ရပ်နားစခန်းရောက်လျှင် Bus - 2 ပေါ်သို့ ပြန်တက်မည်ဟု သူတို့သိထားခဲ့သည်။

"စောစောက အဘကို သမီးမြင်လိုက်တယ်မဟုတ်လား"

လက်မောင်းကို "ဖတ်"ကနဲ ပုတ်လျက် နံဘေးမှ ထွက်လာသော အသံကြောင့် သူမ၏အတွေးအိမ်ကလေး ဝုန်းကနဲ ပြိုကျသွားသည်။

"အဘရဲ့ အသက်ဘယ်လောက်ရှိမယ်ထင်လဲ. . . သမီး. . ခန့်မှန်းကြည့်စမ်း. . ."

"မပြောတတ်ပါဘူး အန်တီရယ်. . ."

"၆၇ နှစ်ရှိပြီ သမီးရဲ့"

"ရှင်"

"အံ့ဩသွားပြီ မဟုတ်လား သမီး. . . (၆၇)နှစ်ရှိပြီကွဲ့. . . မသိတဲ့သူကတော့ သုံးဆယ်လောက်လို့ ထင်ကြမှာပေါ့. . . ။ လောဘ ဒေါသကင်းစင်တဲ့ တရားသမားဆိုတော့ အရွယ်နုပျိုတာပေါ့ကွယ်"

ဟုတ်ပါ့မလား. . . ။ စကားသူဟာ သူများစကားကို ယုံလွယ်တတ်သူမဟုတ်ပါ။ ဒါပေမယ့် နည်းနည်းတော့ စိတ်ဝင်စားမိ၏။

"အဲဒီအဘက ဘာလဲ. . ? ဘယ်လိုအမျိုးအစားလဲအန်တီ"

မိန်းမကြီး မျက်မှောင်ကျုံ့သွားသည်။ အဖြေကိုချင့်ထောက်ဆင်ခြင်နေခြင်းဖြစ်သည်။

"အဲဒါ. . . ပြောရအခက်သားသမီးရယ်. . . အဘဘယ်က လာတယ်. . . ဘယ်မှာနေတယ်ဆိုတာ ဘယ်သူမှလည်း မသိကြဘူး. . . ။ ရောက်လေရာမှာ အချိန်ပြည့်တရား ရှုမှတ်နေတတ်တယ်. . . ။ အဲဒီလိုပဲ လှည့်ပတ်သွားလာနေရင်း လူတွေရဲ့အခက်အခဲတွေကို ကူညီပေး



www.burmeseclassic.com

www.burmeseclassic.com



တယ်. . .။ သူ့ရဲ့မယ်တော်ကြီးကျတော့ စစ်ကိုင်းတောင်မှာ သာသနာပြု နေတာ. . .။ အဘက ဘိုးတော်လည်းမဟုတ်ဘူး။ အင်း. . အကြားအမြင် လို့ပြောရင်တော့ နည်းနည်းနီးစပ်မယ်၊ လူတစ်ယောက်ရဲ့ ရှေ့ဖြစ်ကိုပဲ အာရုံမှာမြင်သလို ပြောတယ်. . .။ အံ့ဩဖို့ကောင်းတာကတော့ လူတစ်ယောက်ရဲ့ ရှေ့ဖြစ်ကံကြမ္မာဟာ အဘရဲ့နှုတ်မိန့်အတိုင်း တစ်ထပ်တည်း ဖြစ်လာတတ်တာပဲသမီး. . .။ အားလုံးကို ရတနာသုံးပါးဆည်းကပ်ခိုင်းပြီး ဂုဏ်တော်ပွားများခိုင်းတာပါပဲ။ အဲဒါဟာ ယတြာမဟုတ်ဘူး။ အကုသိုလ်အမှောင်ထုကြီးကို လျော့ချပစ်တာတဲ့လေ. . ."

"ဒါဆို. . အဲဒီအဘကို ကံကြမ္မာဖတ် ဆရာလို့ပြောရမယ်နဲ့ တူတယ်အန်တီ. . ."

"ဘယ်လို!. . . ကံကြမ္မာဖတ်ဆရာဟုတ်လား. .။ အေးလေ. . သမီးက ကံကြမ္မာဖတ်ဆရာဆိုတော့လည်း ကံကြမ္မာဖတ်ဆရာပဲပေါ့ကွယ်"

"ကံကြမ္မာဟာ လူတစ်ယောက်ရဲ့ ဘဝကိုသူ့ရဲ့လက်သီးဆုပ်ထဲမှာ ထည့်ထားတယ်. . ."တဲ့။ "လူဟာ ကံဇာတ်ဆရာရဲ့ ကြိုးဆွဲရာအတိုင်း စီးရွေ့မြောပါကြရတယ်. . ."တဲ့။

လက်မခံပါ. . .။ ဤအဆိုတွေကို စကားသူဆိုသော ကောင်မလေး လက်ခံ၍မရပါ။ အဲဒီအဆိုတွေကို လက်ခံလိုက်တာနဲ့ အဲဒီလူဟာ ဘဝမှာရှုံးနိမ့်ပြီးသားဖြစ်သွားပြီ. . .။ ကံက လူကို လုပ်တာ မဟုတ်ဘူး။ လူကသာ ကံကိုလုပ်တာ. . .။ အဆိုးတွေကို တွေ့ရတိုင်း ကံကို ရိုးမယ်ဖွဲ့ပုံချကြသူတွေဟာ ပျော့ညံ့တဲ့သူတွေ အော်တိုမစ်တစ် ဖြစ်သွားကြတာပဲ. .။

မျှော်လျှောက်ခြေလှမ်းတွေနှင့် တက်ကြွနေသော စကားသူသည် ကံကြမ္မာဆိုသည့် မမြင်ရသောအရာကို တွေးရင်းမြင်ပြင်းကပ်





လာသည်။ ကဲ! ကံကြမ္မာဆိုတဲ့ ကြိုးဆွဲဆရာရေ အခုချိန်ကစပြီး မင်းကို ငါစိန်ခေါ်လိုက်ပြီဟေ့. . .။

အခု ကားပေါ်ကို ငါတက်တော့မယ်. . .။

မင်းဘယ်လောက်များ ကြိုးဆွဲနိုင်မလဲ ကြည့်သေးတာပေါ့. .။ ကံကြမ္မာဖတ်ဆရာဟာ ကားပေါ်မှာရှိနေတယ်။ မင်းကြိုးဆွဲနိုင်တယ်ဆိုရင် ငါ့ကို အဲဒီကံကြမ္မာဖတ်ဆရာနဲ့ စကားပြောလို့ရတဲ့နေရာကို ဆွဲခေါ်ပို့လိုက်ပေတော့. . .။

သူမကားပေါ်သို့ တက်လိုက်သည်။ မောင်းနှင်သူ၏ နံဘေးရှိ အလယ်လမ်းနေရာထိပ်မှာ သူမရပ်လိုက်သည်။ သူမထိုင်ရမည့် ထိုင်ခုံနံပါတ်သည် (၁၅)ဖြစ်သည်။ ထိုင်ခုံနံပါတ် (၁၅)ရှိရာသို့ သူမလှမ်းကြည့်လိုက်သည်။

ယာဉ်တစ်စီးလုံးမှာ ထိုင်ခုံအားလုံး လူပြည့်နေသည်။ အလယ်ပိုင်းမှ ထိုင်ခုံနံပါတ် (၁၅)သာနေရာလွတ်နေသည်။ ထိုင်ခုံ (၁၅) ဘေးမှာရှိသော ထိုင်ခုံနံပါတ် (၁၆)ကို လှမ်းကြည့်လိုက်၏။ မျက်ဝန်းချင်းအကြည့်ဆုံသွားသည်။ ခန္ဓာကိုယ်တစ်ခုလုံးအား ဖောက်ထွက်သွားပြီဆင်ရသည့် စူးစူးမျက်လုံးများ သည်မျက်လုံးတွေရဲ့အောက်မှာ ပခုံးဆက်သို့ အိကျနေသော ဆံနွယ်မျှင်များ. . .၊ နှုတ်ခမ်းမွှေးရှည်ရှည်များ. . .၊ မုတ်ဆိတ်ရှည်များ. . .။ နောက်. . . ရှားညိုသွေး ယောဂီရောင် အင်္ကျီလက်ရှည်နှင့် လုံချည်အစုံ. . . .။

စကားသူသည် သူမ၏ဦးခေါင်းအား ညင်သွဲ့ရမ်းခါမိလိုက်ခြင်းနှင့်အတူ နဖူးပြင်အား မိမိဘာသာ "ဖတ်"ကနဲ ရိုက်ပစ်လိုက်မိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ကားသည် ညာ၏လက်ဖျံရိုးပေါ်မှာ တရိပ်ရိပ်ပြေးဖြတ်နေသည်။ ခရီးသည်တွေလည်း မျက်လွှာတံခါးတွေ ပိတ်ကြပြီ။ စကားသူ မမှေး စက်နိုင်ပါ။ သူ့ဘာသာရှိနေသော ကံကြမ္မာကို သူမ စတင် စိန်ခေါ်မိ လိုက်ပြီ။ ပွဲဦးမှာတပ်ဦးကျတော့ ရင်သည်ပို၍ ခံပြင်းလာသည်။ တဒင်္ဂ ဆုံတွေ့လိုက်ရသော အန်တီကြီး၏ စကားကိုသူမ၏နားထဲမှာ ပဲ့တင် ကြားယောင်မိပြန်သည်။

"အံ့သြဖို့ကောင်းတာကတော့ လူတစ်ယောက်ရဲ့ ရှေ့ဖြစ် ကံကြမ္မာဟာ အဘရဲ့နှုတ်မိန့်အတိုင်း တစ်ထပ်တည်းဖြစ်လာတတ်တာပဲ သမီး. . ."တဲ့. . .။

ဒါဟာ လက်ခံနိုင်ဖို့ ခက်ခဲတဲ့အရာပါ. . .။ တိုက်ဆိုင်မှုတွေ ပါပဲ။ အဲလိုပဲဖြစ်မှာပါ. . .။ အခုအချိန်မှာ ကံကြမ္မာဖတ်ဆရာဟာ ငါ့ဘေးမှာ ရှိနေပြီ. . .။

နောင်အခါမှာ ငါဘာတွေဖြစ်မလဲဆိုတာ သူက ဘယ်လိုများ ကြိုပြီး သိနိုင်မှာမို့လို့လဲ. . .။

တစ်ချက် တစ်ချက်မှာ ကံကြမ္မာဖတ်ဆရာအား မသိမသာ ဝေ့ဝဲကြည့်မိသည်။ မှုန်လဲ့ရီရီ ညဥ့်ကမ္ဘလာအား မျက်တောင်မခတ် စူးစူးရှုကြည့်နေသည်မှအပ ဘာမျှထူးခြားမှုမတွေ့ရ. . .။ စကားသူ၏ မျက်ဝန်းအကြည့်တွေသည် နံဘေးမှာချိတ်ဆွဲထားသော ပန်းသီးခြင်း ပေါ်သို့ စူးရောက်သွားသည်။ အတွေးတစ်ချက်က လျှပ်တစ်ခုနှယ် ခေါင်းထဲမှာ လက်ကနဲ လင်းဖြာသွားသည်။ ပန်းသီးခြင်းလေးကို သူမ ဖြုတ်ယူလိုက်၏။ အလှဆုံးပန်းသီးတစ်လုံးကို ရွေးထုတ်လိုက်သည်။ နံဘေးမှ ကံကြမ္မာဖတ်ဆရာဘက်သို့လှည့်ကာ အပြုံးတစ်ပွင့်နှင့်အတူ ပန်းသီးကို ကမ်းပေးလိုက်၏။

"ပန်းသီး စားပါဦး အဘ. . ."

ကံကြမ္မာဖတ်ဆရာသည် သူမကို စူးစူးကြည့်နေ၏။





နှုတ်ခမ်းကလေးမဆိုသလောက် ပြုံးသွားသည်မှအပ သူ၏ မျက်နှာမှာ ထူးခြားသော ပြောင်းလဲမှုကိုမတွေ့ရ။

"အဘ. . . ဥပုသ်ယူထားတယ်ကွယ့်"

"အယ်! ကန်တော့နော်. . ."

စကားသူ လျှာလေးထုတ်ဇက်လေးပုသွားသည်။ ဒါပေမယ့် ပန်းသီးကို ကိုင်ထားသောသူမ၏လက်ကိုတော့ မရုတ်ဖြစ်သေး။

"ဟိုလေ. . . ဒါလေးတော့ လက်ခံပါအဘ. . .။ အခုမဟုတ် ပေမယ့် နောက်ရက်မှာ စားလိုက်ပါ. . ."

"သာဓု. . . သာဓု. . . သာဓုပါဗျာ"

ကံကြမ္မာဖတ်ဆရာသည် သူမကမ်းပေးသော ပန်းသီးအား လက်ခံယူလိုက်ကာ သူ၏လွယ်အိတ်အညိုလေးထဲသို့ ထည့်လိုက်၏။ ပြီးတော့ မျက်နှာလွှဲသွားကာ အံ့ဆိုင်းမှုန်သီနေသော ညဥ့်လွှာရုံကြီး ကို စူးစူးရှုကြည့်နေလေသည်။ သည့်နောက် အကြာကြီးအေးစက် သွေ့ ခြောက်သွားကြပြန်သည်။ သူမ၏ဖြန့်ကြက်အတွေးတွေကလည်း ဆယ့် ငါးမိနစ်မျှသော အချိန်ခရီးအားဝါးမြိုပစ်ခဲ့ပြီ. . .။

"အဘ. . ."

တိုးတိုးအုပ်အုပ်ခေါ်သံကြောင့် ကံကြမ္မာဖတ်ဆရာ၏မျက်နှာ က သူမဘက်သို့ ဖြည်းဖြည်းလှည့်လာသည်။

"ဟိုလေ. . . သမီးသိချင်တာလေးတွေ မေးချင်လို့ပါ. . ."

ခေါင်းလေးပဲ ညိတ်ပြသည်။ မေးပါဆိုသည့်သဘောပေါ့. . .။

"ဟိုလေ. . . အဘရဲ့နာမည်ပေါ့. . ."

"နာမည်ဆိုတာ သတ်မှတ်ချက်တစ်ခုပါပဲ. . .။ နာမည်တစ်ခု ဟာ ဘယ်သူ့ကိုမဆိုပေးလို့ရတယ်. . .။ ဒါ ငါ့နာမည်ဆိုပြီး ဘယ်သူမှ အပိုင်စီးလို့မရဘူး။ ဘယ်သူမှမပိုင်ကြဘူး။ အဲဒါ မပိုင်တဲ့ နာမည်ဆို တာကြီးကို ဒါငါ့နာမည်လို့ အဘက အပိုင်စီးပြီး မပြောနိုင်ဘူးပါ. . .



www.burmeseclassic.com

www.burmeseclassic.com



ခွင့်လွှတ်ပါ. . ."

ပါးနပ်စွာ ရှန်းထွက်သွားခြင်းပဲလားမသိ။

"ဒါဆို အဘ အသက်ဘယ်လောက်ရှိပြီလဲဟင်"

"အသက်ဆိုတဲ့ အရာဟာလည်း အဲလိုပါပဲ. . .။ မနေ့က အသက်နဲ့ ဒီနေ့အသက်ဟာမတူဘူး။ ဒီနေ့အသက်နဲ့ မနက်ဖြန်အသက်ဟာလည်းမတူဘူး. . .။ စက္ကန့်တိုင်း မိနစ်တိုင်း ပြောင်းလဲနေတဲ့ အသက်ဆိုတဲ့ အပိုင်းအခြားကို ဘယ်သူတိတိကျကျ ပြောနိုင်မှာလဲ. . .။ အခု ပြောနေတဲ့အချိန်လေးမှာပဲ ငါတို့အသက်တစ်မိနစ်ပိုကြီးသွားကြပြီကွ. ."

ပါးပါးနပ်နပ် ရှောင်ထွက်သွားပြန်ပြီ။ သည်အတိုင်းဆိုလျှင် သူနှင့်ပတ်သက်၍ ဘာမျှသိရလိမ့်မည်မဟုတ်ဟု သူမသဘောပေါက်လိုက်၏။

"ဒါဆိုလည်း ဒီအချိန်ကစလို့ လာမယ့်ကာလတွေမှာ သမီး ဘာတွေဖြစ်မယ်ဆိုတာ အဘပြောနိုင်မလား"

ကံကြမ္မာဖတ်ဆရာကြီး ပြုံးသည်။ အဖြူရောင်အပြုံးတစ်ခု ဖြစ်သည်။ ရေခဲမြစ်တစ်ခုလိုပဲ ရင်ထဲသို့တိုင် စီးမြောသွားသည်။

"မြင်သလောက်တော့ ပြောမယ်. . .။ မှန်ခြင်း၊ မှားခြင်းကိုတော့ အချိန်က ဆုံးဖြတ်ပေးလိမ့်မယ်"

ပြောအပြီးမှာ မျက်လုံးတွေမှိတ်သွားသည်။ ကျောက်ရုပ်တစ်ရုပ်နှယ် မလှုပ်မယှက်. . .။ နောက်. . . မျက်လုံးတွေ ဖြည်းဖြည်း ပြန်ပွင့်လာ၏။

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"စကားသူ. . ."

"ဝန်းသိုစော်ဘွားကတော်ရဲ့ နာမည်ပဲ. .။ တော်ဝင်သွေးနွှယ်တဲ့ အမျိုးမြတ်သူတွေ ပေးလေ့ရှိတယ်. . ."

"မင်း. . . အသက်ဘယ်လောက်ရှိပြီလဲ. . ."

"ဒီနေ့ဟာ သမီးရဲ့မွေးနေ့ပါ. . .။ ဒီနေ့မှာ သမီးအသက်





နှစ်ဆယ်ပြည့်တယ်. . ."

သူမမေးခဲ့သော မေးခွန်းနှစ်ခုနှင့် သူမကိုပြန်မေးခံလိုက်ရသည်ကို စကားသူသတိပြုမိလိုက်သည်။ ဒါပေမယ့် စကားသူတိတိကျကျ ဖြေလိုက်သည်။ ကံကြမ္မာဖတ်ဆရာကြီးကလည်း တိတိကျကျမြင်နိုင်လိမ့်မည်လားမသိ. . .။

"မင်းနာမည်က နေ့နာမ်လည်း မကိုက်ပါလား. . .။ နာမည်က အင်္ဂါနာမ်. .။ ဒါပေမယ့် မင်းက တနင်္လာသမီးပေါ့. . .။ မင်းက ကံကြမ္မာကို မယုံကြည်တဲ့သူ. . .။ ကံဆိုတာ လူကလုပ်တာလို့ ခံယူထားတဲ့သူ. . .။ အခု မင်းမေးတာကလည်း ကံကြမ္မာကို ကြိုတင်ဟောကိန်းထုတ်တဲ့ ရှေ့ဖြစ်မနောအမြင်ကို လက်မခံလို့ မယုံကြည်လို့ မေးတာပါ။ ငါလည်း မင်းရဲ့ရှေ့ဖြစ်ကံကြမ္မာကိုပြောပြီးရင် နောက်ဘယ်သူ့ကိုမှ ရှေ့ဖြစ်ကို မကြည့်ပေးတော့ဘူး။ ဘယ်သူ့ကိုမှ ကံကြမ္မာကို ကြိုတင်ဖတ်မပြတော့ဘူး. . .။ ငါ့အတွက်. . . ဒါဟာ နောက်ဆုံးကံကြမ္မာဖတ် ခြင်းပါ. . ."

"အခုအချိန်ကစပြီး မင်းငါ့ကိုမေးလည်း မမေးနဲ့ ဖြေလည်း မဖြေပါနဲ့. . .။ ငါ့စကားဆုံးသွားတာနဲ့ မင်းနဲ့ငါရဲ့ စကားပြောခြင်းကလည်း ပြီးဆုံးသွားပြီ။ ရှေ့မှာ ကြုံတွေ့ရမယ့်ဖြစ်စဉ်တွေအတွက် ကံကြမ္မာနဲ့ပဲ မင်းဆက်စကားပြောပါ"

မျက်လုံးတွေမှိတ်သွားသည်။

အသက်ရှူသံသည် ပိုပြင်းလာ၏။

သည့်နောက်မှာတော့. . . .

ကံကြမ္မာ၏ အစီအစဉ်တကျ စိန်ခေါ်မှုအား သူမစတင် ကြားရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

“မင်းက မြန်မာလူမျိုးပါ. . .။ သွေးကတော့ မြန်မာသွေး မစစ်ဘူး။ မိခင်ဘက်က အဘိုးက အိုင်းရစ်သွေးနှောတယ်။ မိခင်က မြန်မာမိန်းကလေးဖြစ်ပေမယ့်. . . မင်းမှာကျတော့ အဖိုးရဲ့ အနွယ်က ပြန်ပေါ်လာတယ်။ အဲဒါက မင်းရဲ့မျက်လုံးနဲ့ အသားအရည်ပဲ. .”

သူမအံ့သြသွားသည်။ ဒါကို သူမမသိခဲ့ပါ. . .။ ဒါသည် ဖေဖေနှင့်သူမကြားမှာ ဖေဖေဖျောက်ပစ်ထားသော သူမ၏ မျိုးဆက်သွေးဖြစ်လိမ့်မည်။

“မင်းရဲ့စကားပြောတဲ့အသံက အသံကိုအားပြုတယ်. . .။ vocalism ပေ့ါ. . .။ အဲဒီတော့ မင်းဟာ vocalist ဖြစ်မယ်. . .။ ဂီတနဲ့ ဆက်နွယ်တဲ့ ပါရမီရှိတယ်။ အဆိုတော်ဖြစ်မယ်. .။ အခုအချိန်ကစပြီး ဝါသနာထုံရာ မင်းကြိုးစားမယ်. . .။ လေးနှစ်တာ ဖြတ်ကျော်ပြီးတဲ့ အခါမှာတော့ Famous နိုင်ငံကျော် အဆိုတော်ဖြစ်မယ်။ လွယ်လွယ်လေး ကျော်ဖြတ်ခဲ့ရမှာတော့ မဟုတ်ဘူး. . .”

နည်းနည်းတော့ ထူးဆန်းသည်။ သူမအဆိုဝါသနာပါသည်ကို တော်တော်များများ မသိကြ။ ဘာပဲဖြစ်ဖြစ်ပေ့ါ. . .။ ဒီစကားကတော့





သူမ၏ရည်ရွယ်ချက်ကို အင်အားတွေ ဝုန်းကနဲ ကြွတက်သွားစေသည်။

“မင်းဟာ မင်းရဲ့မွေးနေ့ကို တန်ဖိုးထားတယ်။ အသိအမှတ်ပြု လွန်းတယ်။ ရည်ရွယ်ပြီးသား ဆုံးဖြတ်ချက်တစ်ခုကို မွေးနေ့အထိ ဆွဲခေါ် တတ်တယ်။ အဲဒါဟာ အစီအစဉ်တစ်ကျစီမံထားပြီး တစ်ဖွတ်ထိုးလုပ် တတ်တဲ့ဉာဉ်ဆိုးပဲ. . .။ ဒါကိုသိလျက်နဲ့ မင်းဟာဆုပ်ကိုင်ထားတယ်။ ကိုယ့်ရဲ့ချစ်သူကိုတောင်မှ မွေးနေ့ကျမှ အဖြေပေးတဲ့ မိန်းကလေးလေ”

သူမမျက်နှာပေါ်မှာ ပန်းသွေးရိပ်နွေးပြေးဖြတ်သွားသည်။ အို. . . ဒါကိုဆရာကြီး ဘယ်လိုသိသလဲ. . .။

“မင်းအသက် နှစ်ဆယ်ပြည့်တဲ့မွေးနေ့မှာ ချစ်သူတစ်ယောက်ရ မယ်။ မင်းရဲ့ချစ်သူက တန်ဖိုးကြီးတဲ့မွေးနေ့လက်ဆောင်တစ်ခုပေးမယ်။ အဲဒီလက်ဆောင်ဟာ ရက်ပိုင်းအတွင်းမှာပဲ ပျောက်ဆုံးသွားမယ်. .”

“အဘ”ဟု သူမလွှတ်ကနဲအော်လိုက်မည် အလုပ်မှာသူမ စိတ်ကို ရုတ်ချည်းဘရိတ်အုပ်ပစ်လိုက်သည်။ ဘာမှစကားမပြောပါနဲ့ဟု ကံကြမ္မာဖတ်ဆရာကြီး ပြောထားသည်ကို သတိရလိုက်၍ ဖြစ်သည်။

“တစ်ပတ်အတွင်းမှာပဲ. . အဲဒီလက်ဆောင်ဟာ မင်းဆီကို ပြန် ရောက်လာမယ်။ မင်းမြင်ရုံမြင်ရမယ်။ သီတင်းပတ်လေးပတ်နေမှ အဲဒီ လက်ဆောင်ကို ကိုင်တွယ်ခွင့်ရမယ်”

“မင်းအသက် နှစ်ဆယ့်တစ်နှစ်နဲ့ ခုနစ်လမှာ မိခင်နဲ့ သေကွဲကွဲ မယ်။ အဲဒီအခါကျမှ မင်းဟာမိခင်ရဲ့ မေတ္တာကို ရင်နှင့်အမျှခံစားရမယ်”

တော်ပါပြီ. .။ ဒီမှာပဲရပ်လိုက်ပါတော့လို့ နှုတ်ကမထွက်မိ အောင်စိတ်ပျက်သွားသည်။ အခုနေ ဖေဖေနှင့်ဆွေမျိုးတွေသာ နံဘေး မှာရှိနေကြပါလျှင် ဒီဆရာကိုလည်းကုပ်မှ ဆွဲကိုင်ကာ ခေါ်သွားပြီး ဧည့်ခန်း ထဲမှာ ချိတ်ဆွဲထားသော မေမေ့ဓါတ်ပုံကြီးအောက်မှ ကမ္ပည်းစာကိုပြ ခိုင်းလိမ့်မည်။ “ချစ်ဇနီး. . သစ္စာသူ. . ၁၂. ၄. ၉၀ (သကြၤန်အကြိုနေ့) ကွယ် လွန်သည်” ဆိုတဲ့ စာတမ်းလေးပဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အသက်နှစ်ဆယ့်နှစ်နှစ်ပြည့်ပြီး လပိုင်းမှာ ဘဝကြီးထဲက ထွက်ပြေးချင်လောက်အောင်ပဲ ဂီတလောကကို မုန်းတီးပြီး စိတ်ဓါတ်က ဇီးရိုးအောက်ရောက်သွားမယ်. . .။ ဒဏ်ရာများစွာနဲ့ ကျိုးကြေနေတဲ့ လူတစ်ယောက်ပြန်ပြီး ရှန်းထနိုင်ဖို့အတွက် အဲဒီအချိန်မှာ အလိုအပ်ဆုံးအရာဟာစိတ်ဓာတ်ခွန်အားပဲ. . .။ မင်းရှန်းထလာနိုင်ခဲ့မယ်. ."

"ချစ်သူသက်တမ်း (၄)နှစ်ပြည့်တဲ့နေ့မှာ မင်းဟာချစ်သူ ကောင်ကလေးနဲ့ လက်ထပ်မယ်။ ဒါပေမယ့် လက်မထပ်ဖြစ်ဘူး။ မင်းတို့ မပေါင်းကြရဘူး။ လက်ထပ်ကာနီးမှာ လမ်းခွဲကြရမယ်။ အဆုံးသတ်မှာ ထင်မထားတဲ့ အပြောင်းအလဲကြီး ရုတ်တရက်ပြောင်းလဲသွားမယ်။ မင်းရင်ထဲမှာ မရှိတဲ့ ယောကျာ်းတစ်ယောက်ကို မင်းလက်ထပ်ရမယ်။ အဲဒီလူဟာ မင်းနံဘေးမှာ စစ်သူကြီးတစ်ယောက်လို အမြဲရှိနေတဲ့သူ။ လမ်းပြကြယ်တစ်စင်းလို ရှိနေတဲ့သူ. . .။ လျှို့ဝှက်ခြင်းတွေနဲ့ ပျော်မွေ့တဲ့သူ။ အဲဒီလူနဲ့ပဲ မင်းလက်ထပ်မယ်"

မျက်လုံးတွေ ပြန်ပွင့်လာသည်။ သူမကိုစူးစူးတစ်ချက်ကြည့်ကာ ပြုံးသည်။ နောက်. . . မျက်နှာလွှဲသွားသည်။ လက်မှာပတ်ထားသော ကျောက်စိမ်းပုတီးလေးကို ချွတ်ယူလိုက်သည်။

သည့်နောက်မှာတော့. . . .

ကံကြမ္မာဖတ်ဆရာသည် ပုတီးကို ဆက်စိပ်နေသည်။

စကားသူသည် မယုံကြည်သော ကံကြမ္မာကို ပြက်ရယ်ပြုလျှက် ဖွဖွလေးရယ်နေမိ၏။

ကားသည် ည၏လက်ဖျံရိုးပေါ်မှာ တရိပ်ရိပ်ပြေးဖြတ်နေသည်။ အရာအားလုံးသည် စက်ဝိုင်းကြီးတစ်ခုထဲမှာ သူ့ပြေးလမ်းနှင့်သူ ရှိနေကြလေသည်။

■



# အခန်း (၂)

?

www.burmeseclassic.com

www.burmeseclassic.com

မြားသမားနှစ်ဦးဟာ
ကောင်းကင်ကို မော့ကြည့်ပြီး
ရုတ်တရက်ပဲ မြားတွေကို
ပစ်လွှတ်လိုက်တယ်။
မြားနှစ်စင်းဟာ လေထဲမှာ
"ဒေါင်"ကနဲ မြားခေါင်းနှစ်ခု
ထိခတ်ပြီး မီးပွင့်သွားတယ်. . .။
လူတွေက. . .
ဒါဟာ 'တိုက်ဆိုင်မှု'လို့
သတ်မှတ်ကြတယ်. . ။
လူတွေက အဲလို 'တိုက်ဆိုင်မှု'လို့
အပြောခံရဖို့အတွက် လေထဲက
မမြင်ရတဲ့ပစ်မှတ်ကို
တိတိကျကျ ထိမှန်အောင်
မြားသမားနှစ်ဦးဟာ
ဘယ်လောက်များ
လေ့ကျင့်ခဲ့ရပါသလဲ?



မန္တလေးကိုရောက်ပြီ. . .။

ကျွဲဆည်ကန်ကားကြီးကွင်း ယာဉ်ရပ်နားစခန်းက ဂိတ်မှာ ကားရပ်လိုက်သည်နှင့် စကားသူထိုင်ရာမှ ထလိုက်သည်။ အလယ်လူသွားလမ်းမှာ ဆင်းတော့မည့် ခရီးသည်တွေက မတ်တပ်အနေအထားမှာ. . .။ သူမက နံဘေးလူသွားလမ်းမှာ ချထားမိသော သူမ၏ BALENO ခရီး သွားအိတ်လေးကို ဆွဲကိုင်လိုက်သည်။ အိတ်ကလေးကိုကြည့်ကာ စိတ်ထဲမှ ပြောမိလိုက်သည်။

" Sorry နော်ချစ်ရယ်. . နင့်ကို ငါပစ်ထားခဲ့မိတယ်. . .။ တို့ရဲ့ကိုယ်စား နင်ကမင့်ါနံဘေးမှာ အမြဲရှိနေမယ့်သူလေ. . ."

မန္တလေးမြေပေါ်မှာ ခြေစုံရပ်မိပြီ။ မျက်ဝန်းတွေက ဝင့်ဝင့်. .။ သူ့ဟန်က ကြွကြွ. .။ သူမပုံစံက နံနက်နေခြည်အောက်မှာ လန်းဆတ်ရှုံ့တွေနှင့် မော်ကြွားလှပနေသည့် သမင်ပျိုမနှယ်. . .။

သူမကို မြင်သည်နှင့် ဖေဖေသည် ခရီးသည်ကြိုသူများကြားမှ ထွက်လာ၏။ ဖေဖေ့မျက်လုံးထဲမှာတော့ သူမသည် ကလေးတစ်ယောက်သာ ဖြစ်နေပါလိမ့်မည်။

"ဖေဖေ နေကောင်းတယ်နော်. . ."



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေခေါင်းညိတ်သည်။

"ချစ်သူနဲ့ တွေ့ခဲ့တဲ့ မိန်းကလေးတစ်ယောက်ဟာ နှင်းရည်ဝနေတဲ့ နံနက်ခင်းရဲ့ ပန်းတစ်ပွင့်လိုပဲတဲ့. .။ ဖေဖေလည်း ဖေဖေ့သမီးကို နံနက်ခင်းရဲ့ ပန်းလေးတစ်ပွင့်လိုမြင်နေမိပါလားဟေ့. . ."

ဖေဖေ့စကားကြောင့် ပန်းနုသွေးနှင်းဆီတစ်ခင်း သူမ၏ ပါးပြင်ထက်မှာ ပြေးဖြတ်သွားသည်။ စကားသူ ခေါင်းငုံ့သွား၏။ ဖေဖေ့ရှေ့မှာ ပထမဆုံးအကြိမ် ရှက်မိခြင်းလည်းဖြစ်ပါမည်။

"ဖေဖေရော. . . ဒီမှာအဆင်ပြေရဲ့လား. ."

"မန္တလေးက ဖေဖေ့ဇာတိပဲ. .။ ဒီအဖိုးကြီးအတွက် ဘာမှပူစရာမလိုဘူး သမီး. . .။ နေထိုင်မကောင်းရင် ပြုစုပေးမယ့် သမီးရဲ့ မေမေအသစ်လေးတွေကလည်း အဆင်သင့်တန်းစီလို့ . ဟား. . ဟား. . ဟား. ."

သူမသိတာပေါ့။ အဲဒါဟာ ဖေဖေရယ်စရာပြောနေတယ် ဆိုတာလေ. . .။ မေမေဆုံးပြီးကတည်းက သားအဖနှစ်ယောက်တည်း မောင်းလာတဲ့ ယာဉ်ရထားပေါ်မှာ မေမေ ထိုင်ခုံလွတ်နေပေမယ့် ဘယ်သူ့ကိုမှ ဖေဖေရပ်မတင်ခဲ့ပါဘူး. .။

"သားအဖ အချင်းချင်းအကြောင်းသိတွေကြား လာပြီးကပ်ကြွားမနေနဲ့. . .။ ဖေဖေ့ကိုကြိုက်တဲ့အန်တီတွေက အကုန် Exapire Date တွေ မှီဝဲရန်မသင့် ချိုကျိုးနားရွက်ပဲ့တွေချည်းပဲ. .။ အဲဒါတွေတောင်မှ ဖေဖေ့ကိုချစ်တာမဟုတ်ဘူး. . .။ ဖေဖေ့ရဲ့ဥစ္စာဓနကိုချစ်တာ. . ."

"အမလေးဗျာ. . ငါ့ရဲ့ရင်ခုန်ပွင့်လေးတွေကိုများ ချိုးချိုးဖဲ့ဖဲ့ပြောရက်လိုက်တာဗျာ. . ဟား. . . ဟား. . . ဟား. . ."

သားအဖနှစ်ယောက် စ၊ နောက်၊ ရယ်သွမ်းသွေးရင်းနှင့် ဖေဖေ့ကရီနာကားလေးရှိရာရောက်လာသည်။ "နောင်ချစ်"ဟုနာမည်ပေးထားသော အနက်ရောင် BALENO ခရီးသွားအိတ်လေးကို သူမက နောက်ခန်းထဲ ထည့်လိုက်သည်။





သည်အချိန်ထိတော့ BALENO အိတ်လေးသူမအနီးမှာရှိနေဆဲဆိုသည်ကို သူမသတိမပြုမိ မေ့လျော့နေမိ၏။ ဖေဖေ့တိုက်ကိုရောက်ကာမှ သူမရင်သည် 'ဟာ'ကနဲ ဖိုလှိုက်သွားသည်။ မည်သည့်နေရာမှာ မှားယွင်းခဲ့သည်ကို သူမစဉ်းစားလို့မရ။ သူမမြတ်နိုးသော BALENO ခရီးသွားအိတ်လေးသည်ကား သတိပြုမိသောအခါ၌ သူမအနီးမှ မှားယွင်းစွာပျောက်ဆုံးခဲ့ပြီ ဖြစ်ပါသည်။

"ဖေဖေရေ. . ဖေဖေ. . . လာပါဦး"

စကားသူ၏ အထိတ်တလန့် အော်သံကြောင့် ဖေဖေသည် သူမ၏ အခန်းသို့ရောက်လာ၏။ ကုတင်ပေါ်မှာ ချထားသော အနက်ရောင်ခရီးသွားအိတ်လေးကို အံ့ဩငေးကြောင်ကြည့်နေသော သမီးချစ်ကို တွေ့လိုက်ရသည်။ အိတ်အနီးမှာ ပြန့်ချထားသည့် ပစ္စည်းတွေက သွားတိုက်ဆေး၊ သွားတိုက်တံ၊ မျက်နှာသစ်ဆပ်ပြာခရင် Facial Foam တစ်ဗူးနှင့် Tissue တစ်ထုပ်. . .။

"အိတ်. . . အိတ်လေ. . .၊ အိတ်ချင်းမှားသွားပြီ. . . ဒါ. . သမီးအိတ်မဟုတ်ဘူး ဖေဖေ. . ."

"ဟုတ်ရဲ့လားသမီးရယ်. . .။ သေချာဖွင့်ကြည့်ပါဦး"

"သော့ခတ်ထားတာလေ. .။ သမီးအိတ်လည်း သော့ခတ်ထားတာပဲ. .၊ မခတ်ဘူးထားဦး သူများအိတ်ကိုတော့ သမီးဖွင့် မကြည့်ချင်ဘူးဖေဖေ. . အရောင်ရော အိတ်ရော တစ်ပုံစံတည်းပဲ ဖေဖေ. . ."

"သမီးက အိတ်ကိုဘယ်မှာချထားလို့လဲ. . ."

"Luggage မလုပ်ဘူး။ ဘေးမှာပဲချထားတာဖေဖေ"

"ဒါဆိုလည်း သမီးဘေးကကောင်မလေးနဲ့မှားတာဖြစ်မှာပေါ့"

"သမီးဘေးက ကောင်မလေးမဟုတ်ဘူး။ နောက်ပြီးသူ့မှာလည်း



www.burmeseclassic.com

www.burmeseclassic.com



ယောဂီလွယ်အိတ်လေးပဲလွယ်ထားတာ၊ ယောဂီဝတ်စုံနဲ့ ယောဂီလိုလို ဘိုးတော်လိုလိုနဲ့ ကံကြမ္မာဖတ်တဲ့. . အဲ. . "

သူမသတိရလိုက်ပြီ။ နှုတ်ခမ်းလေး ဝိုင်းသွားသည်။ ကံကြမ္မာဖတ်ဆရာကြီး၏ စကားသံက အာရုံမှာပြန်လည်ဝင်ရောက်လာသည်။

"မင်းရဲ့ချစ်သူက တန်ဖိုးကြီးတဲ့ မွေးနေ့လက်ဆောင်တစ်ခု ပေးမယ်၊ အဲဒီလက်ဆောင်က ရက်ပိုင်းအတွင်းမှာပဲ ပျောက်ဆုံးသွားမယ်. . . "တဲ့။ သူမ အံ့ဩသွားသည်။

"မှန်နေပြီလား. . . ။ ဒါဆို သူပြောသလိုဖြစ်နေပြီလား. . . ။ မဟုတ်ပါဘူး. . ။ ဒါဟာ တိုက်ဆိုင်တာပဲဖြစ်မှာပါ. . . ဟုတ်တယ် မဟုတ်လား. . ဖေဖေ"

သူမ၏စကားကို ဖေဖေနားလည်ရှာမည်မဟုတ်ပါ။ ဖေဖေသည် သူမကို ငေးကြောင်ကြည့်နေလေသည်။

"ဒါ သူ့ပစ္စည်းတွေလား. . ။ ဒီသွားတိုက်တံ၊ သွားတိုက်ဆေးတွေက ဘယ်ကထွက်လာတာလဲ. . . ။ အားလုံးကတော့ အသစ်တွေချည်းပဲသမီး. . . "

"အဲဒါ. . သူ့ဘေးအိတ်ထဲက ပစ္စည်းတွေလေ ဒုက္ခပါပဲ. . . ။ ဘယ်လိုပြန်လဲရမလဲ. . . ။ 'နောင်ချစ်'လေး သနားပါတယ်. . "

"ကိုယ်က အိတ်တစ်လုံးလုံး ပျောက်နေတာကို ဘယ်က 'နောင်ချစ်'ကို သွားသနားနေရတာလဲ. . . ၊ 'နောင်ချစ်'ဆိုတာ အခုသမီးရဲ့ကောင်လေး နာမည်လား. . . "

"အာ. . . မဟုတ်ပါဘူး. . . ။ 'နောင်ချစ်'ဆိုတာအခု ပျောက်သွားတဲ့အိတ်ပါ"

ဖေဖေ့ထံမှ သက်ပြင်းချသံကြားရသည်။

"ဂိတ်ကို သွားပြောလည်း Luggage မလုပ်တဲ့အတွက် မှားယွင်းမှုက သူတို့တာဝန်ကင်းတယ်။ ဒါက သမီးရဲ့ပေါ့လျော့မှုပဲ"





"သမီးပေါ့လျော့တာမဟုတ်ပါဘူး. . ။ အဲဒါက သမီးချစ်သူက မွေးနေ့လက်ဆောင်ပေးထားတာပါ။ သူက အဲဒါကို သမီးအနားမှာ အမြဲရှိနေပါ ဆိုလို့ပါ. . . "

"အလိုလေးဗျာ. . . ကဲလှချည့်လား. . ။ ဝမ်းသာလိုက်တာ. . အိတ်မှားသွားတာ နည်းတောင်နည်းသေးတယ်။ မပူနဲ့သမီး ဖေဖေဆုတောင်းပေးမယ်. . . ။ ကျေးဇူးပြု၍ ပြန်မရပါစေနဲ့. . လုံးဝ စုပ်စမြုပ်စ ပျောက်သွားပါစေလို့"

ဖေဖေ့ အငေါ့အရယ်စကားကြောင့် သူမတစ်စုံတစ်ရာကို သတိရလိုက်မိပြန်သည်။ သူမမျက်နှာလေး လင်းပသွား၏။

"တစ်ပတ်အတွင်းမှာပဲ အဲဒီလက်ဆောင်ဟာ မင်းဆီကို ပြန်ရောက်လာမယ်. . . "တဲ့ ကံကြမ္မာဖတ်ဆရာကြီး၏ စကားကို သူမပြန်ပြီး ကြားယောင်မိလိုက်သည်။

"ဟာ. . ဟုတ်ပြီ. . . ။ စိတ်မပူနဲ့ဖေဖေ. . ။ သမီးရဲ့အိတ်က တစ်ပတ်အတွင်း သမီးဆီပြန်ရောက်လာမှာပဲ. . နှစ်ရက် သုံးရက်အတွင်း"

"သမီးကို ဘယ်သူပြောလဲ. . . "

"အကြားအမြင်ပုဂ္ဂိုလ်. . . အဲ. . ဟို. . ကံကြမ္မာဖတ်တဲ့ ဆရာအဲ. . မဟုတ်သေးပါဘူး. . အဲဒါဆိုရင် သူပြောသလို မှန်နေမှာပေါ့. . ပြဿနာပဲ ဖေဖေရာ. . . "

နောင်ချစ်ကိုလည်း ပြန်ရချင်သည်။ သူပြောသလိုလည်း မမှန်စေချင်။ အား. . . စိတ်ရှုပ်လိုက်တာဟယ်. . . ။

ဖေဖေသည် စကားသူအား မျက်မှောင်ကျုံ့လျက် တွေဝေငေးကြီး ကြည့်နေ၏။ အမြဲတစေ ဖျတ်လတ်တက်ကြွနေသော သမီးချစ်သည် ဘယ်အမှောင့်ကြောင့်များ ယခုလို စိတ်ရှုပ်ထွေးနေသည်မသိ. . . ။

"ကဲပါ. . ကျောင်းအစ်မရယ်. . . ။ အခုပဲဂိတ်ကို သွားတိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com



ရအောင်. . အဲဒါက အကောင်းဆုံးနည်းလမ်းပါပဲ. . . ”

“သွားမနေတော့ပါဘူး ဖေဖေရာ. . . ဖုန်းပဲဆက်ပြီး အကြောင်းကြားလိုက်မယ်လေ. . . ”

“ဖုန်းက စကားပဲပြောလို့ရမယ်. . .။ ဒီအိတ်ကြီး ထည့်ပေးလို့ရမှာမဟုတ်ဘူး. .။ ကိုယ့်တစ်ဘက်တည်းကိုပဲ မကြည့်နဲ့. .။ တစ်ဘက်ကိုလည်းကြည့်ဦး။ သူ့ခမြာဒီထဲမှာ အရေးကြီးတဲ့ ကိစ္စပါချင်ပါနေမယ် မပြောနိုင်ဘူး။ ကဲ. . အဲဒီအိတ်ပါယူခဲ့. . .။ ဂိတ်ကိုပဲ သွားလိုက်ကြရအောင်. . . ”

သူ့ပစ္စည်းတွေကို ဘေးအိတ်ထဲပြန်ထည့်ကာ အိတ်ကိုဆောင့်ကြီးအောင့်ကြီးနှင့်သူမဆွဲလာခဲ့သည်။ ပြီးတော့ ဖေဖေနှင့်အတူ ကျွဲဆည်ကန်အဝေးပြေးယာဉ်ရပ်နားစခန်းသို့ ထွက်လာခဲ့သည်။ အဝေးပြေးကားဂိတ်တွင်သူမအရင်ရောက်နှင့်နေသူက မည်သို့အမှာချေထားမည်ကို သူမမသိနိုင်သေးပါ။



“အခုလေးတင်ပဲ အဝင်အထွက်ကပ်လွဲသွားတာ အစ်မရယ်”

အကျိုးအကြောင်းကို ပြောအပြီးမှာ ပွင့်ထွက်လာသော ဂိတ်မှူးစာရင်းကိုင်မိန်းကလေး၏ တုံ့ပြန်မှုဖြစ်သည်။

“ကားပေါ်ကဆင်းမလို့ သူရပ်နေတုန်းမှာ အစ်မက သူ့အိတ်ကိုမှားဆွဲသွားတာတဲ့. . .။ သူကမြင်တယ်တဲ့. . . ကြည့်လိုက်တော့လည်း အိတ်က အတူတူဖြစ်နေတော့ သူမျက်စိမှားသွားတာမှတ်လို့တဲ့. . .။ သူ့အိတ်ထဲမှာ အရေးကြီးတဲ့ စာရွက်စာတမ်းတွေပါလို့ပါတဲ့. .။ သူလည်းအိတ်ချင်းအမြန်လဲချင်နေတယ်. . . ”

“အဲဒါဆို အစ်မ ဘယ်လိုဆက်သွယ်ရမလဲ. . .။ သူ့မှာ ဟန်းဖုန်းပါလား. . ဟန်းဖုန်းနံပါတ်ပေးသွားလား. . . ”

“ဟန်းဖုန်းတော့ပါတယ်. .။ ဒါပေမယ့် သူ့ဖုန်းနံပါတ်ကသူများ ကိုပေးလို့မရလို့ပါတဲ့. . အဲဒါ အစ်မရဲ့ နာမည်နဲ့ ဖုန်းနံပါတ်ကို ဒီမှာပေးခဲ့ပါတဲ့။ သူသိပ်အလုပ်ရှုပ်နေလို့ ဒီကိုကြုံသလိုဝင်ယူပြီးဆက်သွယ်လိုက်ပါ့မယ်. . . တဲ့. . . ”

စောစောကတည်းက တစ်ခါတည်းပြီးရမယ့်ကိစ္စ. . .။ အခုတော့ အလုပ်ပိုရပြီ. . .။ စကားသူက စာရွက်တစ်ရွက်ပေါ်မှာ သူမ၏



www.burmeseclassic.com

www.burmeseclassic.com



နာမည်နှင့် ဖုန်းနံပါတ်ကို ရေးပေးလိုက်သည်။

"ဟိုလေ. . အစ်မ။ အစ်မရဲ့ မိဘနှစ်ပါးရဲ့နာမည်၊ အစ်မရဲ့ နေရပ်လိပ်စာ။ အစ်မရဲ့ မှတ်ပုံတင်နံပါတ်လေးပါ ရေးပေးပါတဲ့. . ."

စကားသူ ထောင်းကနဲ ဒေါသဖြစ်သွားသည်။

"မလိုပါဘူး. . . အဲဒါတွေဘာဆိုင်လို့လဲ. . . ဖုန်းနံပါတ်လောက် ဆိုရပြီပဲ. . ."

"အဲလိုတောင်းရတာက အစ်မရဲ့အိတ်ထဲမှာ ဘာတွေရှိမှန်း မသိလို့။ သူ့မှာတာဝန်ကြီးလို့ပါတဲ့. . မှာသွားပါတယ်အစ်မ"

သည်စကားကြောင့် တင်းသွားသော ဖေဖေ့မျက်နှာပင် ပြေလျော့သွားသည်။

"ဟုတ်တယ်သမီး ရေးပေးခဲ့ပါ။ ဒါဟာလုပ်ငန်းကြီးသမား တစ်ယောက်ရဲ့ အမူအကျင့်ပဲ။ သူပြောတာမှန်ပါတယ်။ သမီးအတွက်လည်း အန္တရာယ်မရှိပါဘူး။"

ဖေဖေ့စကားကြောင့် ကောင်မလေးထံမှ 'ခွိ'ခနဲ ရယ်သံထွက်သွားသည်။ မိဘအမည်၊ နေရပ်လိပ်စာ၊ မှတ်ပုံတင်အမှတ်ဖြည့်စွက် ရေးအပြီးမှာ စကားသူက စာရွက်လေးကို ကမ်းပေးလိုက်၏။ ဖေဖေက စိတ်မရှင်းဟန်နှင့် ကောင်မလေးကိုမေးလိုက်သည်။

"စောစောက ဦးပြောလိုက်တဲ့အထဲမှာ ရယ်စရာပါသွားလို့လား ကိုယ့်သမီးလို သဘောထားပြီးမေးတာပါကွယ်. . ."

ကောင်မလေးက ပိုပြီးရယ်သွားသည်။

"ဦးက လုပ်ငန်းကြီးသမားဆိုလို့ပါ. . .။ သူ့ပုံစံက အဲလိုမျိုး မဟုတ်လောက်ပါဘူး. . .။ သူ့ပုံစံက ဘယ်လိုလဲဆိုတော့. . ."

"ဘယ်လိုပုံစံလဲ. . ပြောပြပါဦးညီမ"

ဒီတစ်ခါသိချင်သူမှာ စကားသူဖြစ်ပါသည်။

"ဆံပင်ရှည်ရှည်၊ သွားခေါခေါ၊ မျက်မှန်က ပုလင်းဖင်ကြီးနဲ့





အသံသြောင်သြောင်၊ လူကညက်ညက်၊ အရပ်ကလည်းသုံးပေမှပြည့်ရဲ့ လားမသိ၊ ပေါကြောင်ကြောင်နဲ့. . ."

"သွားကြရအောင်ဖေဖေ"

ဖေဖေ့လက်ကိုဆွဲကာ စိတ်တိုတိုနှင့် ထွက်လာခဲ့သည်။

သူမ ဒေါသထွက်နေ၏။

ဤသည်ကို ကြည့်ကာ ဖေဖေရယ်နေလေ၏။

နေ့ခင်းနှစ်နာရီ အချိန်မှာတော့ စကားသူ၏ ဖုန်းကလေး ထမြည်လာ၏။ ကြည့်လိုက်တော့ နံပါတ်ကစိမ်းနေ၏။ လမ်းဘေးမှ PCO ဖုန်းတစ်လုံးဖြစ်ပါလိမ့်မည်။ သူမဖုန်းကို ဖွင့်လိုက်သည်။

"ဟယ်လို! ပြောပါ. . . ကျွန်မ စကားသူပါ"

"စကားသူလား. . စကားသူအစစ်လား၊ ဒါဆိုပြောပါ မင်းရဲ့ မှတ်ပုံတင်နံပါတ်လေး. . စိတ်မရှိပါနဲ့. . ."

သြောင်သြောင်စူးစူးအသံကြောင့် စကားသူမျက်နှာလေးမဲ့သွားသည်။ သူမသိလိုက်ပြီ၊ ဒီလူသည် သူမနှင့်အိတ်ချင်းမှားသွားသူပဲဖြစ် လိမ့်မည်။ သည်မိန်းကလေးက အထိအရှမခံသော အစွယ်လေးနှင့် ဆိုသည်ကို ဒီလူမသိ၍ပဲဖြစ်မည်။

"ဒီမှာ ရှူးသလိုကြောင်သလို လာလုပ်မနေနဲ့. . .။ ရှင်နဲ့အိတ် ချင်းလဲဖို့ ကျွန်မဖုန်းနံပါတ်ပေးခဲ့လို့ ရှင်အခုဆက်နေပြီမဟုတ်လား။ ဘယ်နေရာကို အိတ်ချင်းလာလဲရမလဲဆိုတာပဲပြော. . ."

"အိုး. . ချစ်စရာကောင်းတဲ့မိန်းကလေး။ ဂျင်ဆန်းမီလေး။ ဒေါသတွေကို နှလုံးသားရဲ့အနက်ရှိုင်းဆုံးမှာ ပြာချပြီး မြှုပ်နှံပစ်လိုက်ပါ။ ချစ်ခြင်းနဲ့ အေးမြပါစေ. . ."

"မင်းပြုံးရင် ပန်းတွေပွင့်ပါတယ်ချစ်သူ။ ခုချိန်မှာ ကိုယ်အမျှော်



www.burmeseclassic.com

www.burmeseclassic.com



လင့်ဆုံး အရာကတော့ ချိုမြိန်ခြင်းမှာ စီးမျောနေတဲ့ မင်းရဲ့နှုတ်ခမ်းလေးပါပဲ စကားသူ. . ."

သူမအတော်လေးကို စိတ်ညစ်ညူးသွားသည်။ ဘယ်လို သတ္တဝါလဲ. .။ ဦးနှောက်ရော ကောင်းရဲ့လားမသိ။ ဒါပေမယ့် စကားသူကိုဒီလို ရှုးပေါပေါလုပ်လို့ ဘယ်လိုများရနိုင်ပါလို့လဲ. . .။

"ဒီမှာ အရှုးအပေါစကားတွေကို ဆက်မကြားချင်ဘူး. .။ အိတ်ချင်းဘယ်မှာ လာလဲရမလဲဆိုတာပဲပြော. .။ မလဲချင်လည်းရတယ်။ အဲလိုအိတ်မျိုးလောက်ကတော့ စာဖွဲ့မနေဘူး။ အဲလိုမျိုး ဆယ်အိတ်မကရှိတယ်။ နားလည်လား"

တစ်ဘက်မှ ငြိမ်သွားသည်။ စကားသူပြုံးလိုက်၏။ မှတ်ပြီလား။ အဲဒီလို ခပ်တင်းတင်းလုပ်ပစ်လိုက်မှ အမြီးကုပ်သွားတာလေ. . .။ စကားသူကျေနပ်စွာ ရယ်မောလျက် ခပ်ရိရိပြောလိုက်၏။

"ဟယ်လို! ဩော်. . အသက်မှရှိသေးရဲ့လား. . .။ ဟဲလို! ပြောတာကြားလား. . .။ ဘာလို့ငြိမ်သွားတာလဲ. . ."

"ငြိမ်တာမဟုတ်ပါဘူး။ ကြီးဒေါ်မကုလားမရယ်. . .။ စဉ်းစားနေတာပါ။ မင်းက ဆယ်အိတ်မကရှိတယ်ဆိုလို့. . ငါ့မှာဘယ်နှစ်အိတ်ရှိလဲစဉ်းစားနေတာ. . ငါ့မှာအဲလို BALENO အိတ် နှစ်ဆယ့်ရှစ်အိတ်ရှိတယ်။ ငါက Shopping Centre မှာ အိတ်ဆိုင်ဖွင့်ထားတာလေ။ သင်းကြူ သင်းကြူ စာဥသူရယ်၊ ဒါဆိုငါတို့အိတ်ချင်းမလဲခတော့ဘူး အလုပ်ရှုပ်သက်သာသွားပြီပေါ့နော်. . ."

စကားသူမျက်လုံးပြူးသွားသည်။ ဘုရား. . . ဘုရား. . ဒီရှုးပေါပေါက အိတ်ချင်းမလဲတော့ဘူးဆိုပါလား. .။

"ဒီမှာ. . ဒီမှာ. . ရှင်. . ရှင့်အိတ်ထဲမှာ အရေးကြီးတဲ့ စာရွက်စာတမ်းတွေပါတယ်ဆို. . အဲဒါဘယ်လိုလုပ်မလဲ"

"အဲဒါငါမှားပြောလိုက်တာ. . ဟီးဟီးဟီး စက္ကူစုတ်တွေပဲ





ပါတာရယ်၊ ဟေး. . ချစ်သူလေး အသည်းလေး အိတ်မလဲဖြစ်တော့ဘူးဆိုတော့ ဒီလိုလုပ်ကြရအောင်၊ မင်းက မင်းလက်ထဲက ငါ့အိတ်ကို ခါးနဲ့ခုတ်ထစ်ပြီး France မှာရှိတဲ့ ငါ့ချစ်သူ ရှာရာဗိုဖာဆီကိုပို့လိုက်၊ ငါလည်း မင်းရဲ့အိတ်ကိုခုတ်ထစ်ပြီး လားရှိုးက မင်းရဲ့ချစ်သူဆီကို ပို့လိုက်မယ်။ တာ့တာ. . .။ ဘိုင်ဘိုင်၊ ဂွတ်ညနေခင်း၊ ကောင်းသောအီးဗနင်းပါ. ."

"ရှင်!!! . . ."

သူမတစ်ကိုယ်လုံး 'ဒိန်း'ကနဲ မြောက်တက်သွားသလို ခံစားလိုက်ရသည်။ ပါးစပ်အဟောင်းသားနှင့် မှင်သက် ငေးကြောင်သွားသည်။ သတိဝင်ကာ တစ်ဘက်ကို နားစိုက်လိုက်တော့ ဟိုဘက်က ဖုန်းချသွားပြီဖြစ်သည်။

အတွေးတစ်ချက်ခေါင်းထဲဝင်လာသည်။ ဖုန်းမှာပေါ်သောနံပါတ်ကို သူမပြန်ခေါ်လိုက်သည်။ တစ်ဘက်မှ ဖုန်းကိုင်လိုက်သည်။ "ဟုတ်ကဲ့ပြောပါ"ဟူသော တုံ့ပြန်သံကို ကြားလိုက်ရ၏။

"ကျေးဇူးပြုပြီး ကူညီပါရှင်. . .။ ကျွန်မခုနက ဖုန်းပြောတဲ့သူနဲ့ စကားပြောချင်လို့ပါ. . .။ အခုလေးတင် သူဆက်သွားတာလေ"

"ဩော်. . လူကောင်သေးသေး အသံဩောင်ဩောင်နဲ့လူလား. .။ သူထွက်သွားပြီခင်ဗျ. . .။ ဧည့်သည်ပါဗျာ. . ."

"ဘယ်ဘက်ကိုထွက်သွားတာလဲရှင်. .။ ဘာနဲ့သွားတာလဲ. . ဒီဖုန်းကရော ဘယ်နေရာကပါလဲရှင်. ."

"အဲ. . ဒီဖုန်းက တမ္ဗဝတီကပါ. .။ အဲဒီလူက မန္တလေးတောင်ကို ဘယ်လိုသွားရမလဲလို့မေးတာတော့ ရှိတယ်ဗျ. . .။ ထော်လာဂျီနဲ့လာတဲ့သူမဟုတ်လား. . ."

"ထော်လာဂျီကို ကိုယ်တိုင်မောင်းလာတာ. .။ သူလက်ထဲမှာ အနက်ရောင် အိတ်တစ်လုံးဆွဲလာတယ်ဗျ. . ."

"ဟုတ်. . ဟုတ်ကဲ့. . ကျေးဇူးပါရှင်"



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းပိတ်လိုက် အပြီးမှာ ဆိုဖာပေါ်သို့ သူမအရုပ်ကြိုးပြတ် ပစ်ကျသွားပါလေတော့သည်။

● ● ●

ဘယ်လိုအကုသိုလ်အမှောင့်ကြောင့်များ သည်လို ရူးကြောင်ကြောင် လူနှင့် လာဆုံရသည်မသိ။ ပြောချင်စိတ်လည်းမရှိ။ ဘာဆက်လုပ်ရမှန်း လည်းမသိ။ နောက်ပြီး သည်လူက သူမအကြောင်းကိုလည်း သိနေပုံရ သည်။ ဒါသည် ရိုးသားမှုဟုတ်ပါမည်လား။ စဉ်းစားရင်း နုံးခွေလာခိုက် မှာ သူမ၏ဖုန်းကအသံမြည်လာသည်။

"ဟယ်လို!. . . ပြောပါရှင်"

"အိုး. . . Lucky Lady! အလွန်ကံကောင်းတဲ့မိန်းကလေး။ မင်း ကံကောင်းတယ်။ ငါစိတ်ပြောင်းသွားပြီ. . .။ မင်းဘယ်လိုစဉ်းစားလဲ"

စူးညှောင်ညှောင်အသံ. .၊ ဝမ်းသာရမည်လား. . ဝမ်းနည်းရ မည်လား. .။ စိတ်ရှုပ်သွားတာတော့ အမှန်ပင်. . .။

"ဒီမှာ. . . ရှင်ဘယ်လိုလူလဲ။ ဒါရှင်တမင်လုပ်နေတာ မဟုတ် လား. .။ ကျွန်မအကြောင်း စုံစမ်းပြီးမှ ရှင်ကျွန်မအိတ်ကို ခိုးသွားပြီး ဇာတ်လမ်းလုပ်တာမဟုတ်လား။ ဘာပဲဖြစ်ဖြစ် တောင်းပန်ပါတယ်ရှင်။ ကျွန်မတို့ အိတ်ချင်းပြန်လဲကြရအောင်ပါ. ."

"အိုး. . ရှစ်. . . ယူး. . စတူးပစ်. . မိုက်မဲလှချည်လား. .။ အိုး. . စိတ်မကောင်းဘူး လေဒီ. . .။ ဘာလို့ အဲလိုထင်ရတာလဲ. .။ ငါကျိန်ပြောရဲတယ်. .။ မင်းကသာငါ့အိတ်ကို အထက်မကြည့် အောက် မကြည့်နဲ့ မှားဆွဲသွားတာကွ. . . ခိုးရမယ့်အလုပ်ဆို ပျင်းလွန်းလို့ မိန်းမ တောင်မခိုး လူပျိုကြီးလုပ်နေတာ. . .။ မင်းမှာချစ်သူရှိတယ်။ အဲဒီ ငတက လားရှိုးမှာ။ ဒီထက်ငါပိုမသိဘူး။ မျက်လုံးစိမ်းတွေမှာ မျက်မှန် စိမ်းကြီးတပ်ပြီး အသည်းစိမ်းကြီးနဲ့ကြည့်. . သံသယလျှောင်အိမ်ကြီးထဲ





မှာ ကိုယ့်ကိုထည့်မထားပါနဲ့ ကြီးဒေါ်မကုလားမရယ်. . .။ ဟေး. . ချစ်သူလေး. . ဒီမယ်. . ချစ်သူကိုပြောစရာရှိတယ်။ စောစောတုန်းက ရှာရာဗိုဖာက ဖုန်းဆက်တယ်။ သူ့ချစ်လက်ဆောင် BALENO အိတ် လေးကိုတော့ ဓါးနဲ့ခုတ်အပိုင်းပိုင်း ထစ်ပစ်တာဟာ သူ့နှလုံးသားကို ဘစ်စစီ ခွဲခြေပစ်သလိုပါပဲတဲ့. . .။ သူ့ကိုတစ်ကြိမ်လောက်တော့ ကြိုးစား ခွင့်ပေးပါ. . လို့ အသနားခံရှာတယ်။ ဒါ့ကြောင့် အိတ်တွေကို ဓါးနဲ့ ခုတ်မပစ်တော့ဘဲ ပြန်လဲကြရအောင်. . ."

စကားသူပျော်သွားသည်။ တော်ပါသေးရဲ့။ ရူးပေါပေါက စိတ်ကောင်းဝင်သွားပေလို့. . .။

"ကျေးဇူးပဲ. . .။ ရှင့်နာမည်ဘယ်သူလဲ။ ရှင့်ပုံစံက ဘယ်လိုလဲ။ ကျွန်မဘယ်ကိုလာပြီး အိတ်ချင်းလဲရမလဲ"

"ငါ့နာမည်က မိုးထက်မြင့်သူ၊ ငါ့ရဲ့ ရုပ်နဲ့ စတိုင်လ်ကိုမြင်ရင် မင်းတဒင်္ဂတော့ အသက်ရှုရပ်သွားမယ်။ ဥမ္မာဒန္တီကိုမြင်တဲ့ သီပေါမင်း လိုဖြစ်သွားမယ်. ."

"ကျွတ်! ဥမ္မာဒန္တီက သိဝိမင်းပါ. . ."

"အေး. . အဲလိုပေါ့။ မင်း. . တိုက်ပေါ်မှာ မဟုတ်လား။ အပြင် ဘက်ဝရံတာကနေ မင်းတို့ခြံရှေ့က ကျောက်လမ်းပေါ် လှမ်းကြည့်လိုက်"

ဝင့်ရှိသရွေ့တော့ ခံလိုက်ပေဦးဟု သဘောပိုက်လျက် ဝရံတာ သို့ထွက်ကာ ခြံရှေ့သို့လှမ်းကြည့်လိုက်သည်။ စကားသူ 'ခွီ'ကနဲ ရယ် လိုက်မိ၏။ ဆံပင်ရှည်ရှည်၊ သွားခေါခေါ၊ ခေါင်းကြီးကိုယ်လှီ၊ အရပ်က သုံးပေသာသာပဲရှိမည့် ရယ်စရာဥပမိနှင့် ခပ်ကြောင်ကြောင်လူတစ်ယောက် လက်ထဲကအိတ်ကို ခုန်၍ မြှောက်ပြနေသည်။ သူမ၏အိတ်ကိုမြင်လိုက် ရပြီ။ နောင်ချစ်ကို သူမမြင်လိုက်ရပါပြီ။

"ချစ်သူ. . ချစ်သူလေး. . အသည်းလေး. . သတိထားလေ. .။ ကိုယ့်ကိုမြင်ပြီမဟုတ်လား. . .။ အိတ်ချင်းလဲကြရအောင်။ ကိုယ့်ကို



www.burmeseclassic.com

www.burmeseclassic.com



ချစ်ရင် ကိုယ့်အိတ်ကိုယူလာခဲ့ပြီး ခြံရှေ့ထွက်လာခဲ့ပါ. . မိန်းကလေး ဖုန်းကိုပိတ်လိုက်တော့ကွ. . ."

သူ့ဘာသာ ဘာပဲပြောပြောလေ. .။ နောင်ချစ်လေး ကိုယ့်လက်ထဲပြန်ရောက်ဖို့ပဲ အရေးကြီးသည်။ အိတ်ကိုလက်ထဲဆွဲကာ ခြံရှေ့သို့ ထွက်လာခဲ့သည်။ မိုးထက်မြင့်သူဆိုသောနာမည်နှင့်မအပ်စပ်လှသော ပေမမို၊ ဒေါက်မမိုသတ္တဝါက မျက်နှာတည်တည်နှင့်. . .။

"ဖြည်းဖြည်း. . . ဖြည်းဖြည်း. . . စကားသူ။ မသိတဲ့လူတွေက ငါတို့ကို ကားတစ်စီးနဲ့ အထုပ်အပိုးနဲ့ ခိုးရာလိုက်မှာလို့ ထင်နေကြလိမ့်မယ်. . ဟီး ဟီး ဟီး. . ."

အိတ်ချင်းလဲ အပြီးမှာ မိုးထက်မြင့်သူက ကိုရီးယားတွေလို လက်နှစ်ဘက်ဘေးကပ်၍ ခါးတစ်ဝက်ချိုးကာ အရိုအသေပေးသည်။ ခုတော့လည်း သူမဟုတ်သလိုပင်။

"အညာစရော် စကားသူရား. . .။ မင်္ဂလာပါစကားသူ. .။ တာဝန်အရ အခုလိုရှုပ်ကြောင်ကြောင်စကားတွေ ပြောခဲ့ရတာကို ခွင့်လွှတ်ပါ. . ."

"ဒင်းတော့လား. . အိတ်ချင်းလဲပြီးမှ ပါးကိုဖြတ်ရိုက်ပစ်လိုက်မယ်"ဟု မောင်းတင်လာသော စကားသူတစ်ယောက် သူမအား အရိုအသေပေးကာ မျက်နှာတည်တည်နှင့် တောင်းပန်နေသော မိုးထက်မြင့်သူကိုမြင်ရတော့လည်း ဒေါသတွေဘယ်ဆီရောက်သွားပြီ မသိတော့. . .

"ရပါတယ်. .။ ကျွန်မစိတ်ထဲမထားတော့ပါဘူး။ ရှင်ဘာရည်ရွယ်ချက်နဲ့ ခုလိုလုပ်တာလဲဆိုတာ ကျွန်မသိခွင့်ရမလား. .။ ဒါဟာ နည်းနည်းတော့ ထူးဆန်းနေတယ်. . ."

"ညက ကားခဏနားတဲ့အချိန်. . . ညလည်စာစားကြတော့ ကျွန်တော်ထိုင်တဲ့ဝိုင်းမှာ ဒရိုင်ဘာ၊ စပယ်ရာ၊ အင်္ဂချတ်စ်သူတို့နဲ့အတူ ထိုင်ရတယ်။ 'သူ့ကောင်လေးရဲ့ကားနဲ့လိုက်သွားပြီး ဒီကျမှ ပြောင်းစီး





ယ့်ကောင်မလေးရောက်ပြီလား'တဲ့. .။ 'ရောက်ပြီ ဟိုမှာ'တဲ့. .။ ျန်တော်လှမ်းကြည့်လိုက်တော့ သစ်ပင်အောက်မှာ ဘိုးတော်ကြီးရဲ့ ဘေးမှာထိုင်နေတဲ့ ခင်ဗျားကို မြင်လိုက်ရတယ်။ အိုး. . တော်တော်လှတဲ့မိန်းကလေးဆိုပြီး ကျွန်တော့်ရင်ကို 'ဒိန်း'ကနဲ မိုးကြိုးပစ်ချလိုက်သလို . .။ တကယ့်ကို ဟတ်ထိသွားပါတယ် ဘုတ်ဆုံမ ငရုတ်သီးမှုန့်ရယ်. ."

ပြောရင်းနဲ့ ဒီလူဖောက်လာပြန်ပြီ. .။ ဒါပေမယ့် သူမ ရယ်နေသည်။

"သူ့ကောင်လေးက ဘယ်ကလဲ"တဲ့. . .။ လားရှိုးကလို့ ပြောတာ . .။ မနက်ရှစ်နာရီလားရှိုးကို အရေးကြီးကိစ္စနဲ့ အရောက်ပြန်ရမှာ'တဲ့. . .။ သူတို့တစ်ချိန်လုံး ငါတို့ကားနောက်ကပဲ မောင်းလိုက်ခဲ့တာ. . တဲ့။ အဲဒါပဲ. . သူတို့အဲလိုပြောနေတာ ကျွန်တော်ကြားခဲ့တာ . . ."

"ဒါဆို ကျွန်မအိတ်က ချစ်သူကပေးထားတာဆိုတာ ရှင်ဘယ်လိုသိလဲ. . ."

"ဗျာ. . အဲဒါ ကျွန်တော်မသိပါဘူး။ ကျွန်တော်အဲလိုမပြောခဲ့ပါဘူး. . .။ ခု ခင်ဗျား ပြောမှသိရတာ. . ."

ဟုတ်တာပေါ့။ အဲဒါ. . သူမ မလုံမလဲနှင့် သတိလွှတ်သွားခြင်းဖြစ်သည်။

"မန္တလေးရောက်တော့ ကျွန်တော်ဆင်းတော့မလို့အိတ်ကိုဆွဲပြီး ခင်ဗျားနောက်မှာရပ်နေမိတယ်။ အိတ်ကိုချထားတယ်။ ခင်ဗျားဘေးက ဘိုးတော်'က ထွက်လာတော့ ခင်ဗျားကနောက်ကိုဆုတ်၊ ကျွန်တော်လည်းနောက်ဆုတ်၊ အဲဒီမှာခင်ဗျားက ကျွန်တော့်အိတ်ကိုမှားပြီး မ,သွားတာပဲဖြစ်မှာပါ။ အဲဒါ ကျွန်တော်စဉ်းစားမိသလောက်ပါပဲ။ ဒါဟာ တိုက်ဆိုင်မှုတစ်ခုပါ. . ."

"ကဲ! ခွင့်ပြုပါဦးဗျာ။ ကျွန်တော်အခု တပည့်တစ်ယောက်ဆီက ခရီးဆောင်ဆွဲပြီး ရန်ကုန်ကိုသွားရမယ်။ မနက် နှစ်နာရီသာသာလောက်



www.burmeseclassic.com

www.burmeseclassic.com



ရောက်မှ နည်းနည်းနားချိန်ရမယ်။ အရာရောက်တဲ့ သူငယ်ချင်း တစ်ယောက်ရဲ့ အစီအစဉ်နဲ့ မနက်ခင်းမှာပဲ မင်္ဂလာဒုံလေဆိပ်ကနေ ကွာလမ်လမ်ပူ သို့မဟုတ် ဘန်ကောက်ကို ဒိုးရမယ်။ ဒီ Project က အရေးကြီးတယ်။ ဖန်တုံးပရောဂျက်ပေါ့။ အဲဒီဖန်တုံးကိုယူပြီး မြန်မာ ပြည်ကိုပြန်လာရမယ်။ အဲဒါခင်ဗျားသိအောင်ပြောတာ ဟားဟားဟား"

သည်လူကတော့ ရယ်ရသည်။ ပြောနေတာတွေကိုကြည့်လေ. .။ အရှူးချေးပန်းစကားတွေ။ သူဟာသကြောင့် စကားသူရယ်မောမိသည်။

"ခင်ဗျားမရယ်နဲ့. .။ ဒါအတည် ပရောဂျက်ဗျ. .။ နေဦး ဦးသူရိန်အခုဘယ်မှာလဲ. ."

"ဩော်. . ရှင် ကျွန်မဆီက မိဘနာမည်တောင်းတာ။ ဒီစကား ပြောဖို့လား။ ဖေဖေက သူဌေးပန်းချီဆရာလေ. . .။ ဒီအချိန်ဆို စတူ ဒီယိုထဲမှာ. . ."

"အလကားပါဗျာ. . ဒါသူ့ပြပွဲသုံးလလောက်ပဲလိုတော့လို့ပါ နို့မို့ဆို ဒီလူကြီးက ဒီအချိန်ဂလေရိုက်နေတာ. . .။ ဒါလည်းကောင်း ပါတယ်။ အိတ်လဲဖို့ ခင်ဗျားနဲ့အတူ သူပါလိုက်လာရင် ကျွန်တော့်ကို တွေ့သွားလို့မဖြစ်ဘူး။ ကျွန်တော်လစ်မှာ. . အဲဒါဆိုခင်ဗျား ခင်ဗျားရဲ့ အိတ်ကိုမြင်ရုံပဲမြင်ရမယ်။ ကျွန်တော့်ခရီးစဉ်တွေက ဆက်နေတော့ ရက်သတ္တပတ်လေးပတ်ကြာမှ ခင်ဗျားနဲ့အိတ်ချင်း ပြန်လဲလို့ရမှာ"

သူမ ပါးစပ်အဟောင်းသားဖြစ်သွားသည်။ ကံကြမ္မာဖတ် ဆရာကြီးပြောလိုက်သည်ကို သတိရလိုက်၍ ဖြစ်သည်။ "တစ်ပတ်အတွင်း မှာပဲ မင်းချစ်သူရဲ့လက်ဆောင်ဟာ မင်းဆီကိုပြန်ရောက်လာမယ်။ မင်းမြင်ရုံပဲမြင်ရမယ်။ သီတင်းပတ် (၄)ပတ်နေမှ အဲဒီလက်ဆောင်ကို ကိုင်တွယ်ခွင့်ရမယ်"တဲ့လေ။ အိုး. . ဒီတစ်ခါတော့ ကံကြမ္မာဖတ်ဆရာကြီး လွဲသွားပြီ။ လေးပတ်စောင့်စရာမလိုဘူးလေ. . .။ 'နောင်ချစ်'က ကျွန်မ လက်ထဲမှာ ရောက်နေပြီလေ. . .။





"ဒါဆို ရှင်ကဖေဖေနဲ့သိတယ်ပေါ့ ဟုတ်လား. . ဟင်းဟင်းဟင်း"

သူမကလည်း ပျော်ရွှင်စွာပြန်ပြီး ပြောဆိုလိုက်သည်။

မိုးထက်မြင့်သူကလည်း အကယ်ဒမီရှော့လေ။ ဆွေးရိပ် မျက်လုံးတွေနှင့် ကောင်းကင်ကိုမော့ကြည့်ကာ 'အင့်'ကနဲ ညည်းလိုက် တော့ သူမ 'ခွိ'ကနဲ ရယ်လိုက်သည်။ ရှုပေါ်ပေါ် စကားတွေလာတော့ မည်လေ။

"ကြာခဲ့ပါပြီ. . . ဒါတွေပြန်ပြောရင် ဘေထုပ်ထဲက အကျီလေး တွေ စတိုးဆိုင်ပေါ် ရောက်သွားသလို။ အဟောင်းတွေအသစ်ပြန်ဖြစ် လာမယ်။ တော်လှန်ရေးကာလတုန်းကပေါ့။ မိုးထက်မြင့်သူရယ်၊ စိုင်းစိုင်း ခမ်းလှိုင်ရယ်၊ ဘိုးတော်ဦးဝိုင်းရယ်၊ သူရိန်ရယ် ငယ်သူချင်း နှစ်ယောက် ရှိခဲ့တယ်။ နှစ်ယောက်နော်. . နှစ်ယောက်။ ငါတို့တွေဟာ ကိုယ့်အသက် ကို ပဓာနမထားဘဲ ဂျပန်တွေကိုလိုက်ပြီးတိုက်ကြတာ ရွှေလီ၊ ကသာဘက် ကနေ၊ ဗန်းမော်ကိုရောက်တော့ တပ်ခဏနားပြီး လူစုခွဲခဏနေကြတုန်း မှာ 'ဒိုင်း'ဆိုသူရိန်ရဲ့ ရင်ဘတ်ကြီးပွင့်သွားတယ်"

"ဂျပန်တွေက ပစ်လိုက်တာပေါ့ ဟုတ်လား. . ဟင်း. . ဟင်း. . ဟင်း. . ."

"ဘယ်ဟုတ်မလဲ. . . မေတ္တာသူကိုတွေ့လိုက်တာ။ သစ္စာသူရဲ့ အစ်မမေတ္တာသူကို တွေ့လိုက်တာ။ အဲဒါကြောင့် သူရိန့်ရင်ဘတ်ကြီး ပွင့်သွားမတတ် နှလုံးခုန်သွားတာကိုပြောတာ. . .။ တစ်ညမှာတော့ ဘိုးတော်ဦးဝိုင်းနဲ့ သူရိန်တို့ဟာ မေတ္တာသူနဲ့ သစ္စာသူတို့ ညီအစ်မရဲ့ အိမ်ကို လူပျိုလှည့်သွားတုန်းမှာ ရုတ်တရက် ဆူနာမီလှိုင်းလုံးကြီးတွေ ဘက်လာပြီး. . .။ နာမဂစ်တာဂစ်မုန်တိုင်း တိုက်တယ်။ အဲဒီမှာ လူတွေ ဟာ လှိုင်းတွေလေတွေထဲပါသွားတာပေါ့. . .။ သစ္စာသူက ကြောက်လန့် ပြီး မိရာလှမ်းဆွဲလိုက်တော့ သူရိန့်ကို လှမ်းဆွဲမိတယ်။ အဲဒီကတည်း က မလွှတ်တော့တာ အခုအချိန်ထိပါပဲ။ မေတ္တာသူကတော့ လှိုင်းထဲ လေထဲမှာ လွင့်ပါသွားပြီး အိုင်ယာလန်က ဒပ်ဗလင်မြို့ပေါ်ကို ကျသွား



www.burmeseclassic.com

www.burmeseclassic.com



တာ။ အခုအချိန်ထိပါပဲ. . ငါကတော့ အဲဒီနာမကစ်တဂစ်ထဲကို လူမ
ဦးနှောက်ပါသွားတာ။ အခုအချိန်ထိပါပဲ. . . စိုင်းစိုင်းကတော့ ထော်လာ
ကြီးဖက်ပြီးပါသွားတာ အဲဒီထော်လာကျီကြီးမောင်းပြီး မြန်မာပြည်အ
တောင်ခေါ် လီလုပ်နေတော့တာ အခုချိန်ထိပါပဲ. . .”

“ဟင်း. . ဟာသကလည်း သိပ်မရယ်ရတော့ဘူး. . ။ အရည
ကျဲသွားပြီ”

ဘာရယ်မဟုတ်သော်လည်း မိုးထက်မြင့်သူ၏ အရှုးချေးပန်
စကားကို သူမစိတ်ဝင်စားမိသည်။

“နေဦး ကြီးဒေါ်မကုလားမရဲ့ အရေးကြီးတာ ပြောမလို့. . .
လွန်ခဲ့တဲ့ သုံးလက ဘရက်ပစ်မီးယပ်ကျိုးလို့ အိပ်ယာထဲလဲနေတဲ့အချိန်
မှာ အင်ဂျလီနာဂျိုလီက အမေရိကား နယူးအော်လန်ကနေပြီး ငါ့ကို
လှမ်းခေါ်တယ်။ ငါနဲ့ ဂျိုလီ ပြင်သစ်ကိုအတူအပျော်ခရီး အကဲထွက်
ကြတော့ အဲဒီကို ပန်းချီကားအဝယ်လာတဲ့ နင်တို့အဒေါ် မေတ္တာသူနဲ့
သွားဆုံတယ်။ ငါ့ကို စကားအမှာပါးလိုက်တယ်။ သူ ကျန်းမာရေး
မကောင်းဘူး။ တစ်နှစ်ကျော်ကျော်လောက်ပဲနေရတော့မှာတဲ့. . .။
သူ့မှာအမျိုးဆိုလို့ နင်တို့ပဲရှိတာတဲ့. . . ။ အဲဒါနင့်အဖေရဲ့ ပန်းချီပြပွဲ
ရက်မှာ မြန်မာပြည်ကို သူခဏပြန်လာမယ်။ မိုက်တယ်နော်. . .
ဇာတ်လမ်းလေးက. . .ဟင်း. . . ဟင်း. . .”

“အင်း. . အဟုတ်မှတ်လို့ နားထောင်နေတာ ရယ်လည်း မရယ်
ရဘူး. . .”

မိုးထက်မြင့်သူ စဉ်းစားနေ၏။

ပြီးတော့. . သူ့မျက်နှာပြုံးသွားသည်။

“ဒီလိုလုပ်ဟာ. . နင့်အမေကိုပြောပြလိုက်. . . ဖေဖေ့ပန်းချီ ပြပွဲ
ကျရင် မေတ္တာသူရောက်လာမယ်. . . လို့”

ယခုမှ စကားသူရယ်တော့သည်။





သူမရယ်နေသည်ကိုကြည့်၍ မိုးထက်မြင့်သူကြောင်သွားသည်။

“အာ. . ဘာလဲ. . ဘာလဲဟ. . ငါပြောတဲ့အထဲမှာ ရယ်စရာ
လည်းမပါဘဲနဲ့. . . ။ မရယ်ပါနဲ့ဟာ. . ဟောဗျာ. . .”

သူက ပြောလေ သူမရယ်လေဖြစ်သည်။ ပြီးမှ. . .

“ရယ်မှာပေါ့. . . သူများအကြောင်းရှိုးချင်ရင် အရင်သိအောင်
စုံစမ်းဦးမှပေါ့. . . ခုဟာက အမှားကြီးကိုဆက်လိုမ့်နေတာဥစ္စာ. . .။
မေမေကဖြင့် ကျွန်မနှစ်နှစ်သမီးကတည်းက ဆုံးသွားတာ. . . ။ နောက်ပြီး
မေမေ့မှာအစ်မလည်းမရှိဘူး။ မေမေက တစ်ဦးတည်းသောသမီးရှင့်. . ”

မိုးထက်မြင့်သူ ပါးစပ်အဟောင်းသားဖြစ်ကာ သူ့နဖူးသူ ဖတ်
ကနဲ လက်ဝါးနှင့်ရိုက်လိုက်၏။ ပြီးတော့ ရှက်ကိုးရှက်ကန်း မျက်နှာ
နှင့်. . . ။

“နင်တော်တော်ဆိုးပါလားကောင်မလေးရာ. . ။ အစကတည်း
က အဲလိုပြောလိုက်ရင်ပြီးရော. . ။ ခုတော့. . ငါ့မှာဇာတ်လမ်းတွေ စဉ်းစား
ပြီး အတည်ပေါက်နဲ့ ရှိုးလိုက်ရတာ. . . သေရောဟာ. . တော်ပြီ. .
တော်ပြီ. . ဆက်နေရင် အရှုးဖြစ်လိမ့်မယ်. . . သွားတော့မယ်ဟာ”

မိုးထက်မြင့်သူသည် ကားကိုမောင်းထွက်မည်ပြုပြီးမှ မသွား
သေးဘဲ စကားသူကိုကြည့်ကာ ထွက်ခတ်ခတ်သွားသည်။

“ဟေ့ ကောင်မလေး. . ။ အခုငါပြောတဲ့ ဇာတ်လမ်းလေးကို
မင်းအဖေကိုပြောပြပေးပါ. . ။မပြောပြဘူးဆိုရင်တော့ မင်းငါ့ကို
ချစ်တယ်လို့ သတ်မှတ်လိုက်မယ်. . ဟား. . ဟား. . ဟား. . .”

“အဲဒါပါပဲ ဖေဖေရော. . တော်တော့်ကို ရှုးကြောင်ကြောင်လုပ်တဲ့
လူရယ်. . ။ မျက်နှာကလည်း အရှက်မရှိတဲ့မျက်နှာ. . ။ လူပုံက ခေည်း
ပေမမီဒေါက်မမီနဲ့ တကယ့်ဟာသပုံ. . . ။ ဟင်!. . ဖေဖေ။ ဖေဖေ. .



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေစဉ်းစားနေတာလဲ? သမီးပြောတာကြားလား. . ."

"အင်! ဘာ. . ဘာလဲဟင်. . . အင်း. . ဟုတ်တယ်. . ဟုတ်တယ် သမီးအိတ်ကြီးနဲ့ဂစ်ထဲပါသွားတာလေ. . ဟားဟားဟား. . ရယ်ရတယ်နော်. . . ဟား ဟား ဟား"

အသက်မပါလိုက်တာ. . ။ သရုပ်ဆောင်တော်တော်ညံ့တဲ့ ဖေဖေပါပဲ. . . ။ ပျက်ယွင်းသွားသောဟန်က ဖုံးဖိမရ သိသာနေသည်။

"သမီး. . ဖေဖေ့ကို ခုနက လူရဲ့ဖုန်းကိုခေါ်ပေးပါ. . သူ့ ဟန်းဖုန်းနံပါတ်ပေါ်မယ်လေ. . ."

စကားသူက မိုးထက်မြင့်သူ၏ ဟန်းဖုန်းကို ဆက်လိုက်၏။

"စက်ပိတ်ထားပါသည်. . တဲ့ဖေဖေ"

ဦးသူရိန်က ဖုန်းနံပါတ်ကို ယူကြည့်လိုက်သည်။

ပြီး. . သက်ပြင်းချသည်။

"ဒီဖုန်းနံပါတ်က တစ်သက်လုံးဖွင့်တော့မှာ မဟုတ်ဘူးသမီး. . ။ တစ်ခါသုံးကဒ်ဖုန်းနဲ့ ဆက်သွားတာလေ. . . ။ ဒီကောင်တော်တော် ပါးနပ်တဲ့ကောင်ပဲ. . ။ ပိပိရိရိနဲ့ ခြေရာဖျောက်သွားတယ်။ ဖေဖေ ဘာလုပ်ရမှန်းတောင် မသိတော့ဘူးသမီးရယ်. . . "

ဖေဖေ့ကိုကြည့်ကာ သူမငေးကြောင်နေလေသည်။

ဖေဖေနှင့် သူမကြားတွင် တစ်စုံတစ်ရာသည် မှားယွင်းမှုရှိခဲ့ပြီဆိုသည်ကို ဤသည်မှစ၍ သူမသိလိုက်ပြီဖြစ်ပါသည်။



# အခန်း (၃)

?

www.burmeseclassic.com

www.burmeseclassic.com

*tragedy ... တဲ့. . ၊*
*အလွမ်းဇာတ်ပေါ့. . ၊*
*ဘဝဇာတ်ခုံကြီးပေါ်မှာ*
*ပင်ပန်းကြီးစွာ ကခဲ့ပြီး. .*
*ပြည်ဖုံးကားကြီးချပစ်ခဲ့ပြီးကာမှ,. . .*
*'once more'*
*'နောက်တစ်ခါ' ဆိုပြီး. .*
*ပရိသတ်က တောင်းဆိုလိုက်ပါတယ်. . ၊*
*ကဲ ! လောကကြီးထဲမှာ*
*ပြည်ဖုံးကားကြီးချခဲ့ပြီးတဲ့အလွမ်းဇာတ်ကို*
*ဘယ်သူပြန်က, ချင်ပါသလဲ?*
*က, ချင်တဲ့သူ*
*လက်ညှိုးထောင်ပါ. . .*



ညပိုင်းတွင် နောင်လတ်နှင့် ဖုန်းပြောဖြစ်သောအခါ၌ ဤကိစ္စသည် သူမနှင့် ချစ်သူအကြားတွင် ပြောစရာအကြောင်းလေး တစ်ခုဖြစ်သွားပါတော့သည်။ သူမပြောသမျှကိုအစမှ အဆုံးတိုင် အလေးထားနားထောင်ပေးသည့်အတွက် ချစ်သူကို ကျေးဇူးတင်ပါသည်။ သူမ ပြောအပြီးမှာ ချစ်သူ၏နှစ်သိမ့်ခြင်းက ကြည်နူးစရာ. . ။

"တကယ်ဆို ကိုယ်ကမင်းရဲ့ နံဘေးမှာ ရှိနေခဲ့ရမှာပါ. . အခုကျမင်းတစ်ယောက်တည်းဆိုတော့ ပင်ပန်းခဲ့မှာပေါ့. . ၊ စိတ်မောနေတဲ့အချိန်မင်းနံဘေးမှာ အတူရှိမနေနိုင်ခဲ့တဲ့အတွက် ကိုယ့်ကိုခွင့်လွှတ်ပါစကားသူ. ."

ချစ်သူသည် စကားပြောရာ၌ သိမ်မွေ့လှသည်ကို သူမ မငြင်းပယ်နိုင်ပါ။ ဒါသည် ရင်ထဲစကားသာဖြစ်သည်ဟု နှလုံးသားက မျက်စိမှိတ်ယုံနေမိ၏။ ဒါဟာအမှားတစ်ခုမဟုတ်ပါ. . ။

"ဘာပဲဖြစ်ဖြစ်လေ. . ၊ ကိုယ်တို့ရဲ့ နောင်ချစ်လေး. . စကားသူဆီ အချိန်မီပြန်ပို့ပေးတဲ့အတွက် သူ့ကို ကျေးဇူးတင်တယ်. . ၊ အခွင့်ကြုံရင်တော့အဲဒီအတွက် ကိုယ်ထမင်းဖိတ်ကျွေးချင်တယ်. . ၊ သူ့ကိုဘယ်မှာတွေ့နိုင်မလဲ စကားသူ"



www.burmeseclassic.com

www.burmeseclassic.com



'ကျွတ်' ကနဲ သူမ စုတ်သပ်လိုက်မိသည်။

"အားအားယားယားကိုရယ်. .၊ ဒီကိစ္စအတွက် စာဖွဲ့မနေပါနဲ့တော့. .၊ ကိုယ့်မှာ အလုပ်တွေနဲ့ အချိန်ပိုရှိတာလဲ မဟုတ်ဘဲနဲ့. .၊ နောက်ပြီး အဲဒီတေက အဲလောက်လည်း စာရင်းမရှိပါဘူး၊ ပေါကြောင်ကြောင်ရူးတူးတူးရယ် . . ရယ်ရတယ် ဟင်းဟင်းဟင်း"

မိုးထက်မြင့်သူ၏ ပုံဟန်ကို အာရုံထဲ မြင်လိုက်မိ၍ ပြောရင်းနှင့် သူမ ရယ်ပစ်လိုက်မိသည်။ နောင်လတ်လိုက်ပြီး မရယ်ပါ။ သူမ၏ ရယ်သံလွှလွှအဆုံးမှာ နောင်လတ်၏ မှတ်ချက်ပြုမှုက သတိမူစရာ. .။

"ကိုယ်တို့ စီးပွားရေးလောကမှာတော့ အဲလိုလူမျိုး ကိုယ်တွေ့ဖူးတယ်. .၊ လူကရူးပေါပေါနဲ့ ပျော်ပျော်နေတတ်တော့ သူများထက် ပိုပြီး ချက်ချင်းခင်မိသွားတယ်. .၊ နောက်ဆုံးမှာတော့ အဲလိုလူက အရမ်းကြောက်စရာကောင်းတာကွ. .၊ မင်းနဲ့ပတ်သက်လို့ ကိုယ်စိုးရိမ်လွန်သွားတာလည်း ဖြစ်ချင်ဖြစ်မှာပါ. ."

ချစ်သူ၏ စကားကြောင့် သူမ ပိုပြီးရယ်မိသည်။ ရယ်ရင်းနှင့် ဦးခေါင်းကိုပါ ညင်သွဲ့ရမ်းခါမိသည်။ မဖြစ်နိုင်ပါ. .၊ မိုးထက်မြင့်သူဆိုသော မင်းစာငပေါသည် ကိုထင်သလို အဲလိုလူမျိုး မဖြစ်နိုင်ပါ. .။ ဒါပေမဲ့. . သူမ၏ အထင်အမြင်သည်ကော ခြွင်းချက်မရှိ မှန်ကန်နိုင်ပါမည်လား. .။

နောက်တစ်ရက်ညနေခင်း. . နေညိုတို့ပြိုကာစ. . . အလင်းခြည်သွေးတို့ အိပ်တန်းဝင်စမှာ မိုးထက်မြင့်သူဆိုသော မင်းစာငပေါသည် သူမ၏ ဟန်းဖုန်းမှ တဆင့် ဖေဖေ့ထံသို့ ရှောင်၍မရသော ရင်ခွင်းမြားတစ်စင်းကို ပစ်လွှတ်လိုက်ပြီဖြစ်ပါသည်။



မနက်ဖြန်ဆိုလျှင် သူမ ရန်ကုန်ပြန်မည်။ သည်ကနေ့ ညနေခင်းမှာ ဖေဖေက ညနေစာလိုက်ကျွေးသည်။ သားအဖနှစ်ယောက် ကန်တော်ကြီးစောင်းမှ 12 PANNER မှာထိုင်ဖြစ်သည်။ လရိပ်ရည်သည် စိမ်းမြကန်ရေပြင်ပေါ်မှာ ဖိတ်လက်ဖြန့်ကျနေ၏။ ရေပြင်ကို မေးတင်ထားသော ဂျပန်ပုံစံတဲငယ်လေးတွေ စီရရီနှင့်ရှိနေသည်။ ညဥ့်ဦးလေသည် ဖြူးဖြူးသွေးဆော့နေသော်လည်း ကန်ရေပြင်သည် သဲ့သဲ့မျှမလှုပ်။ ငြိမ်သက်ခြင်းကြီးစွာရှိနေ၏။ ဖေဖေသည်လည်း ကန်ရေပြင်နှယ်. .။

"နေကောင်းရဲ့လား ဖေဖေ. .၊"

"ကောင်းပါတယ် သမီးရဲ့. .၊ ဘာဖြစ်လို့လဲ"

"ဖေဖေ့ကြည့်ရတာ မလန်းဘူးကွာ. .၊ ဒီအဖေနဲ့ ဒီသမီးပဲရှိတာဥစ္စာ. .၊ သမီးသိတာပေါ့. ."

ဖေဖေသည် ဦးခေါင်းကို အသာရမ်းခါလိုက်ရင်း သူမကို ပြုံးပြသည်။ အပြုံးသည် ပါးလျဖျော့ဖျော့ ရှိနေ၏။

"ဒီရက်ပိုင်းမှာ ပန်းချီကားတွေထဲမှာပဲ စိတ်ရောကိုယ်ပါရောနှစ်ထားတယ်. . Stress ကြောင့်ပဲ ဖြစ်မှာပါ. . ကဲ! . . စားရအောင်သမီး. . ဒါက. . Red Hot . . အစပ်လျှော့ထားတယ်. . ဒါကကောက်ညှင်းကြက်ကင်၊



www.burmeseclassic.com

www.burmeseclassic.com



ရွက်စုံကြော်၊ နံရိုးပေါင်း. . ၊ ပုဇွန်ဂျုကပ်. . "

ဟင်းတွေက အရသာစုံမည်ကို သူမသိပါသည်။ ဒါပေမဲ့ သည်ထဲမှာ လိုအပ်နေသည့် ဖေဖေနှစ်သက်မည့်အရသာကို သူမ မြင်လိုက်မိသည်။

"ဘီယာ မသောက်ဘူးလားဖေဖေ. . ၊"

"သာဓုပါဗျာ. . ၊ လိမ္မာလိုက်တဲ့ သမီးလေး. . ၊ ဖေဖေမသောက်တာ ကြာပြီ. . ၊ ပြတ်လက်စနဲ့နားထားတယ်သမီးရဲ့. . ၊ ဘီယာတို့ အရက်တို့ဆိုတာ စိတ်ခံနိုင်ရည်အားနည်းတဲ့သူတွေ မှီဝဲတဲ့ အရာလို့ပဲ ဖေဖေ မြင်တယ်သမီး"

သည်အခိုက်မှာပင် ဟန်းဖုန်းမြည်သံက သူမနှင့် ဖေဖေ့ကြားမှာ ခြေစုံကန်လျက်ခုန်တက်လာ၏။ စကားသူ၏ ဖုန်းမှဖြစ်သည်။ နံပါတ်ကို အကြည့်လိုက်မှာ သူမမျက်မှောင်ကျုံ့သွားသည်။ ဘာမှန်းမသိသော ကိန်းဂဏန်းတွေ အများကြီး မပေါ်ပါ. . ၊ 'no number' တဲ့။ သူမ သိလိုက်ပါပြီ. . ။

"ဘယ်ကလဲမသိဘူး. . over sea ပဲဖေဖေ"

နိုင်ငံခြားမှဖုန်းဆိုတော့ ဖေဖေ့ပါးစပ်နားရောက်နေသော ကြက်ကင်တုံးလေးအောက်သို့ ပြုတ်ကျသွားသည်။ ဖေဖေသည်ပါးစပ် အဟောင်းသားနှင့် ထိတ်လန့်တုန်လှုပ်နေသည်။ ထူးဆန်းလိုက်တာ. . ၊ ဖေဖေ ဘာဖြစ်သွားတာပါလိမ့်. . ။

"ဘယ်. . ဘယ်နိုင်ငံကလဲ. . ဒပ်. . ဒပ်ဗလင်ကလား. . ပေး ပေး. . ဖေဖေပြောလိုက်မယ်. . "

ဖေဖေက သူမလက်ထဲမှ ဟန်းဖုန်းကို ဆွဲယူမည့်ဟန်ပြုသည်။ ပဟေဠိတွေနှင့် အုံ့ဩရိပ်ခြည်လွှမ်းနေသည့် သူမ၏ မျက်နှာကို မြင်တော့ ဖေဖေရုတ်ချည်းသတိကပ်သွားသည်။

"sorry,.. sorry သမီး. . ဖေဖေ သတိလွှတ်သွားတယ်. . over sea





ဆိုတော့ သမီးသူငယ်ချင်းတစ်ယောက်ယောက်ဆီက ဖြစ်မှာပေါ့ . အင်း. . အင်း. . အဲဒါပဲ ဖြစ်မှာပါကွာနော. . "

"မဖြစ်နိုင်ဘူး ဖေဖေ. . မိနော်က မြန်မာပြည်ပြန်ရောက်နေတာ. . နိုးကတော့ အမေရိကမှာ. . ဒါပေမဲ့ ဒီအချိန်က ဒီကောင်ဆိုဒ်ထဲ ရောက်နေတဲ့အချိန်. . ဖုန်းဆက်စရာအကြောင်းမရှိဘူး. . "

အံ့ဩစိတ်ဖြင့် စကားသူဖုန်းအဖွင့်မှာ ဖေဖေက ထိတ်လန့်စွာ ...င့်စပီကာ ဖွင့်ဖို့ပြောသည်။ သူမနှင့် ဖေဖေ့အကြားမှာ ဖုံးကွယ်စရာ ...ာမှမရှိသည်မို့ စကားသူစပီကာကို ဖွင့်သည်။

"ဟဲလို! စကားသူ. . ၊ ဂွတ်ညနေခင်း. . ကောင်းသော အီးဗနင်း ... အချစ်ကလေး. . "

သတ္တုသံစွက်စွက်နှင့် စူးစူးညောင်ညောင်အသံ. . ၊ ကောင်စုတ် ...ာင်ပဲ့. . မိုးထက်မြင့်သူ ဆိုသော မှင်စာငပေါ၏ အသံ. . ၊ သူမ ...ွတ်'ကနဲ စုတ်သပ်မိလိုက်သည်။ စိတ်ပျက်စရာသတ္တဝါပဲတကယ်. . ။

"အို. . ချစ်စရာကောင်းတဲ့ကောင်မလေး. . ၊ my lovely doll! ...ရဲ့ ချစ်လှစွာသော ကစားစရာကော်ပတ်ရုပ်လေးရေ. . ညှင်း. . ညှင်း . ညှင်း. . ၊ ဒီမှာ. . ငါသတိပေးလိုက်မယ်. . ၊ ဖုန်းမပိတ်ပစ်ဖို့ ကြိုပြီး ...တ္တာရပ်ခံပါရစေ. . ၊ ပိတ်လိုက်ရင်တော့ မင်းရဲ့ ချစ်လှစွာသော ...င်ကြီး သိသင့်တာတွေ မသိဘဲ. . နောင်တရသွားလိမ့်မယ်ကွ. . ...းဟားဟား"

"ရှင်ပေါက်ကရမပြောဘဲ စကားကိုဆင်ခြင်ပါ. . ၊ ဖေဖေအခု ...မ်မဘေးမှာရှိနေတယ်. . "

"သိတာပေါ့. . ၊ ယောက္ခမအလောင်းကြီး. . အလောင်းကြီး .... . မင်းဘေးမှာရှိနေတာ. . ၊ 12 PANNER မှာ. . နေဦး ကောက်ရိုး ...ာ်ကင်မင်းကိုကျွေးမယ်. . ၊ Red Hotပါမယ်. . over sea ဖုန်းဆိုတော့ ...တနဲ့ပဲ သူငယ်ထိပ်ကြီး မြောက်ကိုးရိုးယားက ချူကလီးယား ဗုံးကြီး



www.burmeseclassic.com

www.burmeseclassic.com



ကျလာသလို ထိတ်လန့်သွားမယ်. . ကြောက်ချေးပမ်းပြီး. . စပိကာ ဖွင့်ခိုင်းမယ်. .၊ ခုငါပြောတာတွေသူကြားနေမယ်. .၊ ဟားဟား ဟား"

"ဘာတွေလာကြောင်နေတာလဲ မသိဘူး၊ အာရုံနောက်တယ်။ ဖုန်းပိတ်ပစ်လိုက်မယ်ဖေဖေ"

ဖေဖေ့ကိုအားနာ၍ တီးတိုးပြောကာ ဖုန်းပိတ်လိုက်မည်အပြု ဖေဖေက မပိတ်ပစ်ရန် ပျာပျာသလဲ ဟန့်တားသည်။ သတိ တစ်ခုရကာ သူမနံဘေးဝန်းကျင်သို့ ကြည့်သည်။ ဘာမျှမတွေ့. .၊ မိုးထက်မြင့်သူနှင့် တူတာဆို၍ အယောင်အရိပ်လုံးဝမမြင်. .။

"ရှင်အခု ဘယ်မှာလဲ . . over sea ဖုန်းဆိုတော့ ရှင်ဘယ်နိုင်ငံ မှာရောက်နေတာလဲ"

"မင်းကို ငါပြောခဲ့သားပဲ. .၊ စက်ာပူ သို့မဟုတ် ထိုင်းဆိုတာ. . ဒါပေမဲ့. . ငါအခု ဘန်ကောက်မှာကွ. .၊ ဖန်တုံးပရောဂျက်အတွက် ထွက်လာခဲ့ရတာလေ. .၊"

"ဘန်ကောက်ကလူက ဘယ်လိုလုပ်ပြီး ကျွန်မတို့သားအဖ ၁၂ ပန်းနားမှာ ရှိနေတာကို သိရတာလဲ"

"မင်း ဖေဖေသူဌေး ပန်းချီဆရာကြီးက အီးဘောလောကြီး ကွ. .၊ ဆိုင်ဆိုလို့ သူသိတာ ၁၂ ပန်းနားပဲသိတာ. .၊ မင်းရှေ့က မှာထားတဲ့ ဟင်းတွေကလည်း သူသိတာ အကုန်ပဲ. .၊ ဒါကြောင့် ငါမှန်းပြောလိုက် တာ. .၊ ကွက်တိပဲမဟုတ်လား ဟားဟား ဟား"

အဲဒါညာတာပါပဲ. .၊ မဖြစ်နိုင်ပါ. .၊ သူမတို့၏ နောက်ကွယ် မှာတစ်ယောက်ယောက်ရှိနေ၍သာ သည်လူ တိတိကျကျ ပြောနိုင်ခြင်း ဖြစ်ပါမည်။ သူမသည် မိုးထက်မြင့်သူကို လျှော့မတွက်ရဲတော့ပါ. . မိုးထက်မြင့်သူသည် ကိုသတိပေးသလိုလူစားများလားမသိ. .။ သည်လူ ဘာသဘောနဲ့ သည်လိုလုပ်ရပ်တွေလုပ်နေတာလဲမသိ။

"ကျွန်မ ရှင်နဲ့စကားဆက်မပြောချင်တော့ဘူး မိုးထက်မြင့်သူ. .



ရှင်ကျွန်မဆီကို ဘာကိစ္စဖုန်းဆက်တာလဲဆိုတာသာပြောပါ. .၊ ရှင် အခုလို ဖုန်းဆက်တာဟာ ကျွန်မအတွက် ဘယ်လောက် စိတ်အနှောင့် အယှက် ဖြစ်သွားရလဲဆိုတာ ကိုယ်ချင်းစာပေးပါ. ."

တစ်ဘက်မှ တုံ့ပြန်သံမကြားရ. .၊ နှုတ်ဆိတ်ငြိမ်သက်သွားသည်။ အတန်ကြာ တိတ်ဆိတ်နေပြီးမှ မိုးထက်မြင့်သူ၏ အသံကို ကြားလိုက်ရ သည်။ သည်တစ်ခါအသံသည် ရူးကြောင်ကြောင်အသံ မဟုတ်တော့. .၊ ပကတိပုံမှန်အသံ. .။

"sorry ပါစကားသူ. .၊ ငါ့ရဲ့ မသိတတ်မှုကြောင့် မင်းစိတ်ပင် ပန်းသွားရတာကို ငါမတွေးမိလိုက်လို့ပါ. .၊ အဲဒီအတွက် ငါတောင်းပန် ပါတယ် စကားသူ. ."

"တကယ်တော့ငါလည်းမင်းကိုအခုလို ပေါကြောင်ကြောင် ပုံစံနဲ့ စကားလုံးတွေမရွတ်ပြချင်ပါဘူး. .၊တာဝန်အရဇယားချနေရတဲ့ ဘဝ ပါ. .၊ စလေဦးပုည ရေးဖွဲ့ခဲ့သလိုပေါ့. .၊

အစွယ်ကိုလိုသူမိဖုရား. . အသွားစေခိုင်းသူ မင်းဧကရာဇ်. . လေးပစ်သူက ဘုရားကျွန်တော်မျိုးရော်ဘင်ဟု. . တဲ့"

ကြည့်လေ. .၊ ပြောရင်းနှင့် သည်လူဖောက်လာပြန်ပြီ ဖြစ်သည်။ ဆဒ္ဒန်ဆင်မင်းဇာတ်မှာ မဆီမဆိုင် ရော်ဘင်ဟုကို ဆွဲထည့်လာသည်။ ဒါပေမဲ့ သူ့စကားထဲမှ တစ်စုံတစ်ခုကို သူမသတိပြုမိလိုက်သည်။

"ခုနက တာဝန်အရ လုပ်ရတာပါလို့ ရှင်ပြောလိုက်တယ် နော်. .၊ ဒါဆို. . ရှင့်ကို ဘယ်သူခိုင်းတာလဲ"

"နှလုံးသားက. . ."

"ဘာရယ်. ."

"နှလုံးသားကလေ. . ဟောဒီမိုးထက်မြင့်သူရဲ့ ရင်ဘတ်ကြီးထဲက နှလုံးသားရဲ့ စေခိုင်းမှုကြောင့်လေ . . . ဒါပါပဲ. . ချစ်သူ. ."

သွားပြီ. .၊ သည်လူ. . ရူးသလိုပေါသလိုလုပ်ကာ ရှေးထွက်





www.burmeseclassic.com

www.burmeseclassic.com



သွားပြန်ပြီ ဖြစ်သည်။

"အဲ. . အဲဒါထားလိုက်ပါဦး. . ၊ အဲဒီ Chapter ကို pass လုပ်ပစ်လိုက်ရအောင်. . ၊ခု. ငါမင်းဆီကို ဆက်တာအကြောင်းနှစ်ချက်ရှိတယ်ကွ. . ၊ နံပါတ်တစ်. . မင်းရဲ့လိပ်စာငါ့ကိုပေး. ."

"ကျွန်မ ပေးပြီးလို့ရှင်တောင် အိမ်ရှေ့ရောက်ခဲ့ပြီးပြီလေ"

"No.,No..၊ အဲဒါက မင်းဖေဖေရဲ့လိပ်စာ. . မန္တလေးလိပ်စာ. . ငါသိချင်တာက. . ရှစ်မိုင်. . ခြံနံပါတ်(-)က မင်းနေတဲ့ ရန်ကုန် လိပ်စာလေ. ."

စကားသူ မျက်လုံးပြူးသွားကာ ရင်ဖိလိုက်မိသည်။ ဘုရားရေ သည်လူသည် သူမနေသော ရန်ကုန်လိပ်စာကိုပါ အတိအကျ သိနေသူပါလား. .။

"နံပါတ်-နှစ်. . ၊ မင်းရဲ့ဖေဖေနဲ့ စကားပြောမယ်. . ၊ ကဲ. . အသည်းလေး. . ၊ သဲသဲလုံးလုံးလေး. . ၊ ကိုယ့်ကို ချစ်တယ်ဆိုရင် ကျေးဇူးပြုပြီး ဖုန်းကို ဖေဖေ့လက်ထဲ ပေးလိုက်ပါကွယ်. ."

"ရှော့ဖေဖေ. . ကာလနာက ဖေဖေနဲ့ပြောမလို့. . တဲ့"

စကားသူသည် ဖုန်းကို ဆောင့်ကြီးအောင့်ကြီးနှင့် ဖေဖေ့လက်ထဲသို့ ထည့်ပေးလိုက်၏။ ဖေဖေ့လက်တွေ တုန်ယင်နေပါသလား. .။

"ပြောပါမောင်ရင်. . ၊

အန်ကယ်က စကားသူရဲ့ ဖေဖေ. . . သူရိန်ပါ. ."

"မင်္ဂလာပါ အန်ကယ်. . ၊ ကျွန်တော်မိုးထက်မြင့်သူပါ. . ၊ အန်ကယ်ကို ကျွန်တော်. . ရာမဇာတ်ဝတ္ထု ပြောပြချင်လို့ပါ. . ၊"

သွားပြီ. . ၊ ဒီလူကြီးယာချဲ့ပြီ. . ၊ ဖေဖေ အရစ်ခံရပြီ. . ။

"ဇနက္ကမင်းကြီးဟာ သမီးတော်သီတာဒေဝီကို လက်ထပ်ပေးဖို့ အတိုင်းတိုင်းအပြည်ပြည်က မင်းညီမင်းသားတွေကို လေးတင်ပွဲကျင်းပလိုက်တဲ့အခါမှာ ရာမမင်းသားက အောင်မြင်သွားတယ်. . ၊ ဒသဂီရိက သီတာဒေဝီကို လက်လွှတ်လိုက်ရတယ်. . ၊ အချစ်ရှုံးသမားကြီးပေါ့ အန်ကယ်. . . ၊ လက်ထပ်ပွဲပြီးတော့ ရာမရယ် သီတာဒေဝီရယ် လက္ခဏရယ် တောခရီးထွက်ကြ. . . ၊ အဲဒီမှာ ဒသဂီရိရဲ့ညီမ ကုမ္ဘီကဏ္ဏက ရွှေသမင် ယောင်ဆောင်ပြီး မော်ဒယ်ရှိုးလျှောက်သလို ထွက်လာပြီး မြူယောင်ပြ. . သီတာဒေဝီက ရွှေသမင်ကို လိုချင်တော့ ရာမမင်းက တောလှည့်ပြီး သမင်ဖမ်းထွက်ရရော. . ၊ မရီးတော်ကို အစောင့်ကျန်ခဲ့တဲ့ လက္ခဏကလည်း နောင်တော်ရာမ ဒုက္ခတွေ့ပြီအထင်နဲ့ ရာမမင်းရဲ့နောက် တိုလိုက်သွား. . ၊ အဲဒီမှာပဲ သီတာဒေဝီကို ဒသဂီရိက ရထားပျံပေါ် တင်ပြီး လင်္ကာပူရထိ ခိုးပြေးတော့တာပါပဲ. . ၊ လင်္ကာပူရနန်းတော်က ဉယျာဉ်မှာ သီတာဒေဝီကို ချုပ်နှောင်ထားလိုက်တာပေါ့ အန်ကယ်ရာ၊





www.burmeseclassic.com

www.burmeseclassic.com



အား. . ပြောရတာ မောလိုက်တာဗျာ. . ”

ဘာအဓိပ္ပါယ်လဲ. . ၊ အဲလူဘာအဓိပ္ပါယ်နဲ့ ဒီရာမဇာတ်ကို ပြောပြနေတာလဲ. . ၊ အံ့ဩဖို့ကောင်းတာက ဒီရှုးပေါ်ပေါ်ကြောင် ပြောတာကို ဖေဖေကကျောက်ရုပ်ကြီးလိုငြိမ်ပြီး နားထောင်နေတာပါပဲ. .

“ရာမမင်းမှာ ဟနုမာန်ဆိုတဲ့ ရူပါမင်းလို စွမ်းတဲ့ ရူပါမန်းကီး တစ်ကောင်ရှိတယ်ဗျ. . ၊ ဟနုမာန်က သမုဒ္ဒရာကို ခုန်ကူးပြီး လင်္ကာပူရ အနှံ့သီတာ ဒေဝီကိုလိုက်ရှာ. . ၊ တွေ့တော့ဝင်ပြီးလျှောက်ထားနေတုန်းမှာ ဘီလူးတွေနဲ့ ဟနုမာန်နဲ့ တိုက်ခိုက်ကြပြီး ဟနုမာန်က အမြီးကို မီးတုတ်တပ် လင်္ကာပူရမှာ အားလုံးကို မီးရှို့. . သမုဒ္ဒရာကို ခုန်ကူးပြီး ဒီဘက် ပြန်ရောက်လာတာလေ. . ၊ စွမ်းတယ်နော် အန်ကယ်. . ၊ ရာမမင်းက လည်း သူ့ဘော်ဘော်မျောက်စစ်သည်တွေနဲ့ သမုဒ္ဒရာကို ကျောက်တန်း ဆည်ပြီး လင်္ကာပူရကို ချီတက်. . ဘီလူးတွေနဲ့ တိုက်ခိုက်ကြ. . ၊ နောက်ဆုံးမှာ ရာမမင်းနဲ့ ဒသဂီရိတို့ confrontation ပေါ့ -ထိပ်တိုက် တွေ့ကြ. . ရာမမင်းပစ်လွှတ်လိုက်တဲ့ ဗြဟ္မာဥသျှတ မြှားထိပြီး ဒသဂီရိ မာလကီးယားသွားရော. . ၊ ရာမမင်းကလည်း နတ်ရထားစီးပြီး သီတာ ဒေဝီကို ကြို. . သူတို့ပေါင်းကြလေသတည်းပေါ့ အန်ကယ်ရာ. . ”

တော်ပါသေးရဲ့. . ၊ ဇာတ်ပေါင်းပြီဆိုတော့ ပြီးပြီပေါ့. . ၊ ပြီး မှပဲ ဖြစ်မှာပါလေ. . ၊ မဟုတ်လျှင် သူမနားရာဇဝတ်သင့်တော့မည်. . ၊ ဖေဖေ့ကို ကြည့်လိုက်တော့ မျက်မှောင်ကြီးကျုံ့ကာ တွေတွေကြီး ရှိနေ၏။ မှင်စာငပေါ ဘာကိုဆိုလိုသည်ကို အာရုံဖမ်းကြည့်နေပုံရသည် သည့်နောက် ဖေဖေပြုံးသည်။

“ဆက်ပြောပါမောင်ရင်. . ၊ ခုချိန်ထိတော့ အန်ကယ်လိုက်မမီ သေးဘူးလေ. . ”

“အန်ကယ်စဉ်းစားရမယ့်အပိုင်းက ခုမှစမှာပါအန်ကယ်. . ခုပြော ခဲ့တာတွေက သွေးပူလေ့ကျင့်ခန်းပါပဲ. . ”





ပြောအပြီးမှာ စူးညှောင်ညှောင်အသံနှင့် မိုးထက်မြင့်သူ ရယ် သည်။ သရော်ခြင်းစွက်စွက်နှင့် ရိတိတိရယ်မောခြင်းဖြစ်မည်ထင်၏။ ကန်ရေပြင်အရေပြားပေါ်မှာ ကြက်သီးလှိုင်းလေးတွေ သဲ့သဲ့ပြေးခတ် သွားသည်။

“ရာမမင်း၊ သီတာဒေဝီ၊ လက္ခဏတို့က သုဂြိတ်၊ ဝိဘိသန. . စတဲ့ မျောက်ဘီလူးတွေခြံရံ. . ရထားပျံကြီးစီးပြီး အယုဒ္ဓယ နေပြည် တော်ကို ပြန်လာကြတယ် အန်ကယ်. . ၊ အဲလိုမလာခင်မှာ ရာမမင်းရဲ့ ယုံကြည်မှုကို ရရှိဖို့အတွက် သီတာဒေဝီဟာ သစ္စာပြုပြီး တဟုန်းဟုန်း တောက်လောင်နေတဲ့ မီးပုံကြီးထဲ ခုန်ဆင်းပြခဲ့ရပါတယ်. . ၊ သီတာ ဒေဝီရဲ့ သစ္စာတရားကြောင့် လုံးဝမီးမခဲ့ပါဘူး အန်ကယ်. . ” “အယုဒ္ဓယ နေပြည်တော်မှာ ရာမမင်းဟာ ဘိသိက်ခံယူပြီး နန်းစံပါတယ်. . ၊ သားဆုပန် ဟုံးနတ်ပူဇော်ပြီး သီတာဒေဝီနဲ့ပေါင်းဖက်တယ် အန်ကယ်. . ၊ အဲဒီနောက် သီတာဒေဝီကို တောအရပ်ကိုပို့ထားလိုက်တယ်. . ၊ သီတာ ဒေဝီရဲ့ဘဝဟာ ရာမမင်းရဲ့စေရာသွားရတဲ့ဘဝပါ. . ၊ တောအရပ်မှာ သီတာဒေဝီဟာ ကုသနဲ့ဇလဆိုတဲ့ သားတော်နှစ်ပါးဖွားမြင်တယ်၊ ကုသ နဲ့ဇလတို့ကို ရသေ့ကြီးဘာလမိကီက စောင့်ရှောက်ခဲ့ပါတယ်။ ဒီသားတော် နှစ်ပါးကလည်း ရာမမင်းရဲ့သားတော်တွေဆိုတော့ မြှားပစ်မှာတော့ ရာမတို့လက္ခဏတို့ထက် စွမ်းတယ်၊ ကဲ အဲဒါတွေ ကျွန်တော် passs လုပ်ပြီး ကျော်လိုက်မယ်၊ အဲ . . ဘာလမိကီရသေ့ကြီးက. . ကုသနဲ့ဇလ ကို ရသေ့အသွင်နဲ့ဆင်ယင်ပြီး ရာမမင်းဆီလွှတ် ရာမယဏကို စောင်းနဲ့ တီးခတ်သီဆိုစေပါတယ်။ အဲဒီတော့မှ ရာမမင်းဟာ သူ့ရဲ့ သားတော် တွေမှန်း သိသွားပြီး ဟတ်ထိသွားတော့တာပေါ့၊ ‘အိုး မိုင်ဒီးယားဆမ်းစ်’ ဆိုပြီး ပလ္လင်ပေါ်ကဆင်းလာပြီး သားတော်နှစ်ပါးကိုဖက် မျက်ရည်တွေ



www.burmeseclassic.com

www.burmeseclassic.com



ဘူးသီးလုံးလောက်ကျ၊ ပုလဲတွေခတော့မှာပေါ့ဗျာ. .၊ အဲဒီမှာပဲ သားတော်နှစ်ပါးကို နန်းတော်မှာခေါ်ပြီး စောင့်ရှောက် စည်းစိမ်ချမ်းသာပေး. .၊ ပြီးတာနဲ့ ရာမမင်းဟာ ဗာလမိကီရသေ့ကြီးဆီ ချက်ချင်းသွားလျှောက်ပြီး သီတာဒေဝီကိုခေါ်ဆောင်ပြန်ပါတယ်. .၊ နောက်တစ်ခါ . . သီတာဒေဝီကို သစ္စာဆိုပြီး မီးပုံထဲခုန် ဆင်းခိုင်းပြန်ပါတယ်. .၊ အဲဒီမှာပထမ တစ်ခါကလိုပဲ. . ဝသုန္ဒရီဆိုတဲ့ မြေစောင့်နတ်သမီးကမြေထဲက ပေါ်လာပြီး သီတာဒေဝီကို ဆောင်ယူ ပေးပြန်ပါတယ်။ ကဲ! ကျွန်တော်တို့ရဲ့ ရာမဇာတ်ဝတ္ထုကို စကားလုံးတွေ ဆက်မရှုတ်တော့ဘဲ ဒီနေရာမှာ ရပ်ထားလိုက်ရအောင်ပါအန်ကယ်. ."

စကားအဆုံးမှာ ဖေဖေရောသူမပါ ငြိမ်ဆိတ်သွားသည်။ သည်လူသည် ရှုးကြောင်ကြောင် လူဟုဆိုသော်လည်း ဖေဖေ့အား ပရိယာယ်ကြွယ်စွာ စကားစစ်မျက်နှာဖွင့်လိုက်ခြင်းဟု သူမ သိလိုက်သည်။ မြန်မာနိုင်ငံမန္တလေးမှ သားအဖနှစ်ယောက်ကလည်း ငြိမ်ဆိတ်နေသည်။ ထိုင်းနိုင်ငံဘန်ကောက်မှ ရှုးကြောင်ကြောင်လူကလည်း ငြိမ်ဆိတ်နေသည်။ အတန်ကြာမှ . . မိုးထက်မြင့် သူက စကားဆက်သည်။

"ကျွန်တော်. . အန်ကယ်ကို မေးခွန်းတစ်ခုမေးလို့ရပါပြီလားခင်ဗျား. ."

"မေးပါ မောင်ရင် . . မေးနိုင်ပါတယ်. ."

"အန်ကယ်က ခေါင်းမာတဲ့သူမို့ အန်ကယ့်ကို ပြင်ဆင်ဖို့ အခွင့်အရေး တစ်ခုပေးလိုက်တာပါ. .၊ ကျွန်တော်တို့ program ကတော့ အပြီးထိ ရေးဆွဲပြီးသားပါ. .၊ လုံးဝအလွဲအချော်မရှိပါ အန်ကယ်. .၊"

လှျပ်စီး တစ်ချက်လက်သွားသည်။ ဖေဖေမော်ကြည့်သည်။ မိုးကြိုးသံကို စိုးထိတ်ရင်နှင့် ဖေဖေစောင့်မျှော်နေ၏။





"သီတာဒေဝီဟာ ရာမမင်းအပေါ်မှာ သစ္စာစောင့်သိတဲ့ မိဖုရားပါ. .၊ ရာမမင်းစေရာ တောအရပ်မှာသွားနေရတာကလည်း သားဆုပြည့်တဲ့ ရာမမင်းရဲ့သားတော်နှစ်ပါးအတွက်ပါ. . ဝသုန္ဒရီမြေစောင့်နတ်သမီးကလည်း သီတာဒေဝီကို ခေါ်ဖို့သေချာသိနေပါပြီ. .၊ သီတာဒေဝီကို နောက်ထပ်တစ်ခါ မီးပုံထဲခုန်ဆင်းခိုင်းဦးမှာလားခင်ဗျာ. ."

ဖေဖေ့ကိုယ်ကြီးဆတ်ခနဲ လှုပ်သွားသည်။ ဖေဖေ့ နဖူးပြင်ထက်မှာ ချွေးပေါက်လေးတွေ စို့တက်လာသည်။ တဒင်္ဂမှာအရာအားလုံးကို ဖေဖေ မေ့သွားသည်။ ဖေဖေ့ကိုကြည့်ကာ သူမထိတ်လန့်လာ၏။ စကားတွေက ကတုန်ကယင်နှင့်. .

"မင်း. . မင်း. . ဘယ်သူလဲ"

"ကျွန်တော့် နာမည် မိုးထက်မြင့်သူပါ အန်ကယ်. ."

သည်လူသည် အရှူးပါးပဲဖြစ်သည်။ သူ့ဘက်က အစွန်းထွက်ပြထားသော ချည်စကို ဘယ်လိုမှဆွဲထုတ်လို့မရအောင် ခိုင်မြဲသည့်လူ. . .။ ဖေဖေ့မျက်နှာသည်အောက်သို့ စိုက်ကျနေ၏။

"ဩော်. . သတိရလို့ ပြောလိုက်ပါဦးမယ် အန်ကယ်. .၊ ဘီလူးတွေဟာ ရက်စက်ကြတယ်. .၊ စောစောက ပြောတဲ့ရာမဇာတ်မှာ အပ္ပကန္နုဗကျနန္ဒဆိုတဲ့ဘီလူးဗိုလ်မှူးတွေ၊ နောက်. . ဒသဂီရိရဲ့တူ. . ကုမ္ဘကဏ္ဏရဲ့သားအငယ်နိကုမ္ဘ. .၊ ထားပါတော့. . အဲ့ဒီ ရက်စက်လှတဲ့ ဘီလူး ဆရာကြီးတွေဟာ ရာမမင်းနဲ့ဒသဂီရိတို့ရဲ့တိုက်ပွဲမှာ မှောက်ကိုက်လို့သေကြရတာဗျ. .၊ ကျွန်တော်က ၁၉၈၀ဖွားပါ. .၊ တရုတ်လိုမျောက်နှစ်မှာမွေးပါတယ်. .၊ဒါပါပဲအန်ကယ်. . Good night...ပါ. ."

တစ်ဘက်ကဖုန်းချသွားပြီ. .၊ စကားသူသည် သူမ၏ဖုန်းကို လက်ကိုင်အိတ် ထဲသို့ထည့်လိုက်၏။ အောက်သို့စိုက်ချထားသော ဖေဖေ့မျက်နှာ ပြန်မော့လာသည်။ စားပိုင်းလေး၏ တာဝန်ကျစားပွဲထိုး ခေါ်ဘိတ်ကို ခေါ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ့အတွက် တိုက်ဂါးတစ်ပုလင်းပေးပါ။"

ဖေဖေသည်သမီးချစ်၏မျက်နှာကိုကြည့်ကာ ယဲ့ယဲ့ပြုံးသည်။

"ခုနက ဖေဖေစကားပြောမှားသွားတယ်. . တကယ်တော့ ဘီယာဆိုတာ အလုပ်တွေပိပြီး Stress ကြောင့် ပင်ပန်းနွမ်းနယ်နေတဲ့ လူကြီးလူကောင်းတွေအတွက် အပန်းပြေစေတဲ့အကောင်းဆုံး နတ်သေးတစ်ခွက်ပဲသမီး. ."

သည်ကိစ္စသည် သည်ညအဖို့ဤမျှနှင့်ပြီးခဲ့ပြီဟု သူမထင်ခဲ့မိသော်လည်း ဤမျှနှင့်မပြီးနိုင်ခဲ့ပါ. .။ သားအဖနှစ်ယောက်စဉ်းစားခန်းတွေဦးနှောက်ပူအောင်တွေးရင်းနှင့်စားသောက်အပြီးမှာ ဖေဖေက

တာဝန်ကျသူစားပွဲထိုးလေးကိုလှမ်းခေါ်ပြီးဘေလ်တောင်းလိုက်သည်။

"ဆရာကြီးတို့ဝိုင်းအတွက် ဆရာကြီးရဲ့တပည့်ကရှင်းပြီးသွားပါပြီခင်ဗျာ. ."

"ဘယ်သူတဲ့လဲ. . အခုဘယ်မှာလဲ"

"ပြန်သွားပါပြီခင်ဗျာ. . ဆရာကြီးတို့နဲ့ ကပ်လျက်အခန်းမှာ စားသွားပါတယ်. .၊ ရန်ကုန်က သူ့သမီးရောက်တုန်းမှာ သားအဖနှစ်ယောက်ပျော်ပျော်ပါးပါး ရှိနေတာကို အနှောင့်အယှက်ဖြစ်မှာစိုးလို့ မနှုတ်ဆက်တော့တာလို့ ပြောသွားပါတယ်. .၊ စောစောလေးကမှ ကားမောင်းထွက်သွားတာခင်ဗျာ. ."

"လူကဘယ်ပုံစံလဲ. .၊ ဘယ်အရွယ်လောက်လဲ. .၊ ဘာကားနဲ့လဲ"

သည်တစ်ခါမှာတော့ စက်သေနတ်ဆွဲသလို အဆက်မပြတ်မေးလိုက်သူမှာဖေဖေမဟုတ်. . စကားသူဖြစ်သည်။ သူမ၏ခေါင်းထဲမှာ အတွေးတစ်ခု ဝင်လာ၍ဖြစ်သည်။

"အသားဖြူဖြူ. . ခပ်ဖြောင့်ဖြောင့်. . ခပ်သန့်သန့်ခင်ဗျ. .





အရွယ်က အစ်မအရွယ်လောက်ပဲ. . ပရားဒိုးနဲ့လာတာ. ."

"ပရားဒိုးက ပုလဲရောင်မဟုတ်လား"

"ဟုတ်ပါတယ်အစ်မ"

စကားသူ မျက်နှာလေးပြုံးသွားသည်။

အပြန်လမ်း၌ ကားပေါ်မှာ ထိုင်မိသည်နှင့် သူမလုပ်သော ပထမဆုံးအလုပ်မှာ ကိုဆီသို့ဖုန်းဆက်ခြင်းဖြစ်သည်။

"**Hello..,** ကိုလား. . ကို. . ခုဘယ်မှာလဲ"

"အိမ်မှာပဲလေ. . . လားရှိုးမှာပဲပေါ့. . ဘာဖြစ်လို့လဲ. . အရေးကြီးကိစ္စရှိလို့လား. ."

"မရှိပါဘူး. . ကိုကိုမန္တလေးမှာများ တွေ့လိုက်မိသလားလို့ပါ"

"အံမယ်လေးဗျာ. . လူကိုများမယုံသက်ာနဲ့. . နေဦး. . အိမ်မှာ အခုမေမေ မအိပ်သေးဘူး. . သက်သေပြမယ်. . ဖုန်းခဏကိုင်ထားနော်"

"မခေါ်နဲ့. . မခေါ်နဲ့. . ဒါပဲနော်. . . **Good night** ပါကို. ."

သူမဖုန်းကို အမြန်ပိတ်ပစ်လိုက်သည်။ ခန္ဓာကိုယ်လေးလည်း ကူရှင်ခုံပေါ်မှာ အရုပ်ကြိုးပြတ် ပုံကျသွား၏။ မျက်ဝန်းအစုံကို မှေးပိတ်ထားလိုက်မိသည်။ ယခုမှပိုပြီး ဦးနှောက်စားသွားပြီ. .။

"ရုပ်ဖြောင့်ဖြောင့်. . ခပ်သန့်သန့်. . ကားကလည်း ပရားဒိုးဆိုတော့ သေချာပါတယ်. . ဖေဖေ့တပည့် ပန်းချီဆရာတွေထဲမှာတော့ တစ်ယောက်မှမရှိဘူး. . လုံးဝမဖြစ်နိုင်ဘူး. . အဲဒီလူဟာသမီးနဲ့ပဲဆိုင်လိမ့်မယ်. ."

ဖေဖေတွက်ဆသလို ဖြစ်နိုင်ပါသည်။ ဤလူသည် သူမနှင့် သက်ဆိုင်သူသာ ဖြစ်နိုင်သည်။ ကိုကလည်းလားရှိုးကအိမ်မှာပဲ ရှိနေသည်. .။ ဒါဆို. . အဲဒီလူဟာ ဘယ်သူလဲ?. .၊

ကားထဲမှာသားအဖနှစ်ယောက်လုံးတိတ်ဆိတ်နေသည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



လည်း သူ့အတွေးနှင့်သူ. . ကိုယ်လည်း ကိုယ့်အတွေးနှင့်ကိုယ်. . ခေါင်းထဲမှာ **Question mark (?)** တွေကိုယ်စီနှင့် လေးလံနေကြသည်။

ပင့်သက်မောကိုလျှော့ချလိုက်ရင်း ဖေဖေညည်းတွားသည်။

"မိုးထက်မြင့်သူ. . မိုးထက်မြင့်သူတဲ့လား. . တစ်သက်လုံး ဘယ်ချောင်ခလောင်မှာရှိနေမှန်း မသိတဲ့ကောင်က အခုငါ့သမီးအသက် နှစ်ဆယ်ပြည့်တဲ့ အချိန်ကျမှ ဘယ်ကရောက်လာရတာလဲ. . လူက ရှုးသလို ပေါသလိုနဲ့ တော်တော်ကြောက်စရာ ကောင်းတဲ့ကောင်ပါလား. . knock out ပဲ. . တစ်ချက်ထဲနဲ့ နောက်လန်ကျပြီး ဆွေမျိုးမေ့သွားတယ်. . ဖေဖေအလဲထိုးခံလိုက်ရတယ်သမီး. . "

ကားကိုဖေဖေရပ်လိုက်သည်။ ဒါသည် ကားမောင်းရင်းနှင့် အရေးကြီးသည့် စကားကိုပြောချင်သည့် အခါတိုင်းမှာ ဖေဖေလုပ်နေကျအကျင့်ဖြစ်သည်။

"ဖေဖေပြောတာကို သေချာနားထောင်ပါသမီး. . ဖေဖေ့ ပန်းချီပြပွဲက သုံးလလောက်ပဲ လိုတော့တယ်. . ခုအတိုင်းဆို ရန်ကုန်မှာပဲ ပြပွဲလုပ်ရတော့မယ်. . အဲဒါဟာ မေတ္တာသူရဲ့ ကျန်းမာရေးအခြေအနေအရ သူ့ကိုမပင်ပန်းစေချင်လို့ပါ. . ။ မြန်မာပြည်ကို သူခဏပြန်လာတာဟာသမီးကို သူမသေခင်မှာ တွေ့ချင်တဲ့ ဆန္ဒတစ်ခုတည်းနဲ့ လာမှာ. . ။ သူတို့ Generation မှာ နောက်ဆုံးကျန်ခဲ့တဲ့ မျိုးဆက်ဟာသမီး တစ်ယောက်တည်းပဲ ကျန်တော့တာ. . သမီးအဒေါ်ကို သမီးတွေ့ရင် အနွေးထွေးဆုံးဆက်ဆံပေးပါ. . ဖေဖေစိတ်မကောင်းဘူးသမီး"

ညဉ့်လွှာခြုံအောက်မှာ အလင်းသည်ပါးလျှအားဖျော့လှသော်လည်းဖေဖေ့မျက်ဝန်းတွေမှာ ဝေ့သီနေသော မျက်ရည်စတွေကိုသူမ နားမလည်နိုင်စွာမြင်နေရလေသည်။

■



# အခန်း (၅)

?

www.burmeseclassic.com

www.burmeseclassic.com

*ချစ်ခြင်းမေတ္တာဟာ*
*ဦးနှောက်နဲ့*
*နှလုံးသားရဲ့အကြားမှာ*
*တည်ရှိတယ်. . .။*

*ကဲ!*
*ချစ်လှစွာသောအသင်လူသားခင်ဗျာ. . .*
*ခင်ဗျားရဲ့ချစ်ခြင်းမေတ္တာဟာ*
*ဦးနှောက်နဲ့နီးပါသလား?*
*နှလုံးသားနဲ့နီးပါသလား?*

“ဘယ်လို . . .၊ မိုးထက်မြင့်သူ ထက်ဆိုးတဲ့တစ်ယောက်ထပ်ပေါ်လာတယ်. . ဟုတ်လား. . . စကားသူ. .”

ချစ်သူ၏ အထိတ်တလန့်စကားသံကို ဖုန်းထဲမှာသူမကြားလိုက်ရသည်။ သူမစကားကြောင့် နောင်လတ်ဤသို့ ထိတ်ပျာသွားသည့်အတွက်သူမပျော်ပါသည်။ သူစိမ်းတစ်ရံဆံတွေမှ မဟုတ်တာ. . ချစ်သူချင်းပဲလေ. . .။

“စိတ်နောက်စရာပဲကွာ. . တစ်လလောက်ပျောက်သွား တော့အတ်သိမ်းသွားပြီမှတ်တာ. . . အခုပေါ်လာရပြန်ပြီ. . နောက်ပြီးအခုကောင်ကမိုးထက်မြင့်သူထက်ဆိုးတယ်ဆိုတော့ ဒီ့ထက်ပိုပြီးသည်းမခံစေချင်တော့ဘူးစကားသူ. . ကိုယ်ရန်ကုန်ကိုချက်ချင်းလိုက်လာခဲ့မယ်. . စကားသူရဲ့ရှေ့မှာနောက်တစ်ခါဒီကောင်ပေါ်မလာစေရဘူး”

“သူကလည်းပေါ်လာမှာမဟုတ်တော့ပါဘူးကို. . မိုးထက်မြင့်သူဆိုတဲ့လူလည်းပျောက်သွားပြီ. . အခုပေါ်လာတဲ့‘တိမ်ညွန့်စား’ဆိုတဲ့လူလည်းပျောက်သွားပြန်ပြီ. . သူများက ခြေရာကောက်လို့ မရအောင်. . သူတို့ကိုယ်၌က ခြေရာဖျောက်သွားကြတာလေ. . .”

“ကိုယ်တော့ ဒါဟာရိုးသားမှုမဟုတ်ဘူးလို့မြင်တယ်. . ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



သမိုင်းနဲ့ကိုယ်နေကြရမှာ. . ဘာလို့သူများရဲ့ သမိုင်းထဲမှာဝင် ရေးရတာလဲ. . ကိုယ့်ချစ်သူကို တခြားဘယ်သူ့ကြောင့်မှလည်း စိတ်အနှောင့်အယှက် မရှိစေချင်ဘူး. . အဲ့ဒါကြောင့်ပါ စကားသူ. .'

ချိုမြိန်သောပျားရည်မြစ်လေးသည် လားရှိုးမှအခြေတည်ကာ တယ်လီဖုန်းအသံလှိုင်းအတိုင်း စီးမြောလျက် ရန်ကုန်မှာရှိနေသည့် သူ ၏ ရင်တွင်းသို့တိုင်စီးဝင်သွားလေသည်။

"နေပါဦးကွာ. . . စောစောက စကားသူပြောသွားတဲ့ အထဲမှာ ကိုယ်မရှင်းဘူး ဖြစ်နေတယ်. . မနက်ခင်းမှာ အိမ်ကိုမိုးထက်မြင့်သူ ရောက်လာတယ်. . . ဒါပေမဲ့. . အဲ့ဒီလူဟာ မိုးထက်မြင့်သူ မဟုတ် ဘူး. . . ရုပ်ရော အသံရောက လုံးဝမိုးထက်မြင့်သူပဲ. . ဒါပေမဲ့ သူနာမည် က'တိမ်ညွန့်စား' ဆိုတာလေ. . . အဲ့ဒါကို ကိုယ်မရှင်းဘူး"

"Sorry... ကျွန်မစကားပြောအလျင်လိုသွားလို့ ကိုယ်မရှင်းတာ နေမှာ. . . ကိုယ်စဉ်းစားလို့ရအောင် ကျွန်မအသေးစိတ်ပြန်ပြော မယ်. . . ဒီလို. . ကိုယ်. ရ. . . မနက်ခင်းတုန်းက. . . "

● ● ●

"နံနက်ခင်းရဲ့ပြတင်းတံခါးအားလုံးကိုဖွင့်လိုက်ပါ. . ပြီးတော့ နေ့သစ်ကို အပြုံးနဲ့နှုတ်ခွန်းဆက်လိုက်ပါ. . မင်းပြုံးရင်ပန်းတွေ ပွင့်လာ ကြလိမ့်မယ်. . " တဲ့. . ။ '22nd December 1985' ဆိုတဲ့ရက်စွဲနဲ့အင်္ဂလိပ် လို ရေးထားတဲ့ ဖေဖေ့လက်ရေးပို့စကာဒ်လေး. . ဪ. . တစ်ချိန်တုန်း အခါကဖေဖေ. . မေမေ့ကိုပေးခဲ့ဖူးတဲ့ ပို့စကာဒ်လေး. . မေမေ မရှိတော့ ပေမဲ့မှန်ဘောင်လေးသွင်းပြီး စန္ဒရားပေါ်မှာ အမြတ်တနိုးနဲ့ ယနေ့ထက် တိုင်ရှိနေဆဲပါမေမေ. . ။ အဲဒါဟာ ဖေဖေ့ရဲ့ ချစ်ခြင်းသစ္စာပါပဲ. .

နံနက်တိုင်းမှာ အိပ်ရာကနိုးထသည်နှင့် Body Exercise လေ့ ကျင့်ခန်းလုပ်သည်။ ပြီးတော့ရေချိုး Breakfast စား၊ သည့်နောက်မှာ





စန္ဒရားရှေ့မှာ ထိုင်မိသည်ကများသည်။ သည်နံနက်မှာတော့ ခေါင်း စဉ်မဲ့ ခံစားမှုတစ်ခုက ရင်ထဲမှာ တစ်မျိုးလေးဆန်းနေသည်။ လှုပ်ကလန်း နေသော်လည်း ရင်ကလွမ်းနေသလိုပင်. . . မှတ်မိနိုင်သည့်အရွယ် မရောက်သေးချိန်မှာ ဆုံးပါးသွားရသော မေမေ့အသွင်ဟန်ကိုပျပျ ရေး ရေးပဲဖြစ်ပါစေ. . မြင်ရချင်မိပါသည်။ ခေါင်းစဉ်ပျောက်နေသော သည် ခံစားမှုသည်သူမ၏ လက်ချောင်းတွေကို စန္ဒရားခလုတ်လေးများ ပေါ်သို့ဆွဲခေါ်သွား၏။ မျက်ဝန်းတွေမှေးပိတ်သွားသည်။ နှင်းဆီဖူး ကလေးမှ တိုးတိုးသဲ့သဲ့ ညည်းဆိုလှုပ်ခတ်သည်။ ဖေဖေနှစ်သက်သော အနောက်တိုင်းတေးသွားတစ်ပုဒ်ကိုရည်ရွယ်ရာမဲ့ သူမဆိုညည်းနေ မိခြင်းပါလား. . . ။

သီချင်းအဆုံးမှာ သူမမျက်ဝန်းတွေပွင့်လာသည်။ ဆဋ္ဌမအာရုံ ကလှုပ်နှိုးခြင်းပဲလားမသိ၊ စိတ်ထဲမှာ ထင့်ကနဲဖြစ်သွား၍ နောက်ဘက် သို့ အလှည့်မှာ ကျောခိုင်းရာဧည့်ခန်း၌ အန်တီလေးနှင့်အတူထိုင်နေ သော ဧည့်သည်ကိုမြင်တွေ့လိုက်သည်။ ကာလနာအစုတ်ပလုတ် မိုးထက် မြင့်သူ. . သူမဟုတ်သလိုပါပဲလား. . ခပ်တည်တည်ထိုင်နေသည်။ အရယ်အပြုံးမရှိ. . တကယ့်အတည်ပေါက်မျက်နှာ. . အံ့မယ်. . တောက မျက်လုံးတွေကိုမှိတ်ထားကာ ဂီတမှာမြောလွင့်နေသည့်ဟန်. . သည့် နောက် မျက်လုံးတွေပွင့်လာသည်။

"Elton John ရဲ့ The One ဆိုတဲ့သီချင်းပဲ. . Piano နဲ့သိပ်ဆိုလို့ ကောင်းတဲ့သီချင်းပေါ့. . ငါကြိုက်တဲ့သီချင်း. . မင်းရဲ့ဖေဖေလည်းသိပ်ကြိုက် တဲ့သီချင်းပါ စကားသူ. . မင်း Piano တီးတာမဆိုးပါဘူး. . တက်ဆက်က မြင်းတစ်ကောင်ရဲ့ ကျောကုန်းပေါ်တက်စီးပြီး လိုက်သွားရသလို ခံစားရ တယ်"

အဲ့ဒါဟာသူမ၏ စန္ဒရားလက်ပေါက်ကိုပျက်ရယ်ပြုလိုက်ခြင်း ပါပဲ. . . သေနာ. . . မှင်စာငပေါ. . သူကရောဘယ်လောက်များတီး



www.burmeseclassic.com

www.burmeseclassic.com



တတ်တာမို့လို့ပါလဲ. .

"သီချင်းဆုံးကာနီးလေး. . When stop to like..Like you winner.. Don't...Shadow glass the sun ...Who... baby of love...အဲဒါသိပ်ကောင်းတဲ့နေရာ မင်းကအဲဒီမှာနှစ်မဆိုပဲနဲ့ Tone ကိုချပစ်တယ်"

ပြောရင်းနှင့် မိုးထက်မြင့်သူ ထိုင်ရာမှထလာသည်။ မဟော်ဂနီ သွေးစန္ဒရားကြီး ရှေ့မှာရပ်သည်။ အလင်းဖိတ်လက်စန္ဒရားကြီးကို ကြည့်ရင်းကျေနပ်နေ၏

"ဒါကြီးကမင်းနဲ့သိပ်လိုက်ဖက်တာပဲ. . ကျက်သရေရှိလိုက် တာကွာ. ."

"ဖေဖေ့ လက်ဆောင်ပေါ့. . ကျွန်မဆယ်တန်းအောင်တုန်းက ဖေဖေဝယ်ပေးထားတာလေ. . မိုက်တယ်မဟုတ်လား. ."

မိုးထက်မြင့်သူ မျက်နှာတစ်ချက်ပျက်သွားသည်။ သူမကိုကြည့်သောသူ့မျက်ဝန်းတွေထဲမှာ ကရုဏာရိပ်ခြည်တွေနှင့် ပြည့်နေ၏။ သူမ မသိသော ဖုံးကွယ်ခြင်းတစ်ခု သူ့ရင်ထဲမှာရှိနေသည်။

"စကားသူ. . မင်းဟာ တကယ့်ကိုအပြစ်ကင်းတဲ့ ယုန်ဖြူလေး ပါပဲလား. . စိတ်မကောင်းပေမယ့် မင်းသိအောင် ငါ့ဘက်က ဖွင့်ပြော စရာရှိနေတယ် စကားသူ. ."

အန်တီလေးက ဟန့်တားရန်ကြိုးစားသည်။ အရာမထင်ပါ။ မိုးထက်မြင့်သူ၏ပုံစံက တစ်စုံတစ်ခုသော အတိုင်းအတာအထိ ဆုံးဖြတ်ထားသည့်ပုံစံ. .။

"ဒီ Piano က ငါကိုယ်တိုင် အမေရိကားက သယ်လာတာပါ စကားသူ. .၊ မင်းဆယ်တန်းအောင်တုန်းက မင်းအဒေါ် ဒေါ်မေတ္တာသူ ပို့ပေးတဲ့ လက်ဆောင်ပါ. . အခု ဒီရန်ကုန်က တိုက်ကလည်း မင်းကို ဒေါ်မေတ္တာသူဝယ်ပေးထားတာ သူ့မှာအိမ်ထောင်လည်းမရှိ. .၊ သား သမီးလည်းမရှိ. . မင်းဟာသူတို့ Generation မှာတစ်ဦးတည်းပဲ ကျန်တဲ့





သူပါစကားသူ. ."

သူမ အံ့သြငေးကြောင်စွာ မိုးထက်မြင့်သူကိုကြည့်နေမိသည်။ တကယ်လား. . ဒါဟာတကယ်ပဲလား. .၊ တကယ်ပဲလားမှင်စာငပေါ ရယ်. .၊ ရုတ်ချည်း လက်ခံဖို့ခက်ခဲသည့်အတွက် ဖေဖေ့ညီမဖြစ်သူ အန်တီလေးအားစစ်ကူတောင်းသည့် အကြည့်ကြည့်လိုက်မိသည်။ ဆိတ် ဆိတ်နေခြင်းသည် ဝန်ခံခြင်းပဲဖြစ်မည်။ အန်တီလေး၏မျက်နှာသည် အောက်သို့စိုက်ချထား၏။

မှင်သက်ငြိမ်ဆိတ်နေသည့် သည်အနေအထားအားလှုပ်နှိုး လိုက်သည်မှာ ဟန်းဖုန်းမြည်သံဖြစ်သည်။ မိုးထက်မြင့်သူ၏ဖုန်းမှဖြစ် သည်။ မိုးထက်မြင့်သူသည် ဖုန်းကိုလည်းဖွင့်သည်။ စပီကာကိုလည်း ဖွင့်သည်။

"ဟယ်လို. . ပြောပါ. . တိမ်ညွန့်စားပါ. ."

"တိမ်ညွန့်စား. . နောင်တော်လေး. . ခင်ဗျားအခုဘယ်မှာလဲ"

"ညီဘွားလား. . ကျွန်တော်အခုစကားသူဆီရောက်နေတာ"

"ဘာကိစ္စလဲ. ."

"ပစ္စည်းထုပ်လာပို့တာ. . ညီဘွားခိုင်းတဲ့အလုပ်ကို ကျွန်တော် လုပ်တာပါ"

"အဲဒါခင်ဗျားလုပ်ရမယ့် အလုပ်မဟုတ်ဘူး. . နောင်တော်ကြီး လုပ်ရမယ့်အလုပ်"

"မိုးထက်မြင့်သူက Four Seasons မှာလေယာဉ် လက်မှတ်သွား ယူတယ်. . မနက်ဖြန်သူ အမေရိကသွားမလို့. . ဒေါ်မေတ္တာသူနဲ့လည်း Phone contact..."

"တော်ပြီ. . တော်ပြီ. . နောင်တော်လေး. . လောကကြီးမှာ ကျွန်တော် စိတ်မချဆုံးလူဟာ တိမ်ညွန့်စားဆိုတဲ့ခင်ဗျားပဲ. . ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



ခုချက်ချင်း စကားသူရဲ့ခြံထဲကထွက်လိုက်ပါ. . ”

“ညီဘွား. . ညီဘွား. . ကျွန်တော်စကားသူကို ပစ္စည်းထုပ် မပေးရသေးဘူး”

“တော်ပြီဗျာ . . . ခင်ဗျားပါးစပ်က ဘာသံမှမထွက်နဲ့တော့ ဖုန်းကိုစပီကာဖွင့်ပြီးပြောတတ်တဲ့ ခင်ဗျားအကျင့်ကိုသိတယ်. . ခင်ဗျား ခုချက်ချင်းခြံထဲကထွက်လိုက်. . ဖုန်းကိုမပိတ်နဲ့. . . ကျောက်လမ်းပေါ် ရောက်ရင် ခင်ဗျားစကားပြောလို့ရပြီ . . . ”

မိုးထက်မြင့်သူနှင့် တစ်ပုံစံတည်းဖြစ်သော တိမ်ညွန့်စားဆိုသည့်လူသည် ညီဘွားဟူသောလူကို အတော်ပင် ကြောက်ရွံ့ဟန်ရှိသည်။ ချက်ချင်းဘဲ အပိုးကျိုးကျသွားသည်။ စားပွဲပေါ်မှ ပစ္စည်းထုပ်ကို အမူအရာနှင့်ပြကာ သူမကိုပေးသည်။ အဖြစ်အပျက်တွေက အိပ်မက်ထဲမှာ လမ်းလျှောက်နေရသလို သူမ ခံစားနေရသည်။

“ရှင်. . အဲလိုမလုပ်နဲ့လေ. စောစောက ရှင်ပြောတဲ့ ဒေါ်မေတ္တာ သူရဲ့ကိစ္စဟာ တကယ်ပဲလား. . ဒီစန္ဒရားကြီးနဲ့ဒီခြံကြီးဟာတကယ်ပဲ”

သူမစကားမဆုံးလိုက်ခင်မှာပင် နှုတ်ပိတ်သွားသည်။ တိမ်ညွန့်စားဆိုသူက ထိတ်လန့်ခြင်းကြီးစွာနှင့် စကားမပြောဖို့ အမူအရာနှင့် ဟန့်တားသည်။

“တိမ်ညွန့်စား . . ခင်ဗျားခုထိ ထွက်မလာသေးဘူးလား”

တိမ်ညွန့်စားသည် အလျင်အမြန် အိမ်ထဲမှ ထွက်သည်။ သူမနှင့် အန်တီလေးကို သူနှင့်အတူ အပြင်ဘက်သို့ အသံတိတ်ထွက်လိုက်လာစေရန် အမူအရာနှင့်ပြသည်။ သူမနားလည်လိုက်ပါပြီ. . ။

သူမရော အန်တီလေးပါ တိမ်ညွန့်စားနောက်သို့ အသံတိတ် ထွက်လိုက်ခဲ့ကြသည်။ လမ်းမကြီးပေါ်မှာ သူမတို့ခြေချမိကြပြီ. . ။ ဖုန်းပိတ်ပြီးသည့်အချိန်မှာ တိမ်ညွန့်စားသည် ပြောစရာရှိသည်တို့ကို ပြောဖြနိုင်မည့် အကြံရှိပါလိမ့်မည်။





“ကျောက်လမ်းမကို ရောက်ပြီ. . ၊ ကားသံတွေ ကြားရမှာပဲ. . ဖုံးပိတ်ရတော့မလား ညီဘွား”

“မပိတ်နဲ့ဦး . . စကားသူ ဘယ်မှာလဲ”

“အိမ်ထဲမှာကျန်ခဲ့ပြီ. . ဘာဖြစ်လို့လဲ”

“စကားသူနဲ့ ပြောစရာရှိတယ်. . အခု ခင်ဗျားဘေးမှာ စကားသူ ရှိနေတယ် မဟုတ်လား. . ”

“ကျွန်တော့်ကို မယုံသင်္ကာနဲ့ လာမအစ်ပါနဲ့ ညီဘွား တိမ်ညွန့်စားဟာ ဖုံးကွယ်ခြင်းတွေကို မုန်းတဲ့သူပါ. . ”

တစ်ဘက်မှ ခဏလေး အသံတိတ်သွားသည်။ တိမ်ညွန့်စားက စကားသူကိုကြည့်ရင်း ကျေနပ်စွာ လက်မလေးထောင်ပြသည်။ သူမ ပခုံးလေးတွန့်ရင်း လက်ချောင်းလေးတွေနှင့် နှုတ်ခမ်းကိုပိတ်ကာ ခွိကနဲ ရယ်လိုက်မိသည်။ သူမ အရယ်ရပ်သွားချိန်မှာတော့ တစ်ဘက်မှ အေးစက်သော တုံ့ပြန်သံကို ကြားလိုက်ရသည်။ တိမ်ညွန့်စားအတွက်တော့ မိုးကြိုးပစ်သံတစ်ခု ဖြစ်ပါလိမ့်မည်။

“စကားသူကို အခုလိုရယ်မောအောင် လုပ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်. . အဲဒါကြောင့် နောင်တော်လေးသက်သာသွားတယ်မှတ်ပါ. . ၊ တိမ်ညွန့်စားဟာ နောက်ဘယ်တော့မှ စကားသူရဲ့ရှေ့ကို ရောက်မလာစေရပါဘူးဆိုတဲ့ ကတိတစ်ခုဟာ အသက်ညှာဆုံး အပြစ်ပေးခြင်းပဲ. . ၊ နောက်ကြည့်မှန်က ကြည့်နေတယ်ဆိုပေမဲ့ နောင်တော်လေး ထောင်ပြတဲ့ လက်မလေးကို သဲသဲကွဲကွဲ မြင်နေရတယ်။”

တိမ်ညွန့်စား အထိတ်တလန့်နှင့် ကတ္တရာလမ်းမထက် မျှော်ကြည့်လိုက်သည်။ ဝဲဘက်ရှေ့ ကိုက်သုံးရာလောက်တွင် ရပ်ထားသော ကားကြီးကို မြင်လိုက်တော့ ‘ဒိန်း’ကနဲ ခေါင်းနပန်း ကြီးသွားသည်။ ပရာဒိုကားကြီးတစ်စီး. . . . ၊

အရောင်က ပုလဲရောင်. . . ။



www.burmeseclassic.com

www.burmeseclassic.com

"အဲဒီတော့ ဘာဆက်ဖြစ်သလဲ စကားသူ. ."

"အမှန်ဆို ကျွန်မ. . အဲဒီကားရှိရာကိုပဲဖြစ်ဖြစ်သွားကြည့်ရင် ကြည့်. . ၊ ဒါမှမဟုတ်. . ၊ အဲဒီတိမ်ညွှန့်စားဆိုတဲ့လူဆီက ဖုန်းကိုပဲဖြစ်ဖြစ် ဆွဲယူပြီး. . အဲဒီကားပေါ်ကလူဟာ ဘယ်သူလဲဆိုတာ သိအောင်လုပ်လိုက်ရမှာ. . ."

"ဒါပေမယ့်. . အဲလိုမလုပ်ပဲ. . မင်းဟာ အိမ်ထဲကိုပဲ ပြန်ဝင်သွားခဲ့တယ်မဟုတ်လား စကားသူ. . အဲလိုလုပ်ခဲ့တာ မှန်ကန်တဲ့လုပ်ရပ်တစ်ခုပါပဲ. . ."

"ဖုန်းထဲကအသံက ကို့အသံနဲ့လည်းဆင်သလိုပဲ. . ကားကလည်း ပရာဒိုပုလဲရောင်. . နေဦး. . ၊ ကျွန်မအိမ်ထဲပြန်ဝင်သွားတာ ဘယ်လိုသိလဲ. ."

"အိုး. . ကြည့်စမ်း. . ခုမှ ကိုယ်တွေးမိလိုက်တယ်. . မှင်စာငပေါ်ကို ကြိုးဆွဲထားတဲ့သူကို . . ကိုယ်လို့မင်းသံသယဝင်နေတာကိုး. . အဲဒါကြောင့် အိမ်ဖုန်းကို လှမ်းဆက်တာပေါ့. . အဲလိုလား"

"ကို့မေမေနဲ့ပဲ တွေ့တာလေ. . သားက ကော်ဖီခြံထဲမှာတဲ့. . သမီးအရေးကြီးရင် ဟန်းဖုန်းဆက်လိုက်ပါတဲ့. . အဲဒီခြံထဲမှာ လိုင်းမိတယ်. . တဲ့. ."





နောင်လတ်၏ သက်ပြင်းချသံကို ဖုန်းထဲမှာ ကြားလိုက်ရသည်။ သူမသည် ကို့ကို ကရုဏာသက်သွား၏။ ကို ဘာတွေ စဉ်းစားမိသည်ကို သူမ မြင်လိုက်မိပါသည်။

"ဩော်. . ဒါဆို. . မင်းနဲ့ကိုယ့်နဲ့ကြားမှာ လျှို့ဝှက်တဲ့လူတစ်ယောက် ဝင်လာပြီပေါ့. . ၊ နောက်ပိုင်းမှာ အဲဒီလူဟာ မင်းကိုများ ဆွဲထုတ်သွားနိုင်မလားဟင်"

သူမ ငြိမ်နေလိုက်သည်။ အဲဒါဟာ မိန်းကလေးတစ်ယောက် မသင်ပဲတတ်တဲ့ မာယာတစ်ခုပါပဲ. . ချစ်ခြင်းကို တန်ဖိုးမြှင့်လိုက်နိုင်တဲ့ ရှိုးကစားပွဲတစ်ခုက မှောက်ထားတဲ့ ဖဲချပ်လေးတစ်ချပ်လိုပေါ့. . ။

"ဟေး. . ဘာလို့ငြိမ်သွားတာလဲ. . ၊ ကို့ကို ရင်မောအောင် မလုပ်ပါနဲ့ကွာ. . ၊ မင်းရင်ထဲမှာ အဲဒီလျှို့ဝှက်ခြင်းတွေနဲ့လူ ရောက်လာနိုင်သလား စကားသူ. ."

"ကျွတ်!. . ကျွန်မအဲလောက်လွယ်တဲ့ မိန်းကလေးမဟုတ်ဘူး ကို. . . ကို အစိုးရိမ်ကြီးနေလို့ပဲ ဖြစ်ပါလိမ့်မယ်. . ဒါပေမဲ့ အမှန်အတိုင်း ဝန်ခံရရင်. . ကျွန်မ အဲဒီလူကို ကျေးဇူးတင်တယ်. ."

"ဘာဖြစ်လို့လဲ. . သူဟာ မင်းရဲ့သမိုင်းထဲမှာ အနောက်ဝင်ဖြီးဝင်ရှုပ်နေတဲ့လူ မဟုတ်လား စကားသူ. ."

"ဘာရည်ရွယ်ချက်နဲ့ အဲလိုလုပ်မှန်းမသိပေမယ့်. . သူ့ကြောင့် ကျွန်မအပေါ် ဖေဖေဖုံးကွယ်ထားတာတွေ သိခဲ့ရတယ်. . တိမ်ညွှန့်စား ပြောတာတွေဟာ အမှန်တွေလို့ အန်တီလေး ဝန်ခံတယ်. . ဖေဖေ့ဆီကို ကျွန်မ ချက်ချင်း ဖုန်းဆက်မေးတော့ ဖေဖေအရမ်းတုန်လှုပ်သွားတယ်. . အဲဒါဟာ အမှန်ပါပဲသမီးရယ်. . တဲ့. . သမီးမေမေဆုံးတဲ့အချိန်မှာ အဲဒီဘက်က အမျိုးတွေ တစ်ယောက်မှ ရောက်မလာကြဘူးတဲ့. . စိတ်နာလို့. . ဖေဖေဖုံးကွယ်ခဲ့တာပါ. . တဲ့ ငါလိုက်ရှာမယ်တဲ့. . မိုးထက်မြင့်သူပဲ ဖြစ်ဖြစ် တိမ်ညွှန့်စားပဲဖြစ်ဖြစ်. . တွေ့တဲ့နေရာမှာ သတ်မယ်တဲ့. ."



www.burmeseclassic.com

www.burmeseclassic.com



"အိုး. . အဲဒီလိုတွေ မဖြစ်ပါစေနဲ့. . မင်းကို စိတ်ဒုက်ရာတွေ မရစေချင်ဘူး. . . မင်းဖေဖေကိုနားချပါ. . တားပါ စကားသူ. . ."

"ကျွန်မ မတားပါဘူး. . ဖေဖေ့အကြောင်း ကျွန်မသိတယ်. .၊ စိတ်ဆိုးတုန်းခဏရယ်. . သူပြောသလို ဖြစ်လာမှာ မဟုတ်ဘူးဆိုတာ သေချာပါတယ်ကို. . . . ဟင်း ဟင်း"

သူမရယ်သွမ်းသွေးလျက် နာကျင်မှုတွေကို ဖြေလျှော့နေမှန်း နောင်လတ်သိပါလိမ့်မည်။

"အဲ. . ကိုကို အရေးကြီးတာ ပြောရဦးမယ်. .၊ ပစ္စည်းထုပ်လေ. .၊ အဲဒီ လျှို့ဝှက်တဲ့လူ ပို့ပေးတဲ့ပစ္စည်းထုပ်. .၊ ဘာဖြစ်မယ်လို့ ကိုထင်လဲ ဟင်!"

အာဖရိက ဗုံသံတွေ နောင်လတ်၏ရင်ဘတ်ထဲ ပျောင်းကန် ရောက်လာမည်။ ချစ်သူ၏စကားကို စိုးထိတ်ရင်နှင့် နောင်လတ်စောင့် နေမိပြီ ထင်၏။



သူမလို သာမန်လူသားတစ်ယောက်အတွက် သည်ပစ္စည်းထုပ် ထဲမှာ ဗုံးတစ်လုံး ပါမလာနိုင်သည်ကတော့ သေချာပါသည်။ ဘယ်သူ ပို့လိုက်မှန်းမသိသော ပစ္စည်းထုပ်လေးကို စားပွဲပေါ်မှာပင် သူမဖွင့်ဖောက် ထုတ်လိုက်၏။ "စကားသူ. . သို့" ဟူသော ကွန်ပျူတာနှင့် ရိုက်နှိပ်ထားသည့် စာကြောင်းလေးနှင့် စာအိတ်တစ်အိတ်ကို ဦးဆုံးတွေ့လိုက်ရသည်။ စာအိတ်အောက်မှာတော့ စင်္ကာပူမှ နာမည်ကြီး Shopping Mall တစ်ခု ၏ အရည်အသွေးအာမခံ စတစ်ကာ ကပ်ထားသော Music Album တွေကို တွေ့လိုက်ရ၏။ နှယ်နှယ်ရရ မဟုတ်ပါလား. .၊ စင်္ကာပူမှ ဝယ်လာခဲ့သည့် စီဒီချပ်တွေ ဖြစ်နေသည်။ Avril Lavigne, Rihanna, Briteny Spears, Taylor Swift, Shakira, ..နောက် သူမကြည့်မရသော ဆောက်ပဆဲကြွယ်ပွင့်အဖွားကြီး ...Madonna..၊ အဲဒီရဲ့အောက်မှာက Korea Pop လောကရဲ့ မိန်းခလေးငါးယောက်အဖွဲ့ Baby V.O.X . . . . ။ သူမအားလုံးကို နှစ်သက်သည်။ တန်ဖိုးလည်း ထားပါသည်။ အမှန်ဆို ယခုအချိန်မှာ ရင်၌ကြည်နူးရိပ်ခြည်တွေ ပြည့်သိပ်နေရမည် ဖြစ်သော်လည်း ယခုအခါယ်က ဘယ်သူပို့လိုက်မှန်း မသိသော လက်ဆောင်ပစ္စည်း ဖြစ်သည့် အသိကြောင့် ရင်မှာ လက်ခံရခက်စွာ ခိုးလိုးခုလု ဖြစ်နေသည်။ ဒီလူ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူလဲ?...၊ ဘာလို့ ဒီလိုလုပ်ရတာလဲ?. . .၊

သူဒီလိုလုပ်တာဟာ ငါ့ရဲ့ဂုဏ်သိက္ခာနဲ့ မာနကို ထိပါးရာရောက်မယ် ဆိုတာကိုရော ဒီလူစဉ်းစားကြည့်ရဲ့လား?...၊ မေးခွန်းတွေ တွေးရင်းနှင့် စာအိတ်ကို ဖွင့်ဖောက်လိုက်သည်။ အထဲမှာတော့ . . ကွန်ပျူတာနှင့်ရိုက်နှိပ်ထားသော စာလေးတစ်စောင်. . .။

*စကားသူ. . . . . . . . . . . . .*

*အခုအချိန်မှာတော့. . . ဒီငနဲ ဘယ်သူလဲ. . .၊ ဘာရည်ရွယ်ချက်နဲ့ ဒီလိုလုပ်နေတာလဲ. .၊ စတန့်ထွင်ပြီး ပုံစံတစ်မျိုးနဲ့ Propose လုပ်ဖို့ချဉ်းကပ်တာလား. .၊ ဒီငနဲ ဒီလိုလုပ်နေတာတွေဟာ စကားသူလို မိန်းကလေးတစ်ယောက်ရဲ့ မာနနဲ့ဂုဏ်သိက္ခာကိုရော ထည့်တွက်ရဲ့လား . . . အဲဒီလိုအတွေးတွေနဲ့ စိတ်ကသိကအောက် ဖြစ်နေမှာပါပဲ. .၊ အသက်ဆယ့်တစ်နှစ်အရွယ်ကတည်းက Piano ကို နေ့စဉ်တီးခတ်ဆိုညည်းနေတတ်တဲ့ ကောင်မလေးဟာ ဂီတမှာမွေ့ပျော်တဲ့အလျှင်နဲ့ ပါရမီအခံကြောင့် တစ်ချိန်မှာ နိုင်ငံကျော် အဆိုတော်တစ်ယောက်ဖြစ်လာမှာကို ငါပြောရဲပါတယ် စကားသူ. .၊ အဲဒီအတွက် အတုယူလေ့ကျင့်ရာမှာ အထောက်အကူဖြစ်စေဖို့ မင်းနဲ့ လိုက်ဖက်မယ်ထင်တဲ့ Album တွေ ပို့ပေးလိုက်တာပါ. . .၊ မင်းသဘော ကျနှစ်သက်မယ်မှန်းသိပေမဲ့. . . ဘယ်ကမှန်းမသိတဲ့ဘယ်လိုလူက ဘာမှန်းမသိဘဲ ပို့လိုက်တဲ့ လက်ဆောင်ဖြစ်နေတော့ လက်ခံဖို့ စိတ်ကသိကအောက်ဖြစ်နေမှာ. . အသေအချာပါပဲ. .၊ အချစ်ဆိုတာ အရောင်တွေရှိတယ်. . .၊ မေတ္တာဆိုတာကတော့ အရောင်မရှိတဲ့ အဖြူထည်သက်သက်ပဲ. . .၊ မေတ္တာတရားရဲ့ ရောင် ပြန်ဟပ်တဲ့ သီအိုရီကို ယုံကြည်လို့ ငါပို့ပေးလိုက်တာပါ . . .၊ မင်းအမြင်မှာ ငါဟာ မီးတောက်တစ်ခုဆိုရင် အဲဒီမီးတောက်ဟာ မင်းကိုလောင် ကျွမ်းပူလောင်စေတဲ့ မီးတောက်မဟုတ်ဘဲ မင်းဘဝကို နွေးထွေးစွာ အလင်းရောင်ပေးမယ့် မီးတောက်လို့ လက်ခံပါ။ မင်းနဲ့*





*ငါဟာ မစိမ်း ပါဘူး. .၊ ငါဟာ မင်းသိခဲ့တဲ့ မင်းမသိတဲ့ လူတစ်ယောက်ပါ. . .၊ ရွှေလထဲမှာ ဒေါ်မေတ္တာသူ မြန်မာပြည်ကို ပြန်လာတဲ့ အခါမှာ မိုးထက်မြင့်သူမဟုတ်၊ တိမ်ညွန့်စား မဟုတ်တဲ့ တာဝတီသာဆိုတဲ့ လူက ငါဘယ်သူလဲဆိုတာ မင်းကို ပြောပြပါလိမ့်မယ်. .၊ ငါ့ကို မင်းရဲ့ရင်ထဲမှာလည်း ထည့်ထားစရာ မလိုဘူး. . .၊ ဦးနှောက်ထဲမှာလည်း ထည့်ထားစရာမလိုဘူး. . .၊ စိတ်ရှင်းရှင်းပဲထားပါ. . .၊ ဒါပါပဲ စကားသူ . . . . .။*

*P.S ____ ငါသာ မင်းနေရာမှာဆိုရင် ခုချိန်မှာ အဆိုသင်တန်းတစ်ခုကို အရင်ဆုံးတက်မှာပါ. . .၊ ဘယ်နယ်ပယ်ပဲဖြစ်ဖြစ် ကိုယ်မသိသေးတာတွေက အများကြီးရှိနေတယ် စကားသူ. . .။*



www.burmeseclassic.com

www.burmeseclassic.com

"အဲဒါပါပဲ ကိုရာ. . .၊ အဲဒါသူစာကို ကိုသိအောင် မချွင်းမချန် ဖတ်ပြလိုက်တာပဲ. .၊ ကဲ. . သူကို. . . ကိုဘယ်လိုမြင်လဲဟင်"

ဖုန်းထဲမှာ နောင်လတ်၏ တုံ့ပြန်သံကို မကြားရခင်မှာပင် သက်ပြင်းချသံကို အရင်ကြားလိုက်ရသည်။ ပြီးမှ. . . နောင်လတ်အသံ. .။

"ခုချိန်မှာတော့ ကိုဘာမှ မပြောနိုင်သေးပါဘူး စကားသူ. .၊ အန်တီဒေါ်မေတ္တာသူ ရောက်လာတဲ့အထိတော့ စောင့်ကြည့်ရတော့မှာပေါ့. .၊ အဲဒီအချိန်မှာ တာဝတိံသာဆိုတဲ့ လူက ဒီလူဘယ်သူဆိုတာ ပြောပြလိမ့်မယ်ဆိုပေမဲ့. . . အတိအကျ မသိရလောက်ပါဘူး အရိပ်အမြွက်ပဲ မင်းသိရမှာပါ. .၊"

"ဟုတ်ပါ့မလား. . . ဘာဖြစ်လို့ အဲလိုပြောနိုင်တာလဲ ကို. . ."

"ကို တွက်ကြည့်တာပါ. . . မိုးထက်မြင့်သူရော. . တိမ်ညွန့်စားရော. . အခု ထပ်ပေါ်လာမယ့် တာဝတိံသာဆိုတဲ့ လူရော. . အဲဒါဟာ တစ်ယောက်တည်းပဲလေ. . ."

"အင်းလေ. .၊ အဲဒါ ကျွန်မသိတာပေါ့. .၊ အဲဒါနဲ့ ဆိုင်လို့ လား. ."

"မိုးထက်မြင့်သူရော. . တိမ်ညွန့်စားရော ရှုးချင်ယောင်ဆောင်





ပြီး ဖောရှောလုပ်သွားကြတာလေ. . အခုလာမယ့် တာဝတိံသာ ဆိုတာလည်း ထိုနည်းလည်းကောင်းပဲဖြစ်လိမ့်မယ်. . ရူးသလို ကြောင်သလို လုပ်ပြီး မင်းကို ဝင်ရောသွားမှာလေ. . . အဲလို လူဟာ ကြောက်စရာပဲ. . သူကိုအကွက်ချပြီး ခိုင်းတဲ့သူက ပိုပြီး ကြောက်စရာပေါ့. . နောက်ပြီး ကိုအပါအဝင် ယောကျာ်းတွေကို သတိထားပြီးမှယုံပါ စကားသူ. . ငါ့မေတ္တာဟာ အဖြူရောင်လေးပါလို့ ပြောတဲ့သူတွေကို ပိုပြီး သတိထားပါ. . ခေတ်မရှိတော့ဘူးကွ"

ချစ်သူ၏အသံမှ ဒေါသသွေးစွက်စွက်ကို သူမ၏ နားမှတဆင့် မြင်လိုက်ရသည်။ ဤသည်ကို သူမကြည်နူးပါသည်။ နှလုံးသွေးတို့ အေးစက်နေခြင်းကို ချစ်သူတို့ မနှစ်သက်ကြပါ. . .။

"အဲဒါဆို အဲဒီပုစ္ဆာကို ဘယ်လိုအဖြေရှာရမလဲ. . ဒီလူနဲ့ ပတ်သက်ပြီး ကျွန်မ အဖြေတစ်ခုတော့ရချင်တယ်ကို. . ."

"တိကျတဲ့အဖြေကို မရနိုင်သေးပါဘူး စကားသူ. . . ဒီပုစ္ဆာမှာ ပေးထားချက်တွေ မပြည့်စုံဘူးလေ. . ."

သူမရင်ထဲမှာ 'ဒိန်း'ကနဲ ခုန်လှုပ်သွားသည်။ အိုး. . ဒါဟာ တိုက်ဆိုင်တာပဲလား. . .၊ ဒီစကားဟာ သူမငယ်ငယ်တုန်းက ဂျစ်တစ်တစ်ကောင်လေးတစ်ယောက်ဆီက အပိုင်ဝယ်ခဲ့ဖူးတဲ့စကားလေ. .။ သူမ၏ နှလုံးခုန်သံသည် ဘာ့ကြောင့်များ စည်းချက်ပြင်းစွာ ခုန်လှုပ်လာသည် မသိ. .။ ထူးဆန်းလိုက်တာ. .။ ကိုနှင့် ချစ်သူဖြစ်ချိန်တွင် ဒီလောက်မခုန်ခဲ့ဖူးသောရင်သည် ငယ်ငယ်က မှုန်ကုပ်ကုပ် ကောင်လေးကို ရုတ်တရက် ခေါင်းထဲရောက်လာချိန်တွင် ဘာကြောင့်များ ဒီလောက်ခုန်လှုပ်လာရပါသနည်း။

"ကို. . . အဲဒီစကားကို ငယ်ငယ်က ပြောခဲ့ဖူးသလားဟင်. ."

"ဘယ်စကားလဲ. . . စကားသူ. . ."

"အခု ကို ပြောတဲ့စကားလေ. . . ပေးထားချက်မပြည့်စုံတဲ့



www.burmeseclassic.com

www.burmeseclassic.com



အတွက် . . . ပုစ္ဆာရဲ့အဖြေဟာ တိကျတဲ့အဖြေ တွက်လို့မရဘူးဆိုတာလေ. . အဲလိုသဘောသက်ရောက်တဲ့ စကားကို ငယ်ငယ်တုန်းက ကောင်မလေးတစ်ယောက်က ကို့ဆီမှာ ဝယ်ခဲ့ဖူးသလားဟင်. ."

"အား. . . ပြဿနာပဲ. . စကားကို ဝယ်တာဟုတ်လား. . မင်းပြောမှပဲ ကြားဖူးတော့တယ်. . ကဲ,. . ကို့ကို ခွင့်ပြုပါဦး ညှော်သည် တွေရောက်နေလို့ ကိုယ်အလုပ်စကားလေး ပြောလိုက်ပါဦးမယ်. . . ဂွတ်လပ်ပါ စကားသူ. . . ."

"ဂွတ်လပ်ပါ . . . . ကို. . ."

နဂိုကမှ သပွတ်အူ အိမ်ဖွဲ့နေရသည့်အထဲမှာ မွှပြေနေသော ချည်ခင်ထွေးတစ်ခု ပြုတ်ကျလာပြီလားမသိ. . စဉ်းစားစရာတွေက ဘာတစ်ခုမှ ဆွဲကိုင်စရာ အစအစွန်းမထွက်. . ဒိုး. . . တော်ပြီလေ. . ဆက်ပြီး မစဉ်းစားတော့ဘူး၊ ဦးနှောက်က အနားယူဖို့တောင်းဆိုလာသည်။ ပူပူနွေးနွေး လက်ခံရရှိထားသော Album တွေထဲမှ သူမအနှစ် သက်ဆုံးဖြစ်သော အက်ဗရယ်လာဗင်း၏ ALbum ကို ဆွဲယူလိုက်သည်။

အခွေကို စက်ထဲသို့ ထည့်လိုက်၏။



# အခန်း (၅)

?

www.burmeseclassic.com

www.burmeseclassic.com

*နှလုံးသွင်းဆင်ခြင်စရာ*
*တရားစကားလေးတစ်ခု*
*နားကြားခဲ့ဖူးပါတယ်. . ။*
*"ရင်ဝကိုမြားစိုက်ရင်*
*မြားကိုနောက်မှနှုတ်ပါ၊*
*တရားကိုအရင်လုပ်ပါ". . . တဲ့. . ။*

*ကဲ! . . ချစ်လှစွာသောအသင်လူသားခင်ဗျာ. . ၊*
*ချစ်သူရဲ့မြားတစ်စင်း*
*ခင်ဗျားရဲ့ရင်ကိုစိုက်ဝင်ပါပြီ. . တဲ့. . ၊*
*မြားကိုအရင်နှုတ်မလား?*
*တရားကိုအရင်လုပ်မလား?*
*ကိုယ့်ရင်မှာမြားစိုက် နေတာကိုရော*
*ကိုယ့်ကိုယ်ကိုသိပါရဲ့လား?*



"မေတ္တာသူ ဒီနေ့ရောက်မယ်သမီး. . အဲ့ဒါ. . လေဆိပ်ကို သွားကြိုဖို့သမီးကို ဖေဖေစောင့်နေတာ. . "

အဆိုသင်တန်းမှ သူမပြန်လာချိန်တွင် ပေါ်တီကိုအောက်ကားရပ်ရပ်ချင်း ပထမဦးဆုံးတွေ့လိုက်ရသည်မှာ သူမကိုစောင့်ကြိုနေသောဖေဖေ့အပြုံးဖြစ်သည်။ သူမ ဖေဖေ့ကိုပြေးဖက်လိုက်၏။

"ဖေဖေဘယ်တုန်းကရောက်တာလဲ? . . သမီးကိုဘာလို့ဖုန်းကြိုမဆက်တာလဲ"

"သမီးသင်တန်းကို ထွက်သွားတဲ့အချိန်မှာ ဖေဖေရောက်တယ်အဝင်အထွက်လေးပဲ သားအဖနှစ်ယောက် ကိုရီးယားလွဲလွဲသွားကြတာလေ. . "

သူမမျက်နှာလေး တစ်ချက်တွေသွားသည်။ တစ်ခုခုတော့လွဲနေပြီထင်၏။ ကြိုတင်အကြောင်းမကြားဘဲ အခုလိုမျိုး ဖေဖေဘယ်တုန်းကမှ ရောက်မလာတတ်ခဲ့ပါ. . . ။

"လုပ်ကြံခံရပြီထင်တယ်. . ညတုန်းက ဖုန်းဆက်ရင် ရတာပဲသမီးလာကြိုမှာပေါ့. . ဒါဟာမရိုးသားဘူးဖေဖေ"

"အိုး. . ပြဿနာပဲ. . ဖေဖေဘာလုပ်လုပ် သမီးမယုံတော့



www.burmeseclassic.com

www.burmeseclassic.com



တာပါပဲလား. . . အခု ဒီကိုလာဖို့ကိစ္စမှာ ဖေဖေလည်း မနက်စောစောကမှ သိရတာကွ. . မေတ္တာသူ ဒီနေ့ပဲ ရန်ကုန်ရောက်မယ် အခုသွားကြိုရအောင်ဆိုပြီး Flight ticket ချက်ချင်းစီစဉ်ပြီး ဟိုပုဂ္ဂိုလ်က ဖေဖေ့ကို ပင့်လာခဲ့တာလေ"

ဖေဖေညွှန်ပြရာကို သူမကြည့်လိုက်သည်။ လား. . လား. . အခုမှပဲ သတိပြုမိလိုက်၏။ ဧည့်ခန်း ဆက်တီပေါ်မှာ ပြုံးရယ်ခြင်း အလျဉ်းကင်းစွာ ရုပ်ငြိမ်ကြီးထိုင်နေသောလူတစ်ယောက်. .

"မိုးထက်မြင့်သူ. . အဲ့ မဟုတ်ဘူး. . ဒီလူဟာတိမ်ညွှန့်စား . . တိမ်ညွှန့်စားပဲ. . ဖေဖေသူ့ကိုသတ်မယ်ဆို. . အခုသတ်လေ. . သူ့ကို ရှာပြီးတွေ့တဲ့နေရာမှာသတ်မယ်လို့ဖေဖေပြောခဲ့တာလေ. ."

ဖေဖေသည် အခုတော့လည်း သူမဟုတ်သလိုပါပဲ. . ယဲ့ယဲ့လေး ပြုံးလျက် တုံ့ပြန်သည်။ သိတာပေါ့. . ဖေဖေ့အကြောင်း. . သူမသိတာပေါ့. . ဖေဖေက သူမဘက်သို့လှည့်ကာ တိုးတိုးပြောသည်။

"မနက်ကတွေ့တွေ့ချင်းဖေဖေမေးတယ်. . မင်းက တိမ်ညွှန့်စားလားဆိုတော့. . မဟုတ်ဘူးတဲ့ တိမ်ညွှန့်စားကဦးသူရိန်သတ်လို့ သေသွားပြီတဲ့. . . သူကတာဝတီသာ. . . တဲ့"

"ဟင်! တာဝတီသာဟုတ်လား. . တွေ့ချင်နေတာနဲ့အတော်ပဲ"

ဖေဖေက သူမလက်ကိုဆွဲကာ အိမ်ထဲဝင်လာတော့ မိုးထက်မြင့်သူမဟုတ် တိမ်ညွှန့်စားမဟုတ်သော တာဝတီသာတစ်ဖြစ်လည်းက မတ်တတ်ရပ်ကာ ဦးညွှတ်သည်။ "Hay Guy! "ဟုအစပြုလျက်. . "ငနဲရေ. . ဒါကစကားသူပဲ" ဟုဖေဖေက အင်္ဂလိပ်လိုပြောကာ မိတ်ဆက်ပေးတော့ သူမရယ်ချင်သွားသည်။

" Hello, Sakar Thu.., old chap!

I am Tar Watain Thar.."

ဟဲလို စကားသူ. . မိတ်ဆွေဟောင်းကြီးပါလား. . ငါက တာဝတီသာ





ပါတဲ့. . အတည်ပေါက်နှင့် ဘိုလိုတုံ့ပြန် နှုတ်ဆက်တော့ သူမကြောင်သွားသည်။ မိုးထက်မြင့်သူတို့ကတော့ လုပ်ချလိုက်ပြန်ပြီလေ. . . တစ်ခါတစ်မျိုးမရိုးစေရ. . အခုငနဲက တာဝတီသာတဲ့ တာဝတီသာက သူဘိုလို ပြောရခြင်းအကြောင်းကို ဤသို့မြန်မာလိုဆက် ပြောပြန်သည်။ ကြည့်လေ. .

" အခု ငါတို့လေဆိပ်ကို သွားမယ်. . ဒေါ်မေတ္တာသူကို ကြိုပြီး အန်တီပြန်တဲ့အထိ ဒီကရှေ့မှာ ငါ့ကိုအင်္ဂလိပ်လိုပဲပြောခွင့်ပြုပါ. . မြန်မာစကားကိုငါဟာ မင်းတို့လိုမကျွမ်းကျင်လို့ပါ. . အင်္ဂုတ္တရနိကာယ် စတုက္ကနိပါတ်မှာ. .

-အသဒ္ဓဿ သဒ္ဓါကထာ ဒုက္ကထာ၊

-ဒုဿီလဿ သီလကထာ ဒုက္ကထာ၊

-အပ္ပသုတဿ ဗာဟုသစ္စကထာ ဒုက္ကထာ၊

-မစ္ဆရိယဿ စာဂကထာ ဒုက္ကထာ၊

-ဒုပ္ပညဿ ပညာကထာဒုက္ကထာလို့ဘုရားဟောရှိခဲ့ပါတယ်။

-သဒ္ဓါတရားမရှိသူအား သဒ္ဓါတရားနှင့် စပ်သောစကားကောင်းသည် စကားဆိုးဖြစ်သည်။

-သီလမရှိသူအား သီလနှင့် စပ်သော စကားကောင်းသည် စကားဆိုးဖြစ်သည်။

-သုတမရှိသူအား ဗဟုသုတနှင့်စပ်သော စကားကောင်းသည် စကားဆိုးဖြစ်သည်။

-ဝန်တိုမှု မစ္ဆရိယအားကြီးသူအား စွန့်ကြဲမှုနှင့်စပ်သော စကားကောင်းသည်စကားဆိုးဖြစ်သည်။

-အသိပညာမရှိသူအား အသိပညာနှင့်စပ်သောစကားကောင်းသည် စကားဆိုးဖြစ်သည်. . တဲ့. . ခက်တာက ကြားနာသူက စကားကောင်း၊ စကားဆိုး ခွဲခြားဖို့ နေနေသာသာ ငါကိုယ်၌က စကားကောင်း



www.burmeseclassic.com

www.burmeseclassic.com



စကားဆိုး ခွဲခြားမသိတော့ ငါ့စကားမှာ အမှားပါမှာစိုးလို့ပါ. . ငါက မင်းတို့လို မြန်မာစကားကို အပ်ကျမပ်ကျ အနုလုံ ပဋိလုံ မပြောတတ်လို့ပါ. . ”

ကြည့်လေ. . ပုံစံက ဘယ်လောက်များ ရိုက်ချင်စရာ ကောင်းလိုက်ပါသလဲ. . သူမ သည်အထိတော့ သည်းညည်းခံနိုင်သေးသည်။ သည့်ထက် သည်းညည်းခံဖို့တော့ အတော်စိတ်ထိန်းရပါလိမ့်မည်။ စင်စစ်. . ထောင်ချောက်တစ်ခု၏ အဝ၌ရောက်နေသည်ကို သူမ မသိပါ။ တာဝတီသာတစ်ဖြစ်လည်းက ရုပ်ငြိမ်ကြီးနှင့်စကားဆက်သည်။

“ဓမ္မပဒမှာလည်းဆိုထားသေးတယ်ကွ. . နှုတ်နဲ့ဆိုင်တဲ့ မကောင်းမှုသုံးမျိုးပေါ့. . . အင်္ဂလိပ်လိုတော့. .

**Let a man guard himself against irritability in speech;**

**Let him be controlled in speech.**

**Abandoning verbal misconduct,**

**Let him practise good conduct in speech.**

နှုတ်နဲ့ဆိုင်ရာ မကောင်းမှုသုံးမျိုးကို စောင့်ရှောက်ရာ၏။ နှုတ်ဖြင့် မကောင်းမှုမှ စောင့်ရှောက်ရာ၏. . ။ နှုတ်ဖြင့် မကောင်းသော အကျင့်ကို ပယ်၍ . . . ”

“တော်တော့. !!”

သူမဒေါသနှင့်အော်ပစ်လိုက်သည်။

ဒေါသသွေးဖိတ်နီစွေးသော သူမ၏မျက်နှာကို တာဝတီသာသည်အပြစ်မရှိသည့်မျက်နှာလေးနှင့်ငေးကြောင်ကြည့်နေ၏။

“ဒီမှာ. . ရူးသလိုကြောင်သလို. . လူတတ်ကြီးလိုလို. . ပေါသလိုလိုနဲ့. . . ဒီအချိန်ဟာ တရားစကားတွေ ဓမ္မပဒတွေလာရွတ်နေတာကိုနားထောင်ရမယ့်အချိန် မဟုတ်ဘူး. . . ကျွန်မ သိချင်တာက. . . ဒေါ်မေတ္တာသူလာတဲ့အချိန်မှာ ကျွန်မရှိရာကို တာဝတီသာဆိုတဲ့လူ





ရောက်လာမယ်၊ တာဝတီ သာက အခုရှင်တို့ကိုခိုင်းတဲ့ သူဟာဘယ်သူလဲ ဆိုတာပြောပြမယ်ဆိုလို့ ကျွန်မတာဝတီ သာကို တွေ့ချင်နေတာပဲ. . ဒါန်းတွေ ပတ်ပျိုးတွေ ကျွန်မသည်းမခံနိုင်တော့ဘူး၊ ရှင့်ကိုဘယ်သူခိုင်းတာလဲ. . ပြော. . ”

သူမ၏ ရန်စွယ်စကားကြောင့် တာဝတီ သာ၏သွားခေါ်အုပ်တ်ခမ်းလေးနဲ့နဲ့ ပြုံးသွားသည်။ ပြီးတော့. . ဖေဖေ့မျက်နှာကို တာဝတီသာ လှမ်းကြည့်လိုက်သည်။

“ဝေ့လည်ကြောင်ပတ်နဲ့ဖောရှောလုပ်ဖို့မစဉ်းစားနဲ့. . ပြော. . ရှင့်ကို ကျွန်မဆီဘယ်သူလွှတ်လိုက်တာလဲဆိုတာ. . . ”

သည်အခိုက်မှာပင် ဖေဖေသည်ရှေ့တိုးလာကာသူမ၏ပခုံးကို ဖွဖွအုပ်ကိုင်လိုက်၏။

“စိတ်လိုက်မာန်ပါလုပ်လိုက်တာနဲ့. . တစ်ချက်မှားသွားပြီ သမီး. . . ဒီကိစ္စဖေဖေပြောပြမယ်. . . ”

“သူ့ကို သမီးဆီလွှတ်တဲ့သူ ဘယ်သူလဲဆိုတာ သူ့စကားကိုဆုံးအောင်နားထောင်လိုက်ရင် သူပြောမှာပါ. . . သမီးက တစ်ဝက်တစ်ပြက်နဲ့အော်လိုက်ရင်တော့ တစ်ဝက်တစ်ပြက်ပဲ သိရမယ်တဲ့. . ဒါ သမီးမလာခင်မှာ တာဝတီ သာနဲ့ ဖေဖေနဲ့ ကတိကဝတ် လုပ်ထား စကားပဲသမီး. . ”

သူမ ငြိမ်သွားသည်။ သည်ကိစ္စမှာသူမ မမှားဘူးဟု ခံယူထား သည်။ ဖေဖေက စကားဆက်ပြော၏။

“နောက်ပြီး သမီးစဉ်းစားကြည့်. . သူတို့တွေဟာ သူတို့အတွက် အကျိုးအမြတ်မှ မရှိဘဲနဲ့ အမှန်ကို သမီးသိရအောင်. . ”

ဖေဖေ့စကားက ပြောရင်းနှင့် သတိပြုမိလိုက်စွာ တုန့်ကနဲ



www.burmeseclassic.com

www.burmeseclassic.com



တန့်ရပ်သွားသည်။ စကားသူသည် ပင့်သက်ချလိုက်ရင်း သူမ၏ စိတ်
ကြိုးစား ထိန်းချုပ်နေ၏။ သူမသည် တာဝတီ သာ၏ မျက်နှာအ
စူးစူး ကြည့်လိုက်သည်။

"Sorry ပါ တာဝတီ သာ. . . ကဲ. . ပြောပါဦး. . ရှင့်ကို ကျွ
ဆီ လွှတ်တဲ့သူဟာ. . . လားရှိုးကမဟုတ်လား?"

ခေါင်းလည်းမညိတ်. . ခေါင်းလည်းမခါ. . . တာဝတီ သ
သည်သူပြောရန်ရှိသည့်စကားကိုသာ ပြောလေသည်။

"ဘယ်ပုစ္ဆာမှာပဲဖြစ်ဖြစ်. . ပေးထားချက် မပြည့်စုံရင်တ
တိကျတဲ့ အဖြေကိုတွက်လို့ မရနိုင်ပါဘူးတဲ့. . အဲဒီစကားကို ဟိုးတ
ချိန်တုန်းက ကောင်ကလေးတစ်ယောက်ဟာ ဖေဖော်ဝါရီ-၂၉မှာမွေး
ကောင်မလေးတစ်ယောက်ကို ဖော်လန်ဖားပြီး အတန်းထဲမှာပြော
တယ်. . . ညနေချိန် ကျောင်းဆင်းလမ်းကလေးမှာ ကောင်မလေးထ
အဲဒီစကားကို ကောင်လေးဆီကဝယ်တယ်. . အဲဒီမှာ ကောင်လေး
နောက်ပြောင်လို့ ကောင်မလေးက လက်သံပြောင်ပြောင်နဲ့ မြေစိုင်ခဲန
လိုက်ရော. . . ကောင်လေးရဲ့ နောက်စေ့မှာ ဟက်တက်ပဲ. . အခုအ
ထိပေါ့. . . သေရာပါ အမာရွတ်တစ်ခု အမှတ်တရတံဆိပ်ခပ်နှိပ်ခံ
တာလေနောက်. . ကောင်လေးဟာ သူ့အဖေတာဝန်ကျရာလိုက်ရ
ဆိုတော့. . အဲဒီကတည်းက သူတို့မတွေ့ကြတာ အခုအချိန်ထိပါပဲ.
ကောင်မလေးမှာ တစ်ဘဝလုံး ဖုံးကွယ်ခံထားရတာတဲ့ မတရားမှု တ
ရှိတယ်. ."

"အဟမ်း! အဟမ်း!"

မျက်စိမျက်နှာပျက်ကာ ဖေဖေအထိတ်တလန့် ဖြစ်သွားသ
လုပ်ချောင်း ချောက်ကြီးဟန့်သည်။ တာဝတီ သာထံမှ သည်လော
သိရမည်ဟု သူမနားလည်လိုက်၏။ သူမသည် မျက်ဝန်းတွေကို
လိုက်ကာ ငယ်ငယ်က မှုန်ကုပ်ကုပ်ကောင်ကလေးကို အာရုံမှာ ကြ





ပုံဖော်ကြည့်သည်။ မရ. . ဘယ်လိုမှ ပုံဖော်ကြည့်လို့မရ. . ရေးရေးမှ
ပင်မြင်၍ မရပါလား. . . ထူးဆန်းမှုတစ်ခုကို သူမကိုယ် သူမသတိပြု
မိလိုက်၏။ သူမ၏ နှလုံးသားသည် စည်းချက်ပြင်းထန်စွာ တဒုတ်ဒုတ်
လှုပ်ခုန်နေလေသည်။

ညှော်ကြိုသူတွေက နှစ်ဦးအစသုံးဦးအစနှင့်မတ်တတ်ဖွဲ့ဖွဲ့လေး
တွေရှိနေသည်။ သည်အထဲမှာ သူတို့သုံးဦးသည် တစ်ကွင်းဆီဖြုတ်ချ
ထားသော သံကြိုးကွင်းသုံးခုနှယ် သင်းကွဲဖြစ်နေ၏။ သူမသည်လည်း
နံဘေးမှာ ရှိနေသော Information ဆိုင်းဘုတ်နှင့် AIRPORT HELP
ဟူသော အဖြူခံပေါ်မှ အနက်စာလုံးတွေကို အဓိပ္ပာယ်မဲ့ ကြည့်နေမိ
လေသည်။ သည်အခိုက်မှာပင် ခန်းမအတွင်းသို့ အသက်နှစ်ဆယ်ဝန်း
ကျင်အရွယ် ကောင်လေးတစ်ဦးနှင့် ကောင်မလေးတစ်ဦးဝင်လာ၏။
မိန်းကလေးက ဦးဆောင်၍ ဝင်လာသည်။ ငယ်နုသော မျက်နှာထက်မှာ
မာနရိပ်ခြည်တွေ ဖိတ်လက်နေသည်။

အနားကအဖြတ်တွင် ကောင်လေးက ခဏရပ်ကာ နှုတ်ဆက်
မှ ဦးသူရိန်သတိပြုမိလိုက်သည်။ ဦးသူရိန်ကို ရိုကျိုးစွာ ဦးညွှတ်၍ ခပ်လှမ်း
လှမ်းမှာ နှစ်ဦးသား သွားရပ်နေသည်။

သူတို့နှစ်ယောက်ကိုကြည့်ရင်း တာဝတီ သာသည် ဦးသူရိန်၏
အနားသို့ ကပ်လာပြီး ဗမာပီပီစပ်စုကာ အတင်းစကားကို အင်္ဂလိပ်လို
ပြောလေသည်။

"အဲ့ဒါဘယ်သူလဲ အန်ကယ်"

"ပန်းချီဆရာတစ်ယောက်ပါပဲ. . အင်ပရက်ရှင်းနစ်ပဲ. . ဟိုသို့
ဆီမှာ နှစ်နှစ်လောက် ပညာသင်ခဲ့ဖူးတဲ့ တပည့်ပေါ့. . သူသင်တာကျ



www.burmeseclassic.com

www.burmeseclassic.com



တော့ ရီရယ်လစ်ဇင်ဗျ. . "

"သူ့နာမည်ဘယ်သူလဲ. . သူက မန္တလေးကပဲလား. . "

"No, No သူက ပြင်ဦးလွင်က. . နာမည်က အုပ်စိုးသာတဲ့. . Let Say ပြောပါဦး. . မောင်ရင်ဘာဖြစ်လို့ မေးတာလဲ"

"အခု သူနဲ့တွဲလာတာ သူ့မိန်းမလား. . သူ့ချစ်သူလား သိချင်တာ အဲဒီကောင်မလေးက ဒေါ်မေတ္တာသူရဲ့ မွေးစားသမီး. . နာမည်က ပိတောက်ခက်တဲ့. . အလကားနေရင်း အနောက်လေမိပြီး စိတ်ကြီးဝင်နေတာ. . ကျွန်တော်ကတော့ ကြက်ခြေခတ်ပဲ. . လုံးဝကြည့်လို့မရဘူး"

ယောက်ျားဘသားနှစ်ဦး အင်္ဂလိပ်လို ပြောဆိုနေကြသည့် အတင်းစကားက ဗန်းစကားလား. . broken လား မသဲမကွဲ ကြားနေရသည်ဆိုသော်ငြား. . အန်တီမေတ္တာသူ၏ မွေးစားသမီးဟု သိလိုက်ရသည့်အတွက် သူမ လှမ်းကြည့်လိုက်သည်။ သည်မှာပင် သူမအား စိုက်ကြည့်နေသော ပိတောက်ခက်၏ မျက်လုံးစိမ်းတွေကို ရင်ဆိုင်လိုက်ရသည်။ မြွေဟောက်မတစ်ကောင်၏ အငြိုးအတေး ဖိတ်လက်နေသည့် မျက်လုံး ရိုင်းများ. . သူမကျောထဲမှာ စိမ့်ကနဲ ဖြစ်သွားသည်။

သည်အခိုက်မှာပင် ကိုယ်စီအတွေးတွေ၊ ကိုယ်စီ စကားတွေထဲမှာ အလျှင်မျှော လွင့်နေကြသော ဧည့်ကြိုသူတွေ လွန့်ကနဲလှုပ်သွားသည်။ စက်ာပူလေကြောင်းလိုင်းမှ ဘိုးအင်းဂျက် လေယာဉ်ကြီး၏ ဘီးလုံးတွေသည် လေယာဉ်ပြေးလမ်းပေါ်သို့ ကျဆင်းလာပြီဖြစ်၏။



"မြင်ရတာ စိတ်မကောင်းလိုက်တာ. . . ပိုးဟပ်ဖြူလေး တစ်ကောင်ကို မြင်ရသလိုပါလား. . သမီးရေ. . ဟိုမှာကြည့်လိုက်. . အဖြူရောင်ဝတ်စုံနဲ့အမျိုးသမီး. . ပိတောက်ခက်က ဖက်ထားတဲ့သူလေ. .၊ အဲဒါ. . သမီးကိုတွေ့ဖို့ မြန်မာပြည်ကိုရောက်လာတဲ့ မေတ္တာသူဆိုတာပဲ သမီး. . "

ဖေဖေ မညွှန်ပြခင်ကတည်းက ပိတောက်ခက် ဖက်ထားသောသူသည် အန်တီမေတ္တာသူမှန်း တွက်ဆသိရှိပြီး ဖြစ်ပါ...ည်၊ နောက်ပြီးသည် အမျိုးသမီး၏မျက်လုံးများ. . သည်မျက်လုံးများသည် မှန်ချပ်တွေ၏ ဟိုမှာဘက်မှနေ၍ သည်ဘက်သို့ ဝင်ရောက်လာကတည်းက တစ်စုံတစ်ယောက်အား တည်ငြိမ်စွာ ဝေ့ဝဲရှာဖွေနေသည့် မျက်လုံးများ. . သူမ၏ ရင်သည် ဘာကြောင့်များ သိမ့်သိမ့်နင့် လှိုက်လာသည်မသိ. . .၊ မေတ္တာသူနှင့် သူမ၏ကြားတွင် နှလုံးသည်းပွတ်နှစ်ခုအား ဆက်သွယ်ထားသည့် မမြင်ရသော ကြိုးကလေးသည် တင်းကနဲဖြစ်သွား၏။ ရှာဖွေနေသောမေတ္တာသူ၏ မျက်လုံးတွေသည် ငေးကြည့်နေသော သူမ၏ မျက်လုံးတွေနှင့် ဆုံသွားသည်။ မေတ္တာသူ၏ ခန္ဓာကိုယ်သည် ဘဒ်္ဂမှာကျောက်ရုပ်တစ်ရုပ်လို တောင့်ကနဲ ဖြစ်သွား၏။ "စကားသူ" . . . တဲ့ အသံမထွက်လာသော်လည်း မေတ္တာသူ၏ နှုတ်ခမ်းတွေ လှုပ်သွား



www.burmeseclassic.com

www.burmeseclassic.com



ကာ ခေါ်ဆိုလိုက်သည်ကို နှလုံးသားက ကြားလိုက်သည်။ ဖက်တွယ်ထားသော ပိတောက်ခက်၏ လက်ချောင်းတွေကို အသာဖယ်ခွာချလိုက်ပြီးနောက် သူမဆီသို့ မေတ္တာသူပြေးလာသည်။ မျက်စိအောက်မှ ရုတ်ချည်းပျောက်သွားတော့မည့် အလား သူမအား မေတ္တာသူက တင်းတင်းဖက်ထားသည်။ မျက်ရည်တမံသည် ကျိုးပေါက်သွား၏။ မေတ္တာသူ၏ စီးကျမျက်ရည်စတွေက သူမ၏ပခုံးထက်မှာ စိုနစ်သွားသည်။ သူမ၏ လက်ချောင်းတွေသည် လှိုဖျော့ပါးလျသော ကျောပြင်လေးအား အလိုလိုပင် ထွေးဖက်ထားလေသည်။ ဘယ်အချိန်က ပြန်လည်ထွေးဖက်လိုက်မိမှန်း သူမကိုယ်သူမ သတိမပြုမိလိုက်ပါ။ မေတ္တာတရား၏ ရောင်ပြန်ဟပ်သည့်သဘောကြောင့်ပဲလားမသိ။ မိမိအား တင်းတင်းဖက်ကာ ငိုကြွေးနေသော မေတ္တာသူ၏ သိမ့်သိမ့်ရှိုက်သံသည် သူမ၏နှလုံးအိမ်အား တနင့်နင့်ဆုပ်ကိုင် လှုပ်ခါနေလေသည်။ ဘာကြောင့်များ ရင်သည်နှင့်သက် နာကျင်နေသည်မသိ။ သူမ၏မျက်လုံးအိမ်မှ မျက်ရည်စတွေ စီးကျလာသည်။

"သွားကြရအောင်လေ. . ပြီးမှအေးအေးဆေးဆေး တွေ့ကြတာပေါ့. . မေတ္တာသူ မင်းကို ငါတို့ ဘယ်ကိုပို့ပေးရမလဲ"

ဖေဖေ့အသံတွေသည် ပုံမှန်ပြောနေကျ အသံမဟုတ်သည်ကို သူမသတိပြုမိလိုက်သည်။ ပိတောက်ခက်နှင့် သူ့အဖော်ကောင်လေးလည်း အနားသို့ရောက်လာသည်။ ပိတောက်ခက်၏ မျက်နှာသည် လျှော့ပြေခြင်းမရှိ။ မေတ္တာသူကိုကြည့်၍ ပိတောက်ခက်ပြောသည်။

"ဆီဒိုးနားမှာပဲခက်နဲ့အတူ လိုက်ခဲ့ပါမာမီ။ ဆီဒိုးနားကပဲ မာမီ့အတွက် အဆင်ပြေပါလိမ့်မယ်"

မေတ္တာသူသည် တလောကလုံးမှာ သူမမှလွဲ၍ မည်သူမှရှိသည်ဟု သဘောမထားလေဟန်။ စကားအားလုံးကို မသိကျိုးကျွံပြုလျှက် သူမ၏လက်တွေကိုသာ ဆုပ်ကိုင်ထားသည်။ သူမ၏မျက်နှာကိုသာ ရွှန်းရွှန်းစားစား ကြည့်နေသည်။





"သစ္စာသူမှ တကယ့်သစ္စာသူပါပဲ. . .။ သစ္စာသူ ငယ်ငယ်တုန်းကလည်း သမီးနဲ့ တစ်ပုံစံတည်းပဲ။ တက်ကြွ မော်ကြွားနေတဲ့ သမင်မျိုးလေးလိုပဲ အပြစ်ကင်းစင်တဲ့အလှနဲ့ ကြည့်ပါဦးကိုသူရိန်"

ခေါင်းညိတ်ပြသော ဖေဖေ့မျက်ဝန်းမှာ မျက်ရည်စတွေ သီသီဆဲ့လို့ပါလား။ ဖေဖေသည် မေမေ့ကို သတိရသွား၍ ဖြစ်ပါလိမ့်မည်။

"သွားကြရအောင်လေ ပိတောက်ခက် ပြောသလိုပဲ. . မင်းကို ငါတို့ဆီဒိုးနားကို လိုက်ပို့ပေးရမလား. မေတ္တာသူ"

မေတ္တာသူသည် ဖေဖေ့မျက်နှာအား စူးစူးကြည့်လိုက်သည်။ လုပ်ဟန်က ပါးလွှဖြူဖျော့သော်ငြား မျက်လုံးတွေက စူးလက်တောက်ပနေသည်။

"ကျွန်မ မြန်မာပြည်ကိုလာတဲ့ အဓိကရည်ရွယ်ချက်က ကျွန်မ မသေခင်မှာ စကားသူနဲ့တွေ့ချင်တာတစ်ခုပဲ။ စကားသူနဲ့ နီးနိုင်သမျှ အနီးဆုံးနေရာဆိုရင် ဘယ်နေရာမှာပဲဖြစ်ဖြစ်ရတယ်"

ဤမှာပင် တစ်ချိန်လုံးငြိမ်သက်ကာ အခြေအနေကိုကြည့်နေသော တာဝတီသာက "Please, Listen.." ဟုဆိုကာ အောက်ဂလိအာ အင်္ဂလိပ်စကားနှင့် ဝင်ပြောသည်။

"အကောင်းဆုံးကတော့. . အန်တီ. . ဘယ်ဟော်တယ်ကိုမှ မသွားဘဲစကားသူရဲ့အိမ်ကိုပဲလိုက်ခဲ့ပါအန်တီ. . "

မေတ္တာသူ၏ မျက်နှာ ဝင်းပသွားသည်။ မြန်မာဆိုသည်မှာ ညှဲ့သည်ကို အားနာတတ်သော ဗီဇစိတ်က မွေးရာပါဖြစ်သည်။ သူမနှင့် ဖေဖေကလည်း သဘောတူသည်။ အလိုမကျသူမှာ ပိတောက်ခက်နှင့် သူ့ကောင်လေးဖြစ်သည်။ ပိတောက်ခက်သည် မကျေလည်ခြင်းနှင့် လက်လျှော့သည်။

"အဲဒါဟာ အဓိပ္ပာယ်မရှိဘူး. . မာမီ့ကျန်းမာရေး ရုတ်တရက် ဆိုးလာရင် ဘယ်လိုလုပ်မလဲ. . ဒါပေမဲ့. . မာမီ့သဘောပါ. . မာမီ



www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒကို ခက်မကန့်ကွက်ရပါဘူး"

ပိတောက်ခက်၏အမျိုးသားသည် ဘာမျှဝင်မပြောသော်လည်း မကျေမနပ် ဖြစ်နေသည်။ သုန်မှုန်သော မျက်နှာနှင့် ဦးသူရိန်တို့ နှစ်ယောက်အား ရှုတင်းတင်းကြည့်ကာ ပိတောက်ခက်ကို တီးတိုးကပ် ပြောသည်။ ဘာပြောသည်ကို မသိသော်လည်း ဤစကားသည်ချိန် ကိုက်ဗုံး တစ်လုံး၏ စနက်တံအား ရှို့လိုက်သော မီးတောက် တစ်ခုသာ ဖြစ်ပါလိမ့်မည်။ ပိတောက်ခက်သည် ဦးသူရိန်နှင့် တာဝတီသာ၏ ရှေ့မှာ ရပ်လိုက်၏။

"အမှန်တရားကို ဖုံးကွယ်ပြီး ကိုယ့်ကိုယ်ကို ဟုတ်လှပြီထင်နေ ကြတာပေါ့. . ရှင်တို့ပိတောက်ခက် အကြောင်းသိစေရမယ်. . စကားသူ ကို ခက်ပြောစရာရှိတာ ပြောရတော့မယ်"

ပိတောက်ခက်၏စကားကြောင့် ဦးသူရိန်နှင့် တာတီသာတို့ ခေါင်းနားပန်းကြီးကာ ခြေဖျားလက်ဖျားတွေ အေးစက်သွားသည်။ ပိတောက်ခက် စိန်ခေါ် ဖွင့်ဟမည့် စကားသည် စကားသူအားမူးမေ့လဲကျသွားစေမည့် စကား ဖြစ်မည်ကို နှစ်ဦးသားထိတ်လန့်နေမိလေသည်။



သူမ၏အခန်းမှာပင် ဒေါ်မေတ္တာသူ ဆေးသောက်ပြီး အနားယူ နေစဉ် သူမနှင့်ဖေဖေ ဧည့်ခန်းဘက် ထွက်ခဲ့သည်။ ဖေဖေသည် စကား ပြောနိုင်အောင်ပင် ရင်၌ထိခိုက် ကြေကွဲနေသည်ကို သူမ နားမလည် နိုင်အောင်ဖြစ်မိသည်။ သူတို့သားအဖ ဧည့်ခန်းထဲ ရောက်ချိန်တွင် ပိတောက်ခက်နှင့် သူ့အမျိုးသားကထိုင်ရာမှထလိုက်ပြီး နှုတ်ဆက် သည်။

"ခွင့်ပြုပါဦး ဆရာ. ."

"အေးကွာ. . ခုလိုလာတွေ့တာကျေးဇူးပါ. ."

"ဆရာပြပွဲရှေ့ကို ရွှေ့လိုက်ရတော့ ကားတွေ ပြည့်ရဲ့လား ဆရာ. ."

"အင်း. . ရှိသလောက်နဲ့ပဲပေါ့. . ရာသီပွဲတော် Title နဲ့ကား တွေတော့ နှစ်ကားလျှော့သွားတာပေါ့. . မတတ်နိုင်ဘူးလေ. . ဒီမှာလည်း အခြေအနေက မင်းမြင်တဲ့အတိုင်းပဲ"

"ခွင့်ပြုပါဦး ဆရာ. . ညနေမှ ကျွန်တော်နဲ့ ခက်နဲ့ လာခဲ့ပါဦး မယ်. . ဒေါ်မေတ္တာသူ ဒီမှာနေတုန်းမှာကိုင်မယ့် ဖုန်းနံပါတ်ကိုလည်း ဟိုအစ်ကိုကြီးက ပေးထားပါတယ်. ."



www.burmeseclassic.com

www.burmeseclassic.com



ဟိုအစ်ကိုကြီးဆိုသည်မှာ ညော်ခန်းထဲတွင်ပြုံးရယ်ခြင်းကင်းစွာ ရှုကြီးနှင့် ထိုင်နေသော တာဝတီသာကို ပြောခြင်းဖြစ်သည်။ တာဝတီသာကမူ သူတို့နှစ်ဦးအပေါ်မှာ မျက်မှုန်းကျိုးစွာ ဘုကြည့်ကြည့်နေသည်။ စင်စစ် ပိတောက်ခက်သည် မွေးစားသမီးဆိုသော်လည်း ဒေါ်မေတ္တာသူ၏ သမီးဆိုတော့ သူမနှင့် ညီအစ်မတစ်ဝမ်းကွဲပင် တော်နေသေးသည်။ သည်အသိကြောင့် စကားသူသည် ပိတောက်ခက်အား စိတ်ဖြူလေးနှင့် ပြုံးပြလိုက်၏။ ပိတောက်ခက်သည် သူမအား မကျေလည်သည့် မျက်နှာနှင့် တုံ့ပြန်သည်။

"နင်နဲ့ ငါနဲ့ နှစ်ယောက်တည်းပဲ. . ငါတို့ချင်း ပြောစရာ စကားရှိတယ်. . ခြံထဲက သစ်ပင်အောက်မှာ စကားပြောမယ်. . . လိုက်ခဲ့ပါ စကားသူ. ."

"နေ. . နေပါဦးတူမကြီး. . အန်ကယ့်ကို အရင်ပြောပါ. . . အန်ကယ် အဆင်ပြေအောင် အတတ်နိုင်ဆုံး လုပ်ပေးပါ့မယ်. . သမီးကို စိတ်အနှောင့်အယှက် မဖြစ်စေချင်လို့ပါ. ."

ဖေဖေ၏ ငြိမ်းချမ်းရေး ညှိနှိုင်းခြင်းကို ပိတောက်ခက် လက်မခံပါ။ ထိမထင်သည့် ဟန်နှင့်ပယ်ချသည်။ ဤတွင် စကားသူ၏ မာနသည် ခေါင်းထောင်ထလာသည်။

"ကောင်းပြီလေ. . ငါလိုက်ခဲ့မယ်. . ဒါပေမဲ့ ဘာအကြောင်းလဲဆိုတာ အကြမ်းဖျင်းအရင်ပြော"

"နင်မသိသေးတဲ့ငါ့အကြောင်းနဲ့ နင်မသိသေးတဲ့နင့် အကြောင်း"

မိန်းကလေးနှစ်ယောက် ခြံတွင်း သစ်ပင်ရိပ် ရှိရာသွားသည်။ ယောကျ်ားသားသုံးဦးက ခပ်လှမ်းလှမ်းမှ စောင့်ကြည့်ကျန်ရစ်၏။





"နင်မသိသေးတဲ့ငါ့အကြောင်းကိုအရင်ပြောမယ်. . ငါကလည်း နင်နဲ့ဘဝတူပဲ. . နှစ်နှစ်သမီးမှာ မေမေဆုံးခဲ့တယ်. . ငါကနင့်လို မဟုတ်ဘူး. . မေမေက တကယ်ဆုံးခဲ့တာ. . ဖေဖေက ငါ့ကိုအဘွားနဲ့ ထားခဲ့ပြီး စင်္ကာပူက ဆောက်လုပ်ရေး construction တစ်ခုမှာ အလုပ်သွားလုပ်တယ်. . ငါရှစ်တန်းနှစ်မှာ ဖေဖေက ငါ့ကိုခေါ်တယ်. . အဲဒီမှာ အခု နင်သိထားတဲ့ နင့်အဒေါ် ဒေါ်မေတ္တာသူနဲ့ တွေ့တယ်. . သူက သမီးတစ်ယောက်ရဲ့ မေတ္တာကိုငတ်မွတ်နေတော့. . ငါ့ကိုမွေးစားတယ်. . အဲဒီအချိန်မှာ သူဟာ တော်တော်ချမ်းသာနေပြီ. . ငါဆယ့်ခြောက်နှစ်မှာ ဖေဖေအသည်းကင်ဆာနဲ့ မြန်မာပြည်ကိုပြန်လာတယ်. . ငါလည်း မြန်မာပြည်ကို ပြန်လိုက်ခဲ့ရတယ်. . တစ်နှစ်တောင် မကြာလိုက်ဘူး ဖေဖေဆုံးသွားတယ်. . အဘွားလည်း မရှိတော့ဘူး. . ဖေဖေက တစ်ဦးတည်းသောသားဆိုတော့. . အမွေတွေနဲ့အတူငါဟာ တစ်ကောင်ကြွက်ပါပဲ. . ဒေါ်မေတ္တာသူရဲ့ရင်ခွင်ကို ပြန်သွားမယ်လုပ်တော့. . ဖေဖေနဲ့ မြန်မာပြည်ကို ပြန်လိုက်သွားကတည်းက သူက ငါ့ကိုသံယောဇဉ် ဖြတ်ပစ်ခဲ့ပြီတဲ့. . ဖြတ်မှာပေါ့. . အဲဒီအချိန်မှာ နင်ဆိုတဲ့စကားသူဟာ သူ့ဘဝထဲကို ရောက်သွားပြီလေ. . ငါဘယ်လိုမှ အစားဝင်လို့ မရနိုင်တော့ဘူး စကားသူ. . နောက်ပြီး. . ယောကျ်ားတစ်ယောက်ကိုငါချစ်ခဲ့တယ်. . ဘယ်လောက်ထိ ရူးသွပ်မိုက်မဲစွာ ချစ်ခဲ့သလဲဆိုရင် တွယ်ရာမဲ့တဲ့ ငါ့ဘဝရဲ့ အချိန်တိုင်း အရာရာတိုင်းဟာ သူ့အတွက်ပဲ. . သူမရှိတော့ရင် ငါဟာ သေသွားမလားတောင် မသိဘူး. . ငါဟာအချစ်အတွက်အဲလိုရူးသွပ်ခဲ့တယ်. . ဒါပေမဲ့. . သူကငါ့ကို မချစ်ဘူး. . ဟိုးငယ်ငယ်လေးထဲက သူ့ရင်ထဲမှာ နင်ကရှိနှင့်ပြီးသား ဖြစ်နေတယ်. . တော်တော်ရင်နာဖို့ ကောင်းတယ်. . ငါဟာ ငါ့ဘဝရဲ့အချိန်တိုင်းမှာ သူ့အတွက် ဖြစ်နေတဲ့အချိန်မှာ သူကတော့ သူ့ဘဝရဲ့ အချိန်တိုင်းမှာ နင့်အတွက်ပဲ ဖြစ်နေတယ်. . ငါနင့်ကို သတ်ပစ်ချင်လောက်အောင် မုန်းတယ်စကားသူ. . နင်လူဖြစ်လာတာ



www.burmeseclassic.com

www.burmeseclassic.com



ဟာ ငါလိုလားတောင့်တတဲ့အရာတွေကို လုယူဖို့ လူဖြစ်လာသလိုပဲ. . နင်ဟာငါ့နှလုံးသားကိုပြာဖြစ်သွားအောင် လောင်မြိုက်မယ့် မီးတောက်ပဲ စကားသူ. . "

သူမ အတိုင်းအတာ တစ်ခုအထိ ရေလည်သွားသည်။ စိုးစဉ်းမျှသာရှိသည့်ဒေါသစိတ်လေးလည်း ပြေပျောက်သွားသည်။ တစ်ဆက်တည်းမှာပင် ပီတောက်ခက်အား သူမကရုဏာသက်မိလိုက်သည်။

"Sorry, ပါ ပီတောက်ခက် ငါကိုယ်ချင်းစာပြီး နင့်အပေါ်မှာ နားလည်မိပါပြီ. . နင်အတော်ပင်ပန်းခဲ့မှာပါပဲ. . နင့်နေရာမှာ ငါဆိုလည်း အဲလိုဖြစ်မိမလား မသိနိုင်ပါဘူး"

သူမက ပီတောက်ခက်အား ထိခိုက် ကျွမ်းလောင်ခြင်းတို့ ပြေလျော့စေရန် ရင်တွင်းစကားနှင့် ဖြေသိမ့်သော်လည်း မုန်းတီးမီးလျှံ ညီးညီး လောင်မြိုက်နေသော ပီတောက်ခက်ကတော့ သူမအတွက် ရင်ခွင်းမြားတစ်စင်း ပစ်လွှတ်လိုက်လေသည်။

"နင်နောင်လတ်ကို ဘယ်တော့မှ မပိုင်ဆိုင်စေရဘူး စကားသူ နင်နဲ့နောင်လတ်ဟာ နင့်အတွက် အိပ်မက်တစ်ခုပဲ ဖြစ်စေရမယ်. . နင်နဲ့နောင်လတ် လက်ထပ်တဲ့နေ့မှာ နောင်လတ်ဟာ ငါ့ရင်ခွင်မှာပဲရှိနေမယ် စကားသူ. . "

အိုး. . ဒီမိန်းမ ရူးသွားပြီလားမသိ. . နာကျင်စွာ ရယ်မောနေပြန်သည်။ စကားသူ၏ရင်မှာ တလှပ်လှပ်လှိုက်ဖိုလာသည်။ ခန္ဓာကိုယ်ထဲမှ သွေးကြောတွေ ဖျဉ်းဖျဉ်းထဆူကြွလာသည်။ သူမသည် ပီတောက်ခက်အား ကြည့်ရင်းနှင့် ထိတ်လန့်လာလေသည်။ ပီတောက်ခက်သည်ကိုနှင့် မည်သို့ဆက်စပ်ပါသနည်း. . .။ ကို့ကိုပင် သူမ၏ရင်ခွင်မှ ဆွဲထုတ်ယူသွားဦးမည်ဆိုပါလား. . အတွေးတွေကတောင်စဉ် ရေမရ. . . ဟိုတစ်စ. . ဒီတစ်စ. . . ဆက်စပ်လို့မရ. . .။

"အဲ့ဒါဟာ နင်မသိတဲ့ငါ့အကြောင်းပဲ. . . အခု. . နင်မသိတဲ့





နှင့်အကြောင်း. . . ငါပြောမယ်. . စကားသူ"

သူမသည် ဆဋ္ဌမအာရုံကို သိသာစွာ သတိထားမိတတ်သူ ဖြစ်သည်။ ယခုလည်း ဆဋ္ဌမအာရုံကသူမကို လှုပ်နိုးလိုက်သည်လားမသိ၊ ပီတောက်ခက်ပြောမည့်စကားသည် သူမအတွက် လိပ်ပြာလွင့်သွားစေလောက်သည့်စကားဖြစ်ပါလိမ့်မည်။

"မေတ္တာသူ ဆိုတာတကယ်မရှိပါဘူးစကားသူ. . ဖခင်ကဗမာ မိခင်က အိုင်းရစ်၊ သူတို့မွေးထားတာ. . သမီးတစ်ယောက်ပဲရှိတယ်. . အဲဒီသမီးကသစ္စာသူပဲ. . သစ္စာသူမှာဘယ်အစ်မ ဘယ်ညီမမှမရှိဘူး"

"ဘာလဲ!နင်. . နင်ဘာတွေလာပြောနေတာလဲ ပီတောက်ခက်"

သူမထိတ်လန့်ကြီးစွာအော်လိုက်မိသည်။ နှလုံးအိမ်သည်ရင်ကို ပွင့်ထွက်မတတ် လှုပ်ခါပုတ်ရိုက်နေသည်။ ခန္ဓာကိုယ်တွင်းရှိ သွေးကြောတွေ ရှန်းကြွဆူလှိုက်နေသည်။ သူမသည်ပီတောက်ခက်အား ထိတ်လန့်စွာ ငေးကြောင်ကြည့်နေမိလေသည်။

"နင် နှစ်နှစ်သမီးမှာ ဒေါ်သစ္စာသူဟာ အိုင်ယာလန်ကို ထွက်သွားတယ်. . ဒပ်ဗလင်မှာသူ့အမေရှိတယ်. . အဲဒီကမှ စက်ရုံမှာ အထိုင်ချပြီး မနားမနေ အလုပ်လုပ်ခဲ့တာ. . အဲဒါဟာ စကားသူရဲ့ နောင်ရေးအတွက်တဲ့. . ပန်းချီကားရေးရောင်းလို့ရတဲ့ ဝင်ငွေဟာ သမီးအတွက်အနာဂတ်မှာ မရေရာဘူးတဲ့. . အဲလိုထွက်သွားရင် လင်ခန်းယားခန်းအပြတ်ဆိုပြီး နင့်အဖေ ရှင်ခန်းဖြတ်တာကို ဂရုမစိုက်ဘဲ ထွက်သွားတယ် နင့်အဖေဟာ အတော်ရက်စက်ခဲ့တာပဲ. . တကယ့်အတ္တသမား. . သစ္စာသူကို သေစာရင်းသွင်းပစ်တဲ့လူ. . သကြံန်အကြိုနေ့ကြီး. . သစ္စာသူ ဒပ်ဗလင်ထွက်သွားတဲ့နေ့ကို သစ္စာသူဆုံးတဲ့နေ့လို့ ဘာမှည်းတင်ပစ်ခဲ့တဲ့လူ. . ကျွတ်၊ သနားတယ်စကားသူ. . လုံးဝပဲ. . ဘင်း. . . ဟင်း. . နင်တစ်သက်လုံးအညာခံခဲ့ရတာလေ. . "

ဘစ်စုံတင်ရာကို ပြောချင်သော်လည်း အသံက ထွက်မလာ၊



www.burmeseclassic.com

www.burmeseclassic.com



လည်ချောင်းထဲမှာ ပူလောင်ခြောက်ကပ်နေသည်။ နှလုံးသားတစ်ခုလုံးအား တစ်စုံတစ်ယောက်က လက်သီးဆုပ်ထဲ ထည့်ဆုပ်ထားသလို ရင်မှာ မွန်းကြပ် နင့်မောနေသည်။ လေဆိပ်တုန်းက သူမရှိရာပြေးလာကာ အားပါးတရ ဖက်ထားရင်း မျက်ရည်တွေတွေ စီးကျရှိုက်ငိုနေသော မေမေ့ရုပ်သွင်ကအာရုံမှာ ဝင်ရောက်လာတော့ ရင်တစ်ခုလုံး နင့်သက်စူး အောင့်လာသည်။ ပိတောက်ခက်၏ စကားတွေကို ကြားလိုက် မကြားလိုက်နှင့်ရှိနေသည်။

"နင်တို့ သားအဖ မရှက်ဘူးလား. . ဆယ့်ရှစ်နှစ်လုံး ပစ်ထားပြီး အခုသေကာနီးကျမှ မာမီရှာထားသမျှ အပိုင်စီး. . နင်တို့သာပေါ်မလာခဲ့ရင် ဒါတွေအားလုံးဟာ ငါရမယ့်ပိုင်ဆိုင်မှုတွေလေ. ."

နှလုံးအိမ်သည် သည့်ထက်ပို၍ ဖိနှိပ်နင့်သက်နေခြင်းအား ခံနိုင်ရည်မရှိတော့ပါ။ ခြေလက်တွေလေးလံလာကာ ညွတ်ကျသွားသည်။ နံဘေးပတ်ဝန်းကျင်မှ အရာအားလုံး ချာလည်လိုက်နေသည်။ မျက်လုံးတွေပြာဝေလာကာ သူမလဲကျသွားသည်။ 'သမီး' ဟုဝမ်းခေါင်းသံကြီးနှင့် အော်လိုက်ရင်း ပြေးလာနေသော ဖေဖေနှင့် တာဝတီသာတို့၏ ပုံရိပ်တွေက ဝေဝါးသွားသည်။ အမှောင်သည်သူမအား ပွေ့ချီလျက်ခိုးယူသယ်ဆောင်သွားလေသည်။



# အခန်း (၆)

# ?

www.burmeseclassic.com

www.burmeseclassic.com

*အင်္ဂလိပ်စကားမှာ*
***behind the eight ball* ဆိုရင်**
*အခက်အခဲ အကျပ်အတည်း*
*တွေ့နေတာကို*
*ဆိုလိုတာပါ. . . ။*

*ကဲ! ချစ်လှစွာသောအသင်လူသားခင်ဗျာ. .*
*ခင်ဗျားဘဝမှာ*
*အချစ်နဲ့ပတ်သက်ပြီး*
***behind the eight ball***
*ဘယ်နှစ်ခါများ*
*ဖြစ်ခဲ့ဖူးပါသလဲ?*
*- အနိုင်ရခဲ့ပါသလား?*
*- ကျရှုံးခဲ့ရပါသလား?*
*- ဘယ်လိုအရသာမျိုး*
*ခံစားခဲ့ရဖူးပါသလဲ?*



အဖြူရောင်ပိုးသားစ ဖုံးအုပ်စီးနှောင်ထားသော အရိုးပြာအိုးလေးကို ရင်ခွင်မှာပိုက်လျက် မိုးထက်မြင့်သူသည် လေယာဉ်ပေါ်မှ ဆင်းလာသည်။ ဧည့်ကြိုများစောင့်ရာနေရာ၌ သူမသည် ဖေဖေနှင့် အတူရပ်နေ၏။ မှန်သားနံရံကြီးပိုင်းခြားထားသော ဂိတ်ပေါက်မှ မိုးထက်မြင့်သူ ထွက်လာသည်။ လက်ထဲမှ အရိုးပြာအိုးလေးကိုမြင်တော့ သူမရင်မှာ နင့်ကနဲ စူးအောင့်သွားသည်။ မေမေ. . သံသရာမှာ ကျင်လည်ရာဘဝအဆက်ဆက်. . . လူ့ဘဝရရှိခိုက်မှာ မေမေပေးဆပ်ရတဲ့ ဆန်ဖိုးက ကြီးမားလွန်းပါတယ်. . . ကောင်းရာမွန်ရာ ဘုံဘဝမှာ ငြိမ်းချမ်းစွာ စားရောက်ရှိပါစေ မေမေ. . . . ။

မိုးထက်မြင့်သူက လက်ထဲမှ အရိုးပြာအိုးလေးကို ဖေဖေ့ လက်ထဲသို့ ပေးအပ်လိုက်သည်။ ဖေဖေသည် လက်ထဲမှ အရိုးပြာအိုးလေးကို ကြည့်ရင်း တုန်ယင်စွာညည်းဆိုသည်။

"ဒါလေးပဲတဲ့လား. . . . မင်းနဲ့ငါရဲ့ အဆုံးသတ်အချိန်မှာ င်းကို ဒီလောက်လေးပဲ ရှိတော့တဲ့ပုံစံနဲ့ မြင်တွေ့ပြီး ငါတို့ခွဲခွာကြရတာ လား. . . ပင်လယ်တွေခြားနေပါစေ. . . တောင်တန်းတွေခြားပါစေ. . .



www.burmeseclassic.com

www.burmeseclassic.com



အဲဒါတွေရဲ့ တစ်ဘက်မှာ မင်းရှိနေတယ်ဆိုတဲ့ အသိနဲ့ ငါဆက်လက်ရှင်သန်ခဲ့တာပါ. . . အဲဒါဟာဆယ့်ရှစ်နှစ်လုံးပါပဲ. . . အခုတော့. . ."

ဖေဖေ့အသံတွေ တိုးဖျော့သွားသည်။ မျက်ဝန်းမှ မျက်ရည်စတွေ စီးကျလာသည်။ မိုးထက်မြင့်သူက "သွားကြရအောင် အန်ကယ်"ဟု တိုးတိုးပြောဆိုသည်။ ကားရပ်နားရာနေရာ အရောက်မှာ ကားပေါ်မတက်သေးဘဲ သူမက မိုးထက်မြင့်သူကို စူးစူးကြည့်လိုက်၏။ မိုးထက်မြင့်သူက ရှုတည်တည်နှင့်တုံ့ပြန်သည်။

"ဘာပြောစရာရှိလို့လဲ စကားသူ. . ရည်းစားစကားဆိုရင်တော့ နောက်မှပြောပါ. . . အန်ကယ်ရှေ့မှာ ငါအနေခက်လို့ပါ. . ."

ရင်မှာနွမ်းလျနေသည့်အချိန်၌ သူ၏ ဟာသစကားသည် စိတ်ကို ပြေလျော့မသွားနိုင်ပါ သူမတည်တည် မေးလိုက်သည်။

"ရှင်က ဘယ်သူလဲ. . . မိုးထက်မြင့်သူလား. . . တိမ်ညွန့်စားလား. . . တာဝတိံသာလား. . ."

"မင်းပြောတာ တစ်ယောက်မှ မဟုတ်ဘူး. . . ငါ့နာမည်က စိုင်းစိုင်းခန်းလှိုင်. . ."

"စိုင်းစိုင်းကြားရင်တော့ ကိုယ့်ကိုကိုယ် သတ်သေတော့မှာပဲ. . ဒီမှာ. . . တစ်ခါတစ်လေလေးတော့ ရှင်စကားကို တည်တည်တံ့တံ့လေး ပြောလို့မရဘူးလား. . ."

အဲဒါ. . . တစ်ခါတစ်လေလေးမို့ စကားကို အတည်ပြောတာပဲ. . . စိုင်းစိုင်းခန်းလှိုင်ဟာ ငါ့နာမည်အစစ်အမှန်ပဲ. . မင်းတို့လိုကောင်မလေးတွေ သဲသဲလှုပ်နေတဲ့ စိုင်းစိုင်းက မသတ်နဲ့ ခမ်းတယ် ငါက နငယ်သတ်နဲ့ခန်းတယ်. . . နောက်ပြီး. . . သူက ငါ့လောက် မချောဘူးလေ. . ရော့. . . မင်းမယုံရင် ငါ့မှတ်ပုံတင်ကို ကြည့်လိုက်. . ."

တကယ်လည်း မိုးထက်မြင့်သူ၏ မှတ်ပုံတင်ထဲမှ အမည်ရင်မှာ 'ကိုစိုင်းစိုင်းခန်းလှိုင်' ဖြစ်နေသည်။ သူမ ပခုံးတစ်ချက် တွန့်လိုက်မိပြီး





ကားကိုမောင်းထွက်ခဲ့သည်။ လေဆိပ်မှအထွက် ကတ္တရာလမ်းမပေါ် ချိုးကွေ့ အတက်လိုက်မှာ မျက်ဝန်းထောင့်ကပ်လျက် နောက်ကြည့်မှန်မှ လှမ်းကြည့်လိုက်မိသည်။ သည်မှာပင် နောက်ဘက်ခပ်ခွာခွာမှ လိုက်လာနေသော ကားတစ်စီးကို သူမသတိပြုမိလိုက်သည်။

ပရားဒိုးကားကြီးတစ်စီး. . အရောင်က ပုလဲရောင်. . .

သေချာပါတယ်။ သည်ကားသည် သူမ၏ကားနောက်မှ မသိမသာနှင့် ပါးနပ်စွာလိုက်လာနေသည်။ သူမ မသိဟန်ပြုလျက် ဣန္ဒြေရရလေး ဆက်မောင်းလာခဲ့သည်။

(တွေ့သေးတာပေါ့. . လျှို့ဝှက်တဲ့ငနဲရယ်. . . ဒီတစ်ခါတော့ ရှင့်ရဲ့မျက်နှာဖုံးကို ကျွန်မကိုယ်တိုင် ဆွဲခွာချပစ်မယ်. . . သတ္တိရှိရင် အိမ်ရှေ့ထိသာ လိုက်ခဲ့ပေတော့. . .)

စိတ်တွင်းမှ ကြိမ်းဝါးလိုက်သည်။ သူမ၏ နှုတ်ခမ်းလေး အနည်းငယ် တွန့်ကွေးသွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ခြံထဲသို့ ကားကွေ့ဝင်ကာနီးမှာ နောက်ကြည့်မှန်ကို တစ်ချက်ကြည့်လိုက်သည်။ ပုလဲရောင် ပရားဒိုးကြီးက မသိမသာ ပါလာဆဲပင်. . . သူမကားကို ခြံထဲသို့ မောင်းဝင်လိုက်သည်။

"အစီအစဉ်က ညနေမှပဲမန္တလေးကိုသွားမှာ မဟုတ်လား စကားသူ မင်းဖြစ်ချင်တဲ့ဆန္ဒကိုလည်း ပြောပါဦး"

ဧည့်ခန်းမှာထိုင်လိုက်ရင်း မိုးထက်မြင့်သူက ပြောသည်။ ဖေဖေက အရိုးပြာအိုးကို စားပွဲပေါ်မှာ တယုတယတင်လိုက်သည်။

"ညနေမှသွားမှာပါ. . . ခဏနားပါဦး. . . အခု. . . ကျွန်မ လမ်းမအပြင်ဘက်ထွက်ပြီး လူဖမ်းစရာရှိတယ်"

သူမ၏စကားကြောင့် မိုးထက်မြင့်သူ မျက်နှာတစ်ချက်ပျက်သွားသည်။ သည်အခိုက်မှာပင် မိုးထက်မြင့်သူ၏ ဟန်းဖုန်းမှ အသံထွက်လာသည်။ နံပါတ်ကိုကြည့်ပြီး သူ၏မျက်နှာမှာ ပို၍အိုစာသွားသည်။ မိုးထက်မြင့်သူ ဖုန်းဖွင့်လိုက်၏။

"ဟယ်လို! ပြောပါ. . ညီဘွား. . ကျွန်တော်မိုးထက်မြင့်သူပါ."





"... ... ... ... ..."

"ဟုတ်ကဲ့. . . ညီဘွား. . . အားလုံးအဆင်ပြေပါတယ်. . . Immigration က အန်ကယ်ထိုက်ကလည်း အကူအညီပေးပါတယ်"

"... ... ... ..."

"အဲဒါက. . . အန်ကယ်ဦးထွန်းဝေနဲ့ အကုန်စီစဉ်ပြီးခဲ့ပြီးသားပါ. . . အန်တီသစ္စာ ဒီကိုလာတုန်းက အကုန်စီစဉ်သွားတာပါ. . ."

"... ... ... ..."

"ကျွန်တော်. . . အခု. . . စကားသူရဲ့ အိမ်မှာပါ. . . ညနေပိုင်းကျမှ မန္တလေးကို သွားကြမှာပါ. ."

"... ... ... ..."

"ဟင်!. . . ညီဘွား ရန်ကုန်ရောက်နေတာ. . . ဟုတ်လား ဟာဗျာ. . . ညီဘွားတော်တော်နောက်တာပဲ. . . ဒါဆို. . . ကျွန်တော်တို့ နောက်ကနေ. . ညီဘွားအကုန်တွေ့တာပေါ့. . ."

"... ... ... ... ... ... ..."

"ဩော်. . ဟုတ်ကဲ့ညီဘွား. . . အဲဒါဆို. . . ကျွန်တော်အခုပဲ အဲဒီကို လာခဲ့ပါ့မယ်. . . ပရားဒိုး. . . ဟိုပုလဲရောင်. . . ဟုတ်ကဲ့. . . ... ... ဟုတ်ကဲ့ ... ... ..."

စကားသူသည် မျက်ဝန်းအကြည့်တွေကို စန္ဒရားကြီး နံဘေးရှိ အလှတင်ခုံပေါ်မှ မာယာလူမျိုးတို့၏ ဟန်နှင့်အမိအရ ထုလုပ်ထားသော လည်ပင်းရှည် ပန်းပုရုပ်အမဲလေးဆီသို့ ပို့ထားသော်လည်း နားကိုတော့ စွင့်ထားသည်။ နားထဲမှာ တိုးဝင်လာသော မိုးထက်မြင့်သူ၏ စကားတွေကို ဆက်စပ်တွေးမိလိုက်ရင်း သူမ၏ နှုတ်ခမ်းတွေ ပြုံးသွားသည်။ နင်က အခုမှသိတာပါ မှင်စာငပေါ်ရယ်. . . ကြည့်နေ. . . အဲဒီ လျှို့ဝှက်တဲ့လူကို ဒီနေ့ငါအမိဖမ်းပြမယ်။

မိန်းမတစ်ယောက်၏ မာယာသည်အသက်ဝင်လာပြီဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် သူမ၏ဟန်းဖုန်းကိုနှိပ်လိုက်ရင်း အလိုမကျဟန်ပြုလျက် မိုးထက်မြင့်သူ၏ ရှေ့သို့ ရုတ်ခြည်းရောက်သွားသည်။ သူ့ဖုန်းကို ယောင်အမ်းအမ်းနှင့်ပေးလိုက်သည်။ သူမသည် မိုးထက်မြင့်သူ၏ ဟန်းဖုန်း သူမလက်ထဲရောက်သည်နှင့် အခုလေးတင်ဝင်လာခဲ့သော ဖုန်းနံပါတ်အား ဖွင့်ရှာကြည့်လိုက်သည်။ ဖုန်းနံပါတ်ကိုတွေ့တော့ သူမခံလိုက်ရပြီဟု နားလည်လိုက်၏။

"...ခုလေးတင် ဝင်လာတဲ့ ညီဘွားရဲ့ ဖုန်းနံပါတ်ကို ရှာတာဆိုရင်တော့ အချည်းနှီးပဲ ဖြစ်လိမ့်မယ် စကားသူ..ညီဘွားက သတိမလွတ်ဘူး မင်းတွေ့ရင် လမ်းဘေးက P.C.O ဖုန်းနံပါတ်ပဲ တွေ့လိမ့်မယ်..."

မိုးထက်မြင့်သူက ထော့ပြုံးလေးတစ်ခုကို သွားခေါ်အုပ် နှုတ်ခမ်းထက်မှာ ချိတ်ဆွဲလျက် လက်ကမ်းသည်။ သူမက ပါးလျလျအပြုံးတုတစ်ခုနှင့် ရောစပ်လျက် မိုးထက်မြင့်သူ၏ဖုန်းကို ပြန်ပေးလိုက်သည်။ ပြီးတော့...မည်သူ့ကိုမျှ သံတော်ဦးမတင်ဘဲ ခြံဝသို့သုတ်သုတ် လှမ်းထွက်ခဲ့သည်။ ကိစ္စတိုင်းအတွက် သူမတွင် Plan-B ဆိုသည်မှာအမြဲရှိပါသည်။

ကျောက်လမ်းမထက်မှာ ခွာမြင့်ဖိနပ်လေး စီးထားသော ခြေထောက်ဖြူလေးချမိပြီ...။ ဝဲယာဟိုဘက်သည်ဘက်သို့ မျှော်ကြည့်လိုက်၏။တွေ့ပြီလေ...မိမိခြံနှင့် ခုနစ်ခြံလောက်ပဲ ဝေးရာမှာ ကားတစ်စီး ကျောက်ချထားသည်။

ပုလဲရောင်...ပရားဒိုး...

သူမသည် ကားရှိရာသို့ သုတ်သုတ်လှမ်းလိုက်၏။

တွေ့ကြသေးတာပေါ့...လျှို့ဝှက်တဲ့လူရေ...။

● ● ●

ကားအနီးသို့ သူမရောက်သွားသည်။ ကားပေါ်မှာ ဘယ်သူမှမရှိ ပိုပြီးသေချာစေရန် သူမကားနံဘေးထိ ရပ်ကြည့်လိုက်သည်။ ဘယ်သူမှမရှိပါ ဒီလူဘယ်ရောက်သွားပါလိမ့်...။





"ကိုယ်သာခိုးစားရင်တော့ မင်းနဲ့အရင်မိမှာပဲ စကားသူ..."

နောက်ဘက်မှ ရုတ်တရက်ကြားလိုက်ရသော အသံကြောင့် သူမကိုယ်လေး ဆတ်ကနဲ တုန်သွားသည်။ သူမလှည့်ကြည့်လိုက်သည်။ သစ်ပင်အောက်မှာကွယ်၍ရပ်ရင်း ဖုန်းပြောနေသော နောင်လတ်ကို တွေ့လိုက်ရ၏။ သူမပျော်သွားသည်။ ဒါပေမဲ့...ချက်ချင်းမှာပင် တစ်စုံတစ်ရာကို စဉ်းစားမိလိုက်၍ မျက်မှောင်လေး ကျုံ့သွားကာ နံဘေးဝဲယာကို စူးစမ်းကြည့်နှင့် ရှာကြည့်လိုက်သည်။

"ဘာကိုရှာနေတာလဲ စကားသူ...ဘာလုပ်ချင်လို့လဲ"

"P.C.O...P.C.O လေ...ဒီနားမှာ အဲဒါကိုတွေ့လို့ ခုလေးတင်ဆက်တဲ့ ဖုန်းနံပါတ်ကို ကြည့်လိုက်ရင် ဒီလူကို ကျွန်မဖမ်းလို့ရပြီ..."

ကိုသည် ဘာမှန်းမသိသော နားမလည်နိုင်မှုများနှင့် အူလည်လည်ရှိက်သွားသည်။ သူလည်း ယခုမှ ယောင်တောင်တောင်နှင့် ပီစီအိုဖုန်းဆိုင် လိုက်ရှာကြည့်သည်။ ပြီးတော့...ခေါင်းကုတ်သည်။

"စကားသူရယ်...မင်းတို့ရပ်ကွက်က လူချမ်းသာတွေချည့်နေကြတာလေ...ဒီလိုနေရာမျိုးမှာ ဘယ်သူက P.C.O ဖုန်းဆိုင်လာဖွင့်ပါမလဲ...စဉ်းစားကြည့်ပါဦး ကျောင်းအစ်မရယ်"

ဟုတ်တာပေါ့...သူမအတွေးချော်သွားခြင်းပဲဖြစ်သည်။ သူမသည် နောင်လတ်၏ မျက်နှာကို ရွှန်းရွှန်းစားစားကြည့်လိုက်၏။

"ကိုဘယ်တုန်းကရောက်တာလဲ...ကျွန်မဆီကို ဖုန်းကြိုပြီး ဘာလို့မဆက်တာလဲ...ကို့မှာကျွန်မ မသိအောင်လုပ်နေတဲ့အကြောင်းအရာတွေရှိနေတာလားကို..."

နောင်လတ် မျက်နှာတစ်ချက် ပျက်သွားသည်။ သူမ၏ ငြိုငြင်မှုကို ပျာပျာသလဲ ထုချေလွှာတင်ရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မနေ့ညနေက မင်းနဲ့ဖုန်းပြောပြီးကတည်းက ကိုယ်လိုက်လာတာ. . . မန္တလေးမှာ ခဏနားတယ်. . . မနက်ခုနစ်နာရီမှာ ရန်ကုန်ကိုရောက်တယ်. . . ဒီမနက်ခင်းမှာ မင်းမေမေရဲ့ အရိုးပြာအိုးရောက်လာမယ်လို့ မင်းပြောခဲ့တာလေ. . . ဒီအချိန်မှာ မင်းနံဘေးမှာ ကိုရှိနေသင့်ပါတယ် စကားသူ. . . တွေ့ပြန်တော့လည်း နံဘေးမှာ မင်းဖေဖေ ရှိနေတော့ ကိုအနားမကပ်ရဲဘူးလေ. . . လေဆိပ်အထွက်ကတည်းက ကိုနောက်ကလိုက်လာခဲ့တာကွ၊ ကိုယ့်ကားကို မြင်ရင်တော့ ကိုရောက်နေတာ မင်းသိမှာပဲဆိုပြီး နောက်ကလိုက်လာခဲ့တာ တော်သေးတယ်. . . မင်းကကိုယ့်ကားကိုမှတ်မိလို့. . ."

သူမသည် ကို့မျက်နှာကို စူးစူးကြည့်လိုက်၏။ ကို့မျက်နှာမှာ ဖုံးကွယ်မှုတွေ ဘာမျှမတွေ့ရ. . . တကယ့်အရိုးခံမျက်နှာ. . . သည်အခိုက်မှာပင် သူမ၏ Hand Phone မှ အသံထွက်လာ၏။ ဖေဖေ့ ဖုန်းနံပါတ်ပေါ်နေသည်။ ဖေဖေဖုန်းခေါ်ခြင်းဖြစ်၏။

"ဟုတ်ကဲ့. . . ပြောပါဖေဖေ. . ."

"သမီးဘယ်ရောက်သွားတာလဲ. . . ဒီမှာ မိုးထက်မြင့်သူလေ ပြန်တော့မလို့တဲ့. . . အဲဒါ. . . သမီးပြောစရာ ကိစ္စရှိသေးလား. . . တဲ့"

"မရှိပါဘူးဖေဖေ. . . ညနေလေးနာရီ မန္တလေးသွားမှာ. . . အဲဒီမတိုင်ခင် သူအမီပြန်လာမှာမဟုတ်လား. . ."

"မလိုက်တော့ဘူးသမီး. . . အခုသူ့ဘော့စ် ရန်ကုန်ရောက်နေတယ်. . . တဲ့၊ အဲဒါသူ့ဘော့စ်ဆီ သွားတွေ့ပြီး သူပြန်လိုက်သွားတော့မယ်. . . တဲ့. . . ဒါဆို. . . သူနဲ့စကားပြောလိုက်ပါဦးသမီး"

ဖေဖေသည် ဖုန်းအား မိုးထက်မြင့်သူထံ ကမ်းပေးလိုက်သည်ဟု သူမသိလိုက်သည်။

"ဟယ်လို. . . မိုးထက်မြင့်သူ ခေါ် တိမ်ညွှန့်စား ခေါ် တာထေ





သာ ခေါ် ကိုစိုင်းစိုင်းခန်းလှိုင်. . . အစစအရာရာ ခုလို ဦးဆောင်ကူညီပေးခဲ့တဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်. . . နှုတ်ဆက်လိုက်ပါတယ် မိုးထက်မြင့်သူ. . . မင်္ဂလာပါ. . . လို့"

"မင်္ဂလာပါ စကားသူ. . ."

ဟင်. . . ဘယ်လိုလူလဲမသိ. . . ဒီတစ်ခွန်းပဲပြောပြီး ဖုန်းချသွားသည်။ မိုးထက်မြင့်သူသည် ယခုသူ့ဘော့စ်ဆီသို့ သွားမည်ဆိုသောအသိကို ခေါင်းထဲမှာ လက်ကနဲ မြင်လိုက်မိသည်။ သူမသည် ကို့လက်ကိုဆွဲခေါ်ပြီး ကားတံခါးကို ဖွင့်လိုက်သည်။

"ကို. . . ကားပေါ်အမြန်တက်လိုက်ပါ. . . ကျွန်မ မိုးထက်မြင့်သူနောက်ကို နောက်ယောင်ခံလိုက်ကြည့်ချင်လို့. . ."

နောင်လတ် သဘောပေါက်သွားသည်။ ကားပေါ်သို့တက်ကာ ယာဉ်မောင်းနေရာမှာ ထိုင်လိုက်သည်။ သူမတွင် တစ်ချက်ခုတ်နှစ်ချက်ပြတ် အကြံတစ်ခုရှိသည်။ မိုးထက်မြင့်သူ ထွက်လာပြီး ရပ်ထားသည့် သည်ကားကိုမြင်၍လာပြီးဆက်သွယ်လျှင် လျှို့ဝှက်သောသူ မည်သူဆိုသည်ကို သိရပြီဖြစ်သည်။ ကားရှေ့ခန်းမှာထိုင်လျက် သူမ၏ ခြံရှေ့သို့ နှစ်ဦးသားမျက်တောင်မခတ် စောင့်ကြည့်နေလေသည်။

သည်အခိုက်မှာပင် မိုးထက်မြင့်သူသည် ခြံတံခါးမှ ထွက်လာ၏။ ကတ္တရာလမ်းမအစပ်မှာ ရပ်လိုက်ပြီး ဝဲယာမျှော်ကြည့်သည်။ ဤတွင်ခပ်လှမ်းလှမ်းမှာ ရပ်ထားသော နောင်လတ်၏ ကားကြီးကို တွေ့သွားသည်။ သူသည်ကားကြီးကို အကြာကြီးရပ်ကြည့်နေသည်။ စကားသူ၏ အိမ်ကိုသမင်လည်ပြန် တစ်ချက်ကြည့်သည်။ ပြီးတော့. . . ကားကြီးရှိရာသို့ သုတ်သုတ်လှမ်းလာသည်။ စကားသူ၏ ရင်မှာ တဒုတ်ဒုတ် လှုပ်ခါလာသည်။

ခြံနှစ်ခြံကျော်လှမ်းအပြီးမှာ မိုးထက်မြင့်သူ၏ ခြေထောက်တွေတုန့်ကနဲရပ်သွားသည်။ ကားကိုရပ်ကြည့်နေပြန်သည်။ ဝေခွဲမရဟန်



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ မိုးထက်မြင့်သူသည် အိပ်ထောင်ထဲမှ သူ့ Hand Phone ကို ထုတ်လိုက်သည်။ ပြီးတော့. . . နံပါတ်များကို နှိပ်သည်။ တစ်ဦး တစ်ယောက်ထံသို့ ဖုန်းခေါ် လိုက်ခြင်းဖြစ်သည်။ ဤတစ်ဦးတစ်ယောက်သည် သူ့ဘော့စ်မှလွဲပြီး မည်သူမျှမဖြစ်နိုင်ပါ. . . ။

သည်မှာပင် သူမတို့နှစ်ဦးကြားမှာ Hand Phone ခေါ်သံက ခုန်ပေါက်တက်လာသည်။ သူမ၏ Hand Phone မှ မဟုတ်ပါ။ နောင်လတ်၏ Hand Phone မှ ဖြစ်သည်။ ကိုသည်ထိုင်ခုံနှစ်ခုကြားမှာ ချထားသော သူ့ဟန်းဖုန်းကို ကြည့်လိုက်သည်။ နံပါတ်တွေမြင်တော့ ကို့ခန္ဓာကိုယ်ကြီးဆတ်ကနဲ ဖြစ်သွားသည်။

ကို့မျက်နှာသည် မှုပျက်ထိတ်လန့်နေသည်။ ကိုသည် သူ့ဟန်းဖုန်းကိုမကိုင်ရဲပါ။ သူမသည် တစ်ချက်ပြုံးလိုက်ပြီး နောင်လတ်၏ ဖုန်းကို ကောက်ကိုင်လိုက်၏။ ကဲ! မိုးထက်မြင့်သူ၏ ဘော့စ်ကိုသူမ ဖမ်းမိလိုက်ပါပြီလား. . . . ။

● ● ●

"ဘယ်လိုပြောလိုက်ရမလဲ ကို"

သူမ ပြုံးထေ့ထေ့ မျက်နှာနှင့် ကိုယ့်ကိုမေးလိုက်သည်။

"တောင်းပန်ပါတယ်. . နားမထောင်ပဲ ပိတ်လိုက်တာဟာ အကောင်းဆုံး ဖြစ်ပါလိမ့်မယ်"

"ကိုနဲ့ ကျွန်မကြားမှာ အခုအချိန်ထိ မသိအောင် လျှို့ဝှက်ထားတာတွေ ရှိသေးလို့လား. . . ဒီကရှေ့မှာ ဘာကိုမှ လျှို့ဝှက်ပြီးလုပ်မနေပါနဲ့တော့ကိုရယ်. . . ကို့ကျေးဇူးတွေကျွန်မအပေါ်မှာအများကြီးပါ ကို့ကို ကျွန်မအရမ်းကျေးဇူးတင်ပါတယ်. . . ဖေဖေ့ကိုလည်း ဖွင့်ပြောလိုက်တော့မယ်. . ကျွန်မအတွက် ဘာမသိညာမသိဘဝကနေ အဖြစ်မှန်ကို ဖော်ထုတ်ပြီးနောက်ကွယ်က ဆောင်ရွက်ပေးတဲ့သူက ကိုမှန်းသိရင်





ဖေဖေလည်း ဝမ်းသာရှာမှာလေ"

ကိုသည် ဝေခွဲရခက်သော မျက်နှာနှင့်သူမကိုကြည့်နေသည်။ ပြီးတော့ သက်ပြင်းရှည်ကြီးကိုမှုတ်ထုတ်လိုက်သည်။

"ကိုယ့်ကို အမှန်းတင်တာ စောနေပါသေးတယ်စကားသူ၊ ကို စကားသူအတွက် ဟုတ်တိပတ်တိ ဘာမှလုပ်မပေးနိုင်သေးပါဘူး. . နည်းနည်း အချိန်လေး စောင့်ပေးပါ. . . မင်းကို နိုင်ငံကျော် အဆိုရှင်တစ်ယောက်အဖြစ် ကိုယ်ကူညီလုပ်ဆောင်ပေးချင်တယ်. . . အချိန်နည်းနည်းထပ်ပေးပါ အချိန်တန်ရင်တော့ မင်းကိုဖွင့်ပြောပါ့မယ်. . . အဲဒီ အခါကျမှ ကျေးဇူးတင်ပါ စကားသူ"

သည်အခိုက်မှာပင် ကို့ဖုန်းမှ ထပ်မြည်လာသည်။ သူမသည် လက်ထဲမှ ဖုန်းကိုကြည့်လိုက်၏။

"စောစောက နံပါတ်ပဲ. . ကျွန်မဘယ်လိုပြန်ပြောလိုက်ရမလဲကို"

ဒုတိယမွိသက်ပြင်းချသံကို ကို့ထံမှ ကြားလိုက်ရသည်။ ပျော်စိတ်တွေ ပြည့်နေတော့ အခြားကိစ္စတွေကို သူမသတိမပြုမိခြင်းပဲ ဖြစ်သည်။ သူမရင်ထဲမှာ အရမ်းကျေနပ်နေသည်လေ။

"မင်း. . ဒါသမဖြစ်ဘူးဆိုရင်တော့ ပြန်ပြောလိုက်ပါ. . . ငါ့နာမည် စကားသူပါ ငါက ကိုနောင်လတ်ရဲ့ချစ်သူပါ. . ငါတို့ မကြာခင် လက်ထပ်ကြတော့မှာ. . . နင်ကိုနောင်လတ်ဆီ နောက်ထပ် ဖုန်းမဆက်နဲ့တော့. . . အဲလိုအပြတ်ပြောလိုက်ပါ"

"ဘယ်လို! ကို. . ကိုဘာပြောလိုက်တာလဲဟင်"

သူမအံ့သြစွာ ပြန်မေးလိုက်မိသည်။ သူမ၏လက်သည် ဖုန်းကို ဖွင့်မိပြီး ဖြစ်သွားသည်။ သူမစပီကာကို ဖွင့်လိုက်သည်၊ ညို့သံစွက်ကြည်မြသောမိန်းကလေးတစ်ဦး၏အသံကို ကြားလိုက်ရသည်။

"ကိုနောင်. . . ဘာလို့ ဖုန်းမကိုင်တာလဲ? အခုကိုနောင် ဘယ်မှာလဲဟင်. . ."



www.burmeseclassic.com

www.burmeseclassic.com



တိုက်တိုက်ဆိုင်ဆိုင် ဒီအချိန်မှာမှ ဒီဖုန်းက ကို့ဆီဝင်လာရတယ်လို့. . .။ ပျော်စိတ်တွေ ကျဆင်းသွားသည်။ ကိုပြောခိုင်းသလို မိန်းကလေးတစ်ယောက်အား သူမဘယ်လိုမှ ပြန်ပြောစရာမလိုပါ။ ကိုယ့်ကိစ္စ ကိုယ်ရှင်းပေါ့။ သူမဖုန်းကို နောင်လတ်ဆီပြန်ပေးလိုက်သည်။ သည်ကိစ္စကို ဘယ်လိုဖြေရှင်းလေမည်မသိ။

"ကိုနောင်. . . ဘာဖြစ်လို့ စကားပြန်မပြောတာလဲ. . . အခု ဘယ်မှာလဲဟင်!"

"ကျွန်တော် ရန်ကုန်ကိုရောက်နေတာပါ. . အခုကျွန်တော့် ချစ်သူနဲ့ ကားပေါ်မှာ ထိုင်နေတာပါ"

"ဩော်. . စကားသူဆိုတဲ့ ကောင်မလေးလား"

"ဟုတ်ပါတယ်. . စိတ်မရှိပါနဲ့ခင်ဗျာ. . ကျွန်တော့်ချစ်သူ အထင်လွဲမှာစိုးလို့ပါ. . . နောက်ကိုဘယ်တော့မှ ဖုန်းမဆက်ပါနဲ့ ခင်ဗျာ"

ပြောအပြီးမှာ နောင်လတ်ဖုန်းပိတ်လိုက်၏။ နှစ်ဦးစလုံးမှာ ယခုမှ တစ်စုံတစ်ယောက်အား သတိရလိုက်ကြသည်။ မိုးထက်မြင့်သူသည် သူရပ်နေသောနေရာမှာ မရှိတော့။ နှစ်ဦးသား လမ်းမကြီးတစ်ဘက်ရှိ ရှေ့တူရူသို့ လှမ်းကြည့်လိုက်မိသည်။

လက်မတင်လေးပဲ မြင်လိုက်ရသည်။ ခပ်လှမ်းလှမ်းမှာ ဘယ်အချိန်က ရောက်လာပြီး ရပ်လိုက်မှန်းမသိသော ပုလဲရောင်ပရား ဒိုးကြီးပေါ်သို့ မိုးထက်မြင့်သူတက်သွားသည်။ ပြီးတော့ ဝေါကနဲ မောင်းထွက်သွားသည်။ တစ်ခဏမျှသော အချိန်လေးအတွင်းမှာပင် ကားကြီးသည် မြင်ကွင်းထဲမှ ပျောက်လုလုနှင့် မှုန်ပြပြသာ မြင်ရတော့သည်။

ကိုသည် ယခုမှသတိဝင်သွားကာ ကားကိုသော့ဖွင့်လိုက်သည်။ သူမသည် ပါဝါစီယာတိုင်ဘီးကို ဆုပ်ကိုင်ထားသော နောင်လတ်၏ လက်ကို ဖွဖွအုပ်ကိုင်လိုက်၏။

"မလိုက်နဲ့တော့ကို အန္တရာယ်များတယ်၊ မမီနိုင်တော့ဘူးဆိုတာ





ကျွန်မသိတယ်ကို"

"Sorry ပါ စကားသူ၊ ကို့ကိုခွင့်လွှတ်ပါ. . ."

ဒါဟာ နမိတ်ပြပုံရိပ်တစ်ခု မဖြစ်ပါစေနဲ့၊ ချစ်သူအတွက် နှလုံးသားနဲ့ရင်းတဲ့ ကိစ္စတွေအတွက် အဲဒီလို့ဝှက်တဲ့ငနဲအပေါ်မှာ ချစ်သူပေးတဲ့ အမှတ်တွေကို ငါဟာလိုက်မမီတဲ့သူ မဖြစ်ပါစေနဲ့ဟု နောင်လတ်ရင်ထဲမှ ဆုတောင်းလိုက်မိသည်။

Hand Phone မြည်သံ. . ၊ စကားသူ၏ ဖုန်းမှဖြစ်သည်။ ဖုန်းနံပါတ်က စိမ်းနေသည်။ သူမဖုန်းဖွင့်လိုက်၏။ တစ်ဘက်မှ သတ္တုသံ စွက်စွက်နှင့် မိုးထက်မြင့်သူ၏ အသံကို ကြားလိုက်ရသည်။

"စကားသူ၊ ငါကြားထဲကနေ တောင်းပန်ပါတယ်၊ ငါ့ဘော့စ်ဟာ မင်းဆီက ဘာတစ်ခုမှ မမျှော်လင့်တဲ့ ပေးဆပ်မှုတွေနဲ့ ရှင်သန်တာပါ။ သူဘယ်သူလဲဆိုတာ သိဖို့ဘယ်တော့မှမကြိုးပမ်းပါနဲ့တော့၊ မင်းအနီးမှန်နေလို့ပါ၊ လောလောလတ်လတ်မှာပဲ သူဟာ မင်းနဲ့အနီးဆုံးမှာ ရှိနေပါတယ်၊ မင်းလိုက်ကြည့်လည်း မတွေ့ရပါဘူး၊ ကားပေါ်မှာ သူပါမလာခဲ့ဘူး၊ မင်းနဲ့အနီးဆုံးမှာပဲ ကျန်နေရစ်ခဲ့ပါတယ် . . . ဒါပဲစကားသူ. ."

တစ်ဘက်မှ ဖုန်းချသွားသည်။ သူမသည် ကို့မျက်နှာအား အထိတ်တလန့် ကြည့်လိုက်မိသည်။ ကိုကလည်း သူမကိုငေးကြောင်လျက် ပြန်ကြည့်နေသည်။

ကိုသည် သက်ပြင်းချလိုက်ရင်း သူမအား အာရုံပြောင်းစေရန် စကားလမ်းကြောင်းလွှဲလိုက်သည်။ "ဒီညနေဘယ်အချိန် မန္တလေး သွားမှာလဲ စကားသူ" "ခုအတိုင်းဆိုရင်တော့ ညနေပိုင်း နည်းနည်းစောသွားလိုက်တော့မယ်၊ မနက်ဖြန်မနက် ခုနှစ်နာရီလောက်မှာ မင်းကွန်းဘက် သွားရင်းနဲ့ မေမေ့အရိုးပြာကို ဧရာဝတီရေအလျှင်မှာ မျှောချပေးရမယ်၊ ဧရာဝတီရဲ့ စီးလှဲ့တဲ့ရေအလျင်လိုပဲ မေမေ့ဘဝ ဘဝအဆက်ဆက်မှာ ငြိမ်းချမ်းအေးမြပါစေ. . . လို့ ဆုတောင်းပေးရမယ်. . . ။ မေမေဖေက



www.burmeseclassic.com

www.burmeseclassic.com



တော့ ဘဝအဆက်ဆက်မှာ ငြိမ်းချမ်းအေးမြပါစေ. . . ဖြစ်လေရာ ဘဝတိုင်းမှာ အတ္တကြီးတဲ့ ငါ့လိုတဖောက်ကန်းမျိုးနဲ့ မဆုံတွေ့ပါစေနဲ့လို့ ဆုတောင်းပေးပါ့မယ်တဲ့ . . "

ဖေဖေဆိုသောစကားလုံးက သူမ၏စကားထဲမှာ ပါလာသည်။ အစကပြောခဲ့သော ကို့အား ဖေဖေ့ထံအသိပေးမည်ဆိုသော စကားမှာလည်း အလိုအလျောက် ရက်အကန့်အသတ်မရှိ ရွှေ့ဆိုင်းခြင်းခံလိုက်ရလေသည်။



# အခန်း (၇)

## ?

www.burmeseclassic.com

www.burmeseclassic.com

*နှင်းဆီမှာ . . .*
*ပန်းရောင်ဟာ*
*နူးညံ့သိမ်မွေ့တဲ့ အချစ် . . .၊*
*အနီရောင်ဟာ*
***Romantic** ဖြစ်တဲ့အချစ်၊*
*အနက်ရောင်ဟာ*
*နက်နက်နဲနဲအရမ်းချစ်တဲ့အချစ် . . .၊*
*အဖြူရောင်ဟာ*
*ပေးဆပ်ခြင်းသက်သက်အချစ် . . .၊*
*အဝါရောင်ဟာ*
***Friend Ship ...***
*သူငယ်ချင်းအချစ် . . .၊*
*ကဲ! ခင်ဗျားရဲ့ရင်ထဲက*
*နှင်းဆီပွင့်လေးဟာ*
*ဘာအရောင်ရှိပါသလဲ ကိုယ့်ဆရာ?*



အလှမ်းကွာ xx ယူဇနာများစွာ xx မိုင်ထောင်ချီဖြတ်သန်း xxx ခဲ့ xxx ဖြတ်သန်းခဲ့ရာ xx ပင်လယ်များရဲ့ ရေစက်တွေ xxx တောင်တန်းထုသိပ် xx ဟိမဝန္တာ x တောင်တန်းထုရဲ့ မြေမှုန့်တွေ xx အားလုံးပေါင်းစု xx ထု xx ထည် xxx နှိုင်း xx ဆ xx မမီ xxx မမီခဲ့ပါ xxx စကြဝဠာ xx တိုက်အပေါင်းရဲ့ xx ကောင်းချီးပြု xx အ xx နှိုင်း xx မဲ့ xx အောင်လံစိုက် xx ထူ xx သစ္စာသူ xx မေမေ xx

မျက်ဝန်းတွေ ပိတ်ထားသည်။ နုတ်ခမ်းဖျားမှ ဆိုညည်းဖွင့်ထွက်လာသောအသံ ကြည်မြမြသည် လည်ချောင်းထဲမှမဟုတ် နှလုံးသားမှ လှိုက်အော်ပွင့်ထွက်လာခြင်းဖြစ်ပါမည်။ ဆိုညည်းနေသော အာရုံမှာ ဘာမှုမရှိ. . .၊ ဟင်းလင်းပြင်သက်သက်. . .၊ နောက်. . . ဆုံးစမဲ့ကောင်းကင်ပြာ. .၊ ပြုံးနေသော မေမေ့မျက်နှာ . .၊ ငြိမ်းလုလု မီးစွယ်တစ်ခုလို ဘဝရဲ့အချိန်မှာ မေမေ့အနီးမှာ လိုက်ပါပျော်မော ခဲ့ရသော ခြေခြားမြေခြားဘဝစာမျက်နှာ ပုံရိပ်များ၊ အသည်းကင်ဆာတဲ့၊ ဝိညာဉ်နှင့်ခန္ဓာ တွဲဆက်ထားသော အပ်ချည်မျှင်ပမာဏကြိုးစကလေး ဖြတ်ကနဲ ပြတ်တောက်ရုန်းလွန့်သွားချိန်မှာ ပင်လယ်ကြီးတွေ တောင်စွယ်တွေကို ဖြတ်ကျော်ရောက်ရှိလာခဲ့ပြီး အိပ်ပျော်နေသော သူမ၏နှဖူးပြင်အား



www.burmeseclassic.com

www.burmeseclassic.com



ဖွဖွနမ်းရှိုက်နှုတ်ဆက်သွားခဲ့သော မေမေ. . .၊ ရေခြားမြေခြားမှာ ပင်ပန်းစီးကျခဲ့ရသော မေမေ့ချွေးစက်များ၊ သူမတစ်သက်ပူပင်ကြောင့်ကျစရာမရှိအောင် မေမေလွှဲပြောင်းပေးအပ်ခဲ့သော ငွေကြေးကြွယ်ဝမှုများ. . . ဖေဖေနှင့်အတူ မြစ်မင်းဧရာဝတီ၏ ရေသင်ဖြူးမှာ ဖြန့်ချခဲ့သော မေမေ့အရိုးပြာမှုန့်များနှင့် သားအဖနှစ်ဦး စီးကျခဲ့သော မျက်ရည်စများ . . . အားလုံးသည် အနေ့ပြရိုက်ချက်တွေလို ပုံရိပ်တွေထင်ဟပ်မြင်ယောင်နေသည်။

မေမေ ×× သစ္စာသူ ×× မေမေ ×× ကမ္ဘာအဆက်ဆက် ×× သံသရာ ×× အဆက်ဆက်မြဲ ×× ခိုင် × နှလုံးသွေးဆက် ×× ဆက် ×× မေမေ ×× သမီးတိုင်း ×× မိခင်တိုင်းရဲ့ နှလုံးသွေး ×× ဆက် ×× ဆက်ခိုင်ချည် ×× သစ္စာသူ ×× သစ္စာသူ ×× မေမေ ××

သီချင်းသံ ပြီးဆုံးသွားသည်။ တစ်ဆယ့်ရှစ်လက်သော တယောတို့မှ သံစဉ်တွေက ကမ္ဘာမြေကို သိမ့်သိမ့်လှုပ်ခါ ပြင်းရှသံစဉ်တွေအဖြစ်ကြွတက်လာသည်။ မြန်မာ့ဂီတမှ ရေခင်းသံနှင့် မိုးခေါ်းတေးသံရောစွက်တီးခတ်နေသော စန္ဒရားနှစ်လုံးမှ သံစဉ်ဆန်းသည် ပြင်းလျှကြွတက်လာသော တယောသံတွေအောက်မှာ တိုးဖျော့သွားသည်။ နောက်. . . တယောသံတွေလည်း တိုးဖျော့ရပ်တန့်သွားသည်။ နောက်. . နှလုံးအိမ်အား. . . စည်းချက်ကျ ပြင်းပြင်းလှိုက်လှိုက် ရိုက်ပုတ်နေသော ပွဲတင်သံစွက်ဒရမ်ရိုက်သံကြီးလည်း တဖြည်းဖြည်းပါးလျ ရပ်တန့်သွား၏။

စင်အောက်မှ ပရိတ်သတ်ကြီး၏ ဝေါကနဲ လက်ခုပ်သံတွေသည် ထောင်ချီသော မြင်းရိုင်းတွေ၏ ခွာသံတွေလို ဖြောင်းဖြောင်းကြွလှုံ့တက်လာသည်။ မှေးပိတ်ထားသော သူမ၏မျက်ဝန်းတွေ ပွင့်လာသည်။ ပါးနှစ်ဘက်မှာ စီးကျနေသော မျက်ရည်စတွေနှင့်ပါလား. . .၊ ခဏကလေး ရှက်သွား သောသူမ၏ မျက်နှာအပြည့်အား စင်၏တစ်ဘက်တစ်ချက်စီမှာ ရှိနေသော ပရိဂျက်တာကားချပ်ကြီးတွေပေါ်မှာ အထင်းအရှား မြင်နေရသည်။ သူမသည် လက်အုပ်ချီလျက် ပရိသတ်ကို ဦးညွှတ်လိုက်သည်။ “အားလုံးကို ကျေးဇူးတင်ပါတယ်. . .”ဟု တစ်လုံးချင်းပြောလိုက်ရင်း နှုတ်ဆက်လိုက်သည်။ သူမ စင်ပေါ်မှဆင်းအသွားမှာ ပရိသတ်အားလုံး အပ်ကျသံမကြားရအောင် တိတ်ဆိတ်ငြိမ်သက် ကျန်ရစ်ခဲ့သည်။





တစ်ချိန်လုံး ဆူညံမြူးကြွနေခဲ့သော Stage Show သည် ယခုတော့ သေ့ခြောက်ငြိမ်သက်လျက် . . .၊

မိနစ်အနည်းငယ်ကြာမှ အစီအစဉ်တင်ဆက်သူ မော်ဒယ်များ၏ မိခင်မမကြီးက မိုက်ခရိုဖုန်းရှေ့မှာရောက်လာသည်။ သည်တော့မှ တခဏလေးမေ့နေသော ဂီတညလေးလည်း ပြန်လည်သက်ဝင်နိုးထလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com

စတိတ်စင်၏ နောက်ဘက် အဆိုတော်များ နားခိုရာအခန်းမှာ သူမနားနေခိုက် မိုးထက်မြင့်သူသည် အနားသို့ ရောက်လာ၏။ သူနှင့်အတူ ဖေဖေလည်းပါလာသည်။ နှင်းရည်ဖျန်းသော ပန်းတစ်ပွင့်ကို ဖေဖေ့မျက်နှာထက်မှာ တွေ့ရသည်။ သမီးချစ်အတွက် ပျော်ရိပ်တွေနှင့် အလန်းဆတ်ဆုံး ဖေဖေ့မျက်နှာ. . .၊ သူမကြည့်နေရင်းနှင့် ဖေဖေ မျက်ရည်တွေ ဝေ့သီကျလာပြန်သည်။ ရင်၌ကြည်နူးမှုတွေကြောင့် ဝေ့လှိုက်စီးကျလာသော အပျော်မျက်ရည်များ . . .။

"မေမေ့ကို သတိရလို့လား ဖေဖေ"

"အဲဒါလည်းပါပါတယ်. . . အဓိကကတော့ သမီးရဲ့ အောင်မြင်မှုအတွက်ပါ. . .၊ ပြောရရင်တော့ သမီးကြိုးစားခဲ့သလို သမီးမေမေ ပေးထားခဲ့တဲ့ ပံ့ပိုးမှုတွေကြောင့်လည်း ပါပါတယ်။ ပွဲစီစဉ်တဲ့ ဒီသုံးပေ အောက်မှာ အသက်ရှူတဲ့ကောင်ကိုလည်း ကျေးဇူးတင်တယ်။ အဓိက ကတော့ လှို့ဝှက်ခြင်းတွေနဲ့ အရိပ်အယောင်တောင် မမြင်ရတဲ့လူ"

ဖေ့ဖေ့စကားက တစ်ဝက်တစ်ပျက်နှင့် ရပ်သွားသည်။ ဖေဖေ့ကို





ကြည့်လျက် မိုးထက်မြင့်သူ၏မျက်နှာမှာ တစ်ချက်ပြုံးသွားသည်။ သူ့အပြုံးကို ဖေဖေချက်ချင်းဖမ်းဆုပ်ကာ အခွံချွတ်နိုင်ပါသည်။

"သုံးပေအောက်မှာ အသက်ရှူတဲ့ မိုးထက်ကဂျပု၊ မင်းဘောစ့်နဲ့ပတ်သက်ပြီး မင်းဘာတွေးမိလိုက်လို့လဲ"

"အန်ကယ်လ် ဘယ်လိုဖမ်းမိလိုက်တာလဲ"

"ရန်ပုံငွေပွဲလို့ ဆိုပေမယ့် ဒီပွဲက သမီးအတွက် ရည်ရွယ်တဲ့ပွဲဆိုတာ ငါတို့မြင်တာပေါ့။ လူကိုမတွေ့ရပေမယ့် နောက်ကွယ်က သူဘယ်လောက်ပင်ပန်းခဲ့ရမလဲ၊ ထောင့်ကိုစေ့နေတာပဲ၊ 'သစ္စာသူ မေမေ'ဆိုတဲ့ သီချင်းကို သမီးဆိုနေတဲ့အချိန်မှာ နောက်ခံကားချပ်ကြီးပေါ်မှာ သစ္စာသူရဲ့ ဓါတ်ပုံတွေ၊ လေယာဉ်ကွင်းမှာ သမီးကိုဖက်ငိုတာတွေ၊ စက်ဘီးမှာ သားအမိနှစ်ယောက် ပျော်ခဲ့ကြတဲ့အမှတ်တရပုံရိပ်တွေ၊ နောက် ခွေးသူတောင်းစားက သစ္စာသူရဲ့အရိုးပြာအိုးကို ရင်မှာပိုက်ပြီး လေယာဉ်ပေါ်က ဆင်းလာတဲ့ပုံတွေ၊ ချောမောခန့်ငြားတဲ့ ပန်းချီဆရာကြီးဟာ အခုဆိုနေတဲ့ အဆိုတော်သမီးလေးနဲ့အတူ သစ္စာသူရဲ့ အရိုးပြာကို ဧရာဝတီရဲ့ ရေအလျဉ်မှာ မျှောခဲ့တဲ့ပုံတွေ၊ ကောင်းလိုက်တာ. . အဲဒါဟာ သီချင်းတစ်ပုဒ်မဟုတ်တော့ဘူး၊ ပန်းချီဆရာတစ်ယောက် သေသေ ကြေကြေ စိတ်နှစ်ပြီး ရေးဆွဲထားတဲ့ ပန်းချီကားတစ်ချပ်ပါပဲ"

သူမအံ့သြသွားသည်။ ဒါတွေ သူမကိုပင် အသိမပေးခဲ့ပါလား။ သီချင်းဆိုရင်းနှင့် သူမစိတ်တွေက မေမေ့ဆီကိုပဲ ရောက်သွားခဲ့သည်။ မျက်လုံးတွေမှိတ်ထားခဲ့တော့ နောက်ခံကားချပ်ပေါ်မှာ ဘာပုံရိပ်တွေ ထိုးပြနေမှန်း သူမမသိခဲ့ပါ။

"ဆက်ပြောပါဦးအန်ကယ်လ်၊ အန်ကယ့်လ်စကားက ဆိုလိုရင်းတို မရောက်သေးပါဘူး"

"အဲလို . . ပင်ပန်းကြီးစွာ စီစဉ်ခဲ့တဲ့သူဟာ ဒီပွဲကိုရောက်လာပြီးကြည့်နေမှာ အမှန်ပါပဲ၊ ဘာလို့သူမရောက်လာခဲ့တာလဲ သမီးရဲ့



www.burmeseclassic.com

www.burmeseclassic.com



အောင်မြင်မှုကို သူကြည်နူးစွာကြည့်နေရမယ်လေ”

ဖေ့ဖေ့စကားကြောင့် မိုးထက်မြင့်သူပြုံးသည်။ ဖေ့ဖေ့အား ကရုဏာသက်စွာကြည့်သည်။

“ဘော့စ်ရောက်လာခဲ့တာပေ့ါ၊ စကားသူဆိုကာနီးလေးမှာ ရောက်လာခဲ့တယ်၊ ပရိသတ်ထဲက ကြည့်နေခဲ့တယ်၊ စကားသူဆိုပြီးလို့ ပရိတ်သတ်ငြိမ်ကျသွားတဲ့အချိန်မှာ ကျွန်တော့်ဆီကို ချက်ချင်းဖုန်းဆက်တယ်၊ နောင်တော်ကြီးတဲ့၊ ဒီအချိန်လေးကိုဆက်ပြီး ဆွဲထားတဲ့၊ နှစ်မိနစ် လောက်ပဲတဲ့၊ Presenter အစ်မကို အချိန်ဆွဲထားပေးတဲ့. . .”

“ဟင်!”

သားအဖနှစ်ယောက်လုံး အံ့သြငေးကြောင်သွားသည်။ ကြည့်စမ်းပါဦး၊ သူဟာ ငါ့အတွက် အဲလောက်ထိအောင် စိတ်နှစ်ထားတဲ့သူလား၊ တွေးရင်းနှင့် စကားသူ၏ရင်သည် တလှပ်လှပ် ခုန်လှုပ်လာ၏။ ဤဖြစ်ရပ်သည် စကားသူ၏ နှလုံးအိမ်အား ဆွဲကိုင်လှုပ်ခါသွားစေခဲ့ပြီဖြစ်သည်။ ဖေဖေသည် ဦးခေါင်းကိုရမ်းခါရင်း မချိတင်ကဲနှင့် ညည်းချင်းတစ်ခု ဆိုညည်းသည်။

“ငါအသက်နဲ့ချည်ပြီး ပြောရဲပါတယ်။ မတွေ့ဖူးဘူး၊ မိန်းမတစ်ယောက်အတွက် စက္ကန့်တိုင်း၊ မိနစ်တိုင်းမှာ သူ့အတွက်ပဲ အသက်ရှင်လုပ်ဆောင်နေတဲ့လူမျိုး၊ ဒီလိုလူမျိုးလောကကြီးမှာ တကယ်ရှိနေပါလား၊ ငါ့တစ်သက် မတွေ့ခဲ့ဖူးပါဘူးကွာ”

သူမသည် ဘာစကားမှ မဆိုနိုင်ဘဲ ရှိနေသည်။ ဘုရား . . . ဘုရား . . .၊ လူတစ်ယောက်အတွက် နှစ်မိနစ်ဆိုသော အချိန်သည် ဘဝအောင်မြင်မှုအတွက် သည်မျှလောက်ထိ အရေးကြီးလှပါလား၊ ပရိသတ်၏ ရင်ထဲမှာရောက်နေသည့်အချိန်မှာ အစီအစဉ်တင်ဆက်သူက နောက်ထပ်နာမည်ကြီးသူကိုသာ ချက်ချင်းတင်လိုက်ပါက ဘုရား ဘုရား၊ သူမတွေးရင်းနှင့် ကြက်သီးဖျန်းဖျန်းထသွားသည်။ သည်လူ ဘယ်သူလဲ၊





သူမသည် လက်ကိုင်အိတ်ထဲမှ သိမ်းသန့်ထားသည့် ဟန်းဖုန်းလေးကို ထုတ်ယူလိုက်၏။ ပြီးတော့ လှို့ဝှက်ခြင်းများနှင့် နေစိမ့်နိုင်လွန်းသည့်အတွက် ကိုနေစိမ့်ဟု သူမခေါ်ဆိုသည့် သူ့ထံသို့ဖုန်းနှင့် ဆက်သွယ်လိုက်၏။

●●●

လွန်ခဲ့သော တစ်နှစ်သာသာက သူမ ဤလောကကို စိတ်ပျက်ခါးသီးခဲ့ဖူးပါသည်။ သစ္စာမဲ့သော နာမည်ကြီးသီချင်းရေးဆရာ တစ်ယောက်ကြောင့်ဖြစ်သည်။ သူမ သီဆိုမည့် သီချင်းတွေအတွက် သီချင်းရေးခကိုဈေးကြီးပေး၍ အပ်ခဲ့သည်။ အခွေကြမ်းပင် စီစဉ်ပြီးကာမှ အဲဒီသီချင်းတွေက နာမည်ကြီးအဆိုတော်ထွက်လာသော ခွေထဲမှာ ပါလာသည်။ သူမစီစဉ်ကြိုးစားခဲ့သမျှသည် ဇီးရိုးဖြစ်သွားခဲ့သည်။ တရားစွဲဆိုအမှုအခင်းလည်း သူမမလုပ်ချင်တော့။ ငါးခုံးမတစ်ကောင်ကြောင့် ဂီတလောကကြီးကို စိတ်နာခဲ့သည်။ စိတ်ဓါတ်အကြီးအကျယ်ကျကာ ဘာတစ်ခုမှ မလုပ်တော့ဘဲ ဖြစ်ချင်ရာဖြစ် ပစ်ထားခဲ့သည်။ သည်မှာပင်သူသည် မိုးထက်မြင့်သူကို ကြားခံဆက်သွယ်ရေးထား၍ ကျဆင်းနေသောသူမ၏ စိတ်ဓါတ်ကို မြှင့်တင်အားပေးခဲ့သည်။ သူ့ကြောင့် သူမခွန်အားတွေပြည့်ခဲ့သည်။ စိတ်ဓါတ်ကို မီးဖုတ်ပစ်လိုက်သည်။ ဇာမဏီငှက် တစ်ကောင်သည် အသက်မသေဘဲ မီးတောက်တွေထဲမှ ရှန်းကြွ ပျံတက် နိုင်ခဲ့သည်။

သူက သီချင်းတွေရေးပြီး ပို့ခဲ့သည်။ သီချင်းရေးသော သူ့လက်သည် တကယ့်ပရော်ဖက်ရှင်နယ်တစ်ယောက်ကပင် အံ့သြချရမည့် လက်ပါလား. . .၊ သံစဉ်၊ စာသား၊ နုတ်စ်ကအစ သူပို့ပေးသည်။ သည်မှာပင်သူနှင့်သူမအရေးကြုံလျှင် ဆက်သွယ်နိုင်မည့် ဖုန်းတစ်လုံး စီစဉ်ခဲ့ကြသည်။ သီချင်းကိစ္စမှလွဲ၍ တခြားဘာကိစ္စမှ မဆက်သွယ်ရဟူသော



www.burmeseclassic.com

www.burmeseclassic.com



စည်းကမ်းချက်နှင့်ဖြစ်သည်။ သူ့သီချင်းတွေအတွက် တေးရေး နာမည် ဘယ်သူဆိုတာတပ်ဖို့ သူ့ကိုမေးတော့ မင်းတပ်ချင်တဲ့နာမည်တပ်ဟု ပြောခဲ့သည်။ သူသည် နေစိမ့်လွန်းသည့်အတွက် သူ့တေးရေး နာမည်ကို နေစိမ့်ဟု သူမနာမည်ပေးခဲ့သည်။

စကားသူသည် လက်ကိုင်အိတ်ထဲမှ သီးသန့်ထားသည့် ဟန်းဖုန်းလေးကို ထုတ်ယူလိုက်၏။ ဤဖုန်းသည် ကိုနေစိမ့်တစ်ယောက်တည်းကိုသာ ဆက်သွယ်သောဖုန်းဖြစ်၍ ကိုနေစိမ့်ကိုင်တွယ်သည့် ယခုဖုန်းမှာလည်း သူမတစ်ယောက်တည်းကိုသာ ဆက်သွယ်သည့်ဖုန်းဖြစ်ပါသည်။ တစ်ဘက်မှ ချက်ချင်းဖုန်းကိုင်လိုက်သည်။

"ဟယ်လို ပြောပါစကားသူ"

"ရှင်အခုဘယ်မှာလဲဟင်"

"ငါ ရန်ကုန်ကိုရောက်နေပါတယ်၊ ဘာဖြစ်လို့လဲ စကားသူ"

"ကျွန်မ ရှင့်ကိုတွေ့ချင်လို့ပါ၊ ရှင်ဘယ်သူလဲဆိုတာ သိချင်လို့ပါ"

တစ်ဘက်မှ ငြိမ်သက်နေသည်။ သူသည် သူမအား မည်သို့ပြန်ဖြေရမည်ကို စဉ်းစားချင့်တွက်နေဟန်ရှိသည်။

"ကျွန်မ . . . . တစ်ခုတော့ တောင်းဆိုပါရစေ၊ ဒီဖုန်းကို ခုချိန်ကစပြီး သီချင်းကိစ္စမဟုတ်ဘဲ ဘာကိစ္စပဲဖြစ်ဖြစ် ဆက်သွယ်ကြရအောင်ပါ"

သူသည် အတန်ကြာ ချင့်ဆနေပြီးမှ ပြောသည်။

"ဟုတ်တာပေါ့ . . ငါလည်းအဲဒါကို စဉ်းစားမိပါတယ်၊ မင်းပြောတာ ငါလက်ခံပါတယ်"

"ရှင်အခုဘယ်မှာလဲ၊ ရှင်ဘယ်သူလဲဆိုတာ ပြောပါ၊

ကျွန်မ ဒီလိုကြီးဆက်နေဖို့ အရမ်းပင်ပန်းနေပါပြီ"

"စကားသူရယ်၊ ခဏလေးပဲ ရက်ပိုင်းလေးပဲ ငါ့ကိုအချိန်ပေးဖို့ တောင်းပန်ပါတယ်၊ ရက်ပိုင်းလေးပါပဲ"

"ဘယ်နှစ်ရက်လဲ"





"သုံးလေးရက်ပဲ လိုတော့တာပါ။ ခြောက် ဘာလိုလိုနဲ့ မင်းနဲ့ဆုံခဲ့တာ လေးနှစ်တောင်ပြည့်တော့မှာပါလား. . .။ ဘာမှမကြာလိုက်သလိုပဲကွာနော. . . ."

"ဒီနှစ်က Leap Year ရက်ထပ်နှစ်လေ။ ရှင်သိပါတယ် ကျွန်မ ဖေဖော်ဝါရီ (၂၉)မှာ မွေးတယ်ဆိုတာ၊ လေးနှစ်မှာ တစ်ခါပဲဖြစ်တဲ့ ကျွန်မမွေးနေ့မှာ ရှင်ဘယ်သူလဲဆိုတာ သိချင်တယ်. ."

"အဲဒါကြောင့် သုံးရက်လောက်ပဲ လိုတော့တာလို့ . . . ငါပြောတာပါ၊ မင်းမွေးနေ့ရောက်တာနဲ့ ငါဘယ်သူလဲဆိုတာ မင်းအလိုလိုသိသွားမှာပါ စကားသူ . ."

"ငါလည်း မင်းကိုတောင်းဆိုစရာတစ်ခုရှိပါတယ်။ မင်းနဲ့ငါဟာ ငယ်ကတည်းက သိခဲ့တဲ့သူငယ်ချင်းတွေပါ၊ ရှင်တို့ ကျွန်မတို့ဆိုတာ ငါတို့ကြားမှာ စိမ်းနေတယ်၊ ခုချိန်ကစပြီး ငါတို့တွေ နင်နဲ့ငါနဲ့ဆိုတဲ့ အသုံးအနှုန်းကို ပြောင်းပြီးသုံးကြမယ် စကားသူ . ."

"ကောင်းပါတယ် . . ကျွန်မလည်း အဲ ငါလည်း နင့်ကို ရင်ထဲက တကယ်ခင်ပြီး ကျေးဇူးတင်နေတာပါ. ."

သူ၏ပျော်ရွှင်စွာ ရယ်လိုက်သံကို ထူးဆန်းစွာ ကြားလိုက်ရသည်။ သူလည်း ပျော်ရွှင်နေပါလိမ့်မည်။

"ပြောရဦးမယ် . . ငါ နင့်အတွက် သီချင်းတစ်ပုဒ်ရေးထားတယ်၊ နင့်အတွက် အတိတ်စိမ်းပေးလိုက်မယ် . .၊ အဲဒီ သီချင်း နင်တွေ့ရင် ငါဘယ်သူလဲဆိုတာ နင်သိမှာပဲ . .၊ အခွေကြမ်းနဲ့ စာသားတွေ နုတ်စ်တွေ ငါနောင်တော်ကြီးဆီမှာ ပေးထားတယ် . .၊ ခဏနေရင် နင့်လက်ထဲရောက်လိမ့်မယ် . ."

"အဲဒါဆို ကျွန်မ အရမ်း . . အဲ ငါအရမ်းစိတ်ဝင်စားသွားပြီ၊ သီချင်းအကြောင်း နည်းနည်းပြောပြပါလား . ."

"အကြောင်းအရာလေးက နည်းနည်းဆန်းလိမ့်မယ် . .၊



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုကွာ . . ဖေဖော်ဝါရီ (၂၉) မှာ မွေးတဲ့ ကောင်မလေးတစ်ယောက်ဟာ သူအသက် နှစ်ဆယ်ပြည့်တဲ့မွေးနေ့မှာ ငယ်ငယ်တုန်းက သူငယ်ချင်း ကောင်လေးကို ပန်းသီးတစ်လုံး ကျွေးတယ် . . ကောင်လေးဟာ အဲဒီပန်းသီးလေးကို မစားပဲ . . ချက်ချင်းပဲ ယိုးဒယားကိုပို့ပြီး ဖန်တုံးလေးထဲ ထည့်ထားတယ် . . .၊ အဲဒီပန်းသီးလေးဟာ မပုပ်မသိုးပဲ ကောင်လေးရဲ့ စန္ဒရားပေါ်မှာ အခုအချိန်ထိ ရှိနေတာလေ . . အဲဒီအကြောင်းပါ . ."

"အယ် . . နည်းနည်းလေး ဆန်းတယ်နော် . . နင်ဘယ်လို စဉ်းစားလဲ"

"စကားသူ . . နင်နည်းနည်းမှ မတွေးမိဘူးလား . . အဲဒါ . . နင်နဲ့ ငါလေ . ."

သူမ အံ့အားသင့်သွားသည်။

"သ . . သီချင်းနာမည် နင်ဘယ်လို ပေးထားလဲဟင်"

သူမ ယောက်ယက်ခတ်အတွေးစတွေ ရစ်ချည်သွားသည်။ သည်မှာပင် သူ့အဖြေကို ကြားလိုက်ရ၏။

*"ပန်းသီးဖန်တုံးတစ်တုံးရဲ့*
*ဘိုင်အိုဂရပ်ဖီ . . တဲ့"*

● ● ●





တစ်ဘက်မှ ဖုန်းပိတ်သွားသော်လည်း ဖုန်းကိုကိုင်ကာ သူမ ငေးကြောင်စဉ်းစားနေဆဲ . . .၊

သည်မှာပင် . . သူမတို့ နားနေရာခန်းဝမှ လူတစ်ယောက် ဝင်လာသည်။

"ဟင်!ကို . . ကို ဘယ်တုန်းကရောက်လဲ"

နောင်လတ် မဖြေ . .။

ရယ်ကျဲကျဲနှင့်ကြည့်နေ၏။

နံနက်တွင် သူမအား ဖွင့်ပြောမည့်အကြောင်းချင်းရာတစ်ခု နောင်လတ်နှင့် ပါလာသည်။ သူမပျော်ရွှင်စေမည့် ဝန်ခံစကားဖြစ်ပါသည်။

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၈)

# ?

အချစ်မှာ
မီးတောက်တစ်ခု
အချိန်မရွေး ထ,တောက်ပြီး
လောင်ကျွမ်းတတ်ပါတယ် . . ။

မီးတောက်ဆိုတာ . . ရှို့တာမဟုတ်ရင်တော့
မီးခိုးအူပြီးမှသာ
ထတောက်တတ်တာပါ. . .

ဆိုရိုးက . . .
"မီးမမွှေးဘဲနဲ့တော့ ခေါင်းတိုင်ကလည်း
မီးခိုးမအူပါဘူး" . . တဲ့။

ကဲ! ကိုယ့်ဆရာသာဆိုရင် . .
မီးခိုးအူတုန်းမှာ ငြိမ်းမလား ?
မီးတောက်ဖြစ်မှ ငြိမ်းမလား ?
မီးခိုးအူနေတာကိုရော . .
မြင်ပါရဲ့လား ?
မီးမွှေးသူကိုရော မြင်ပါရဲ့လား ?



www.burmeseclassic.com

www.burmeseclassic.com

ကိုက ပြုံးနေသည်။ ကို့အပြုံးသည် ဒီညမှာတော့ အတောက်ပဆုံး ကြယ်တစ်ပွင့်ပါပဲ . . ။ ကိုသည် ဖေဖေ့ကို အရင်နှုတ်ဆက်သည်။ ပြီးတော့မှ သူမကို နှုတ်ဆက်သည်။

"ကွန်ဂရက်ကျူလေးရှင်းပါ . . စကားသူ၊ ဒီညကတော့ မင်းရဲ့ညပါပဲ . . ၊ ပရိသတ်ထဲကနေပြီး ကိုကြည့်နေခဲ့တာ . . ၊ ကို ကြက်သီးတွေတောင်ထတယ် . . ၊ မင်းရဲ့ အောင်မြင်မှုအတွက် မင်းနဲ့ ထပ်တူကြည်နူးမိပါတယ် စကားသူ . ."

"ကို ဘယ်တုန်းက ရောက်လဲ . . ဘာလို့ ဖုန်းမဆက်တာလဲ"

"မင်းက အလုပ်လုပ်နေတဲ့သူလေ . . အလုပ်တစ်ခု ပိုသွားမှာစိုးလို့ကို ဖုန်းမဆက်တာပါ . ."

ကိုသည် သူမထံမှ အကြည့်လွှဲကာ ဖေဖေ့ကို ကြည့်ပြီး နှုတ်ဆက်လိုက်သည်။





"အန်ကယ်လ် နေကောင်းတယ်နော် . ."

"ကောင်းပါတယ် . . မောင်နောင်လတ် . . ၊ ရန်ကုန်ကိုလာတာ စကားသူပါတဲ့ရှိုးပွဲကို လာကြည့်ဖို့သက်သက်ပဲလား . . မောင်နောင်လတ် . ."

"ဆိုပါတော့ အန်ကယ်လ် . . ၊ အဲဒါဟာအဓိကအချက်ပါပဲ"

"အို . . အားနာစရာကွယ် . . ၊ မင်းရဲ့တန်ဖိုးရှိတဲ့ အချိန်တွေ အန်ကယ်တို့အတွက် ပေးလိုက်ရပြီပေါ့ . . ၊"

"အဲလိုတော့လည်း မဟုတ်ပါဘူး အန်ကယ်လ် . . နက်ဖြန်မနက်ကျရင် လိုင်စင်ကိစ္စလေးတစ်ခု နေပြည်တော်မှာ ထုတ်ယူရမယ့် အလုပ်လေးလည်း တစ်ခါတည်း ပြီးပြတ်သွားအောင်လို့ပါ . ."

ကို့အပေါ်တွင် ဖေဖေသည် အမြင်ကြည်လင်မှု မရှိသည်ကို သူမသိပါသည်။ မနှစ်က ကို့အားဖေဖေနှင့် တွေ့ပေးခဲ့သည့်အချိန်မှစ၍ ဖေဖေသည် ကို့အား မကျေလည်ခြင်းဖြစ်သည်။ ကို့ကိုတွေ့တိုင်း ကောင်းကောင်းမွန်မွန် ဘယ်တော့မှ မပြော . . ၊ ဖေဖေ့ စကားတွေက ဘယ်တော့မှ မဖြောင့် . . ၊ အမြဲတစေ ထေ့ထေ့ရိရိနှင့် . . ၊ သူမပင်ကြားက အားနာရသည့်အဖြစ် . . ၊ သူမ မျက်နှာကြောင့်သာ ကိုက သည်းခံနေခြင်း ဖြစ်ပါမည်။

ကိုသည် မိုးထက်မြင့်သူဘက်သို့ လှည့်လိုက်သည်။

မိုးထက်မြင့်သူသည် ကို့အား မျက်မှောင်ကြီးကျုံ့လျက် စူးစူးကြီး ကြည့်နေ၏။ ဒုက္ခပါလား . . . ၊ သူက ဖေဖေ့ထက်ပင် ဆိုးနေသည်။ စင်စစ် . . ကို့တွင် သူတို့နှစ်ယောက် မနှစ်မြို့နိုင်စရာ အကြောင်း တစ်စုံတစ်ရာမျှ မရှိပါ။ ကိုနှင့် မိုးထက်မြင့်သူသည် တစ်ဦးကိုတစ်ဦး စူးစူးကြည့်နေကြသည်။ သည်မှာပင် ဖေဖေက ကြားဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မိတ်ဆက်ပေးရဦးမယ် . .၊ သုံးပေအောက် အသက်ရှင်တဲ့ ဂျပုရေ . . မမြင်ဘူးရင် ကြည့်ထားဗျ . . သူ့နာမည်က မောင်နောင်လတ် . . တဲ့၊ စကားသူရဲ့ ချစ်သူပေါ့ . .၊ မောင်နောင်လတ် သူက မိုးထက်မြင့်သူ . . တဲ့"

"တွေ့ရတာ ဝမ်းသာပါတယ် . . ကျွန်တော် နောင်လတ်ပါ"

ကိုကတော့ စီးပွားရေးသမားပီပီ လောကဝတ်ကို ကျေသည်၊ မကျေလေသူမှာ မိုးထက်မြင့်သူဖြစ်သည်။ မိုးထက်မြင့်သူသည် ကို ကမ်းပေးသောလက်ကို ပြန်လည် ဆွဲကိုင်နှုတ်ဆက်ခြင်းမရှိ။ ခပ်ထေ့ထေ့ တုံ့ပြန်သည်။

"သိပြီးသားလူတွေ . . ဘာမှမသိဟန်ဆောင်ပြီး ပြဇာတ်က နေစရာ မလိုဘူး . .၊ ကိုနောင် . . မင်း အတင့်ရဲလှချည့်လား၊ အတင့်ရဲတာလား . . ဒါမှမဟုတ် မိုးထက်မြင့်သူဆိုတဲ့ကောင်ကို ဂရုစိုက်ဖို့ မလိုဘူးဆိုတဲ့ သဘောလား. ."

ဘာလဲ?၊ သူတို့ ဘာတွေ ဖြစ်နေကြတာလဲ?၊ သူမသည် မိုးထက်မြင့်သူကို တစ်လှည့် ကို့ကို တစ်လှည့်ကြည့်ရင်း ဘာပြောရမည် မသိအောင် ဖြစ်နေသည်။ ကိုသည် လူယဉ်ကျေးတစ်ဦးဟန်နှင့် မာန်မာနကို သတိပြုထိန်းချုပ်နေ၏။ သူတို့နှစ်ယောက် အကြာကြီး ဆိုင်ကြည့်နေကြသည်။ မိုးထက်မြင့်သူ၏ခေါင်းထဲမှာ အချက်အလက်တွေကို ချရေးပြီး ပုစ္ဆာတစ်ပုဒ် တွက်နေသည်ကို သူမ မြင်မိလိုက်သည်။ ပေါင်းလာတာ ကြာပြီပဲလေ . .။

ကို့အား စိုက်စိုက်ကြီးကြည့်နေသော မိုးထက်မြင့်သူ၏ မျက်လုံးတွေ ပြေလျော့သွားသည်။ မျက်နှာလည်း ပြေလျော့သွားသည်။ ပြီးတော့ . . သွားခေါ်အုပ်နှုတ်ခမ်းကြီး ပြုံးသွားသည်။ ပြီးတော့ . . ကို့မျက်နှာကို





သက်ညှိုးထိုးကာ ဟက်ဟက်ပက်ပက်ကြီး ရယ်ပစ်လိုက်သည်။ တကယ့်အလိုက်သည်းလိုက်ကြီးပါပဲ . .။

"ဟား ဟား ဟား ဟား . . ကြည့်စမ်း စကားသူ . .၊ ဟား ဟား ဟား ဒီကောင် . . ငါ ကျပ်လိုက်တာ . . တကယ်မှတ်ပြီး ကြောင်သွားတာလေ . .၊ ဟားဟား"

ကြည့် . . ဒီလူ . . အကျင့်က တစ်စက်လေးမှ မပျောက်. .၊ အကြောင်ရိုက်ပြီး ကို့ကို အတည်ပေါက် နောက်ပြောင်လိုက်တာတဲ့ . .။ သည်တော့မှ ကို့နှုတ်ခမ်းတွေ ပြုံးသွားသည်။

"ဟာဗျာ . . ခင်ဗျား အတော်နောက်တဲ့သူပဲ . . ကျွန်တော့်မှာ ကြောင်သွားတာပဲ . . ဘာများ ဖြစ်သွားတာလဲလို့. ."

"ဟား ဟား ဟား ဟား . . စကားသူရဲ့ ချစ်သူဆိုလို့ နောက်တာပါ ငါ့လူရာ . .၊ မင်္ဂလာပါကွာ . . ငါ့နာမည် မိုးထက်မြင့်သူပါ . ."

မိုးထက်မြင့်သူက သူ့ဘယ်လက်ကိုထုတ်ကာ ကမ်းသည်၊ သူက ဘယ်လက်ဆိုတော့ ကိုကလည်း ဘယ်လက်ပဲပေါ့ . .။ သူမ သတိပြုမိလိုက်သည်။ မိုးထက်မြင့်သူ၏ မျက်လုံးတွေကို ကြိုးစားပြီး လိုက်ဖက်ကြည့်နေမိ၏။ သူမရှေ့မှာတော့ ဘယ်ဘက်လက်ဖဝါးချင်း ဆုပ်ကိုင်နှုတ်ဆက်နေသော ယောကျ်ားသားနှစ်ဦး . .။

"ခင်ဗျားက ဘယ်သန်လား မိုးထက်မြင့်သူ"

"ညာသန်ပါ . . ဒါပေမဲ့ တုံ့ပြန်မှုမှာတော့ ညာနဲ့တန်တဲ့သူတာ ညာပေါ့ . .၊ ဘယ်နဲ့တန်တဲ့သူဟာ ဘယ်ပေါ့ . ."

"ဟုတ်တာပေါ့ . . ကိုယ်က ဘယ်လက်ဆိုတော့ တစ်ဘက်ကလည်း ဘယ်နဲ့ပဲ ပြန်နှုတ်ဆက်ရမှာပေါ့ . . အဲဒါကိုလည်း ကိုယ်က ခဉ်းစားမိမှာပေါ့ဗျာ . ."

"No .. No.. ကိုယ်ကသာ အဓိကပါ . .၊ ဘယ်နဲ့တန်တဲ့သူကို



www.burmeseclassic.com

www.burmeseclassic.com



ညာနဲ့မနှုတ်ဆက်မိဖို့သာ အဓိကပါ . .၊ ဘယ်နဲ့တန်တဲ့သူကို ဘယ်နဲ့ နှုတ်ဆက်လိုက်ကတည်းက ကိုယ့်ဘက်က စီးသွားပြီးပြီလေ . ."

ကို မျက်နှာတစ်ချက် ပျက်သွားသည်။ ချက်ချင်းပင် ကို့နှုတ်ခမ်း တွေ ပြုံးသွားကာ ဖေဖေ့ဘက်လှည့် စစ်ကူခေါ်သည်။

"အန်ကယ်ရေ . . ကူပါဦး . .၊ အန်ကယ့်လူက သုံးပေအောက် မှာ အသက်ရှုလို့သာ တော်တော့တယ် . .၊ သူများလို ပေမီဒေါက်မီအော ဆို မလွယ်ဘူး အန်ကယ် . ."

မိုးထက်မြင့်သူ ဟက်ကနဲ တစ်ချက်ရယ်သည်။ စကား အနိုင် ဖို့ ကိုသည် သူတစ်ပါး၏ အားနည်းချက်ကို ယခုလို မထိုးနှက်သင့် မိုးထက်မြင့်သူ ဘာပြန်ပြောမည် ထင်ပါသနည်း။

"မင်းကို သမိုင်းကို ပြန်ကြည့်ဖို့ ပြောချင်တယ် . .၊

ကမ္ဘာကို ကိုင်လှုပ်ခဲ့တဲ့သူတွေက ဂျပုတွေကွ၊ နပိုလီယံလည်း ဂျပုပဲ . .၊ ဟစ်တလာလည်း ဂျပုပဲကွ နောင်လတ်ရ . ."

"ခင်ဗျားလောက်ပုလား . . မိုးထက်မြင့်သူ . ."

"ပုတာပေ့ါ . .၊ အတိအကျသိရအောင် ငါတော် မင်းတို့ သူတို့နောက်လိုက်သွားခိုင်းပြီး တိုင်းခိုင်းမလို့ . ."

ကိုသည် စကားအရာမှာ မိုးထက်မြင့်သူအား ဘယ်လိုမှ လိုက် မမီနိုင်ပါ . .၊ ကိုယ်က ဘယ်လက်ဖမိုးပေါ်မှာ ညာလက်ဖဝါးထပ်လျ ဦးညွှတ်ပြပြီး မှင်စာငပေါအား အရှုံးပေးလိုက်သည်။ မိုးထက်မြင့်သူ ကလည်း ကို့ကို ပြန်လည်ဦးညွှတ်သည်။

"ငါဟာ . . မှန်တစ်ချပ်ပါ နောင်လတ် . .၊ အဲဒါကို မင်းသိ"

ဒါသည် မိုးထက်မြင့်သူ တည်တည်ပြောလိုက်သော စကား သည်။ သူမသည် မိုးထက်မြင့်သူ၏ မျက်လုံးတွေကို လိုက်ဖတ်ကြည့် ၏။ ကိုနှင့် မိုးထက်မြင့်သူကြားတွင် သူမမသိသော လျှို့ဝှက်ချက် တစ် ရှိနေပါလိမ့်မည်။ ကိုက သူမဘက်လှည့်ကာ ပြုံးပြသည်။





"ဒီညမှာ မင်းကို ထူးဆန်းတဲ့ပစ္စည်းလေးတစ်ခု ပြမလို့ပါ . .၊ အဲဒီပစ္စည်းလေး ကိုယ့်ကားထဲမှာ ပါလာခဲ့တယ် . .၊ အဲဒီ ပစ္စည်းလေး ထဲမှာ မင်းရော ကိုရော အတူရှိနေတာလေ . .၊ မနက်ကျမှ အဲဒါလေး နဲ့ ပတ်သက်ခဲ့တာလေးကို ပြောပြမလို့ ရည်ရွယ်တာပါ စကားသူ . .၊ ကို့ကို ဆယ်မိနစ်လောက် အချိန်ပေးပါ . .၊ ကို့ကားဆီကို ခဏလေး လိုက်ခဲ့ပါ . ."

"ရပါတယ် ကို . . သွားမယ်လေ . ."

သူမ ဖေဖေနှင့် မိုးထက်မြင့်သူဘက်လှည့်ကာ ခွင့်တောင်း လိုက်သည်။ ဖေဖေက ခေါင်းညိတ်ပြပြီး ခွင့်ပြုသည်။ နှစ်ဦးသား ဖေဖေ တို့ကို ထားရစ်ခဲ့ကာ ခဏထွက်လာခဲ့ကြသည်။ သူမသည် ကို့လက်မောင်း ကို ဆွဲကိုင်လိုက်ကာ ဦးခေါင်းကို အသာမှီနွဲ့လိုက်သည်။

"ဘာပစ္စည်းလေးပြမလို့လဲ . . ကို"

"မင်းအရမ်းအံ့သြသွားမှာပဲ . . ဖန်တုံးလေးတစ်တုံးပါ . .၊

အဲဒီအထဲမှာ . . တကယ့် ပန်းသီးအစစ်တစ်လုံး ကိုယ်ထည့် ထားတာလေ . ."

"ဟင်!"

ကြားလိုက်ရသော ကို့စကားကြောင့် သူမ တစ်ကိုယ်လုံး လေထဲ မှာ မြောက်တက်သွားသလို ခံစားလိုက်ရသည်။ အံ့သြခြင်း ဝမ်းသာခြင်း လျှပ်စီးတွေ လှိုင်းလုံးတွေပေါ်မှာ သူမလေဟုန်စီးနင်း လွင့်ပါသွားသည်။ ဒါဆို . . ကို . . ကိုသည် . . .

သူမသည် ရင်မှာလှိုက်တက်လာသော ပျော်စိတ်တွေကို မထိန်း ချုပ်နိုင်တော့ပဲ . . ကို့အား ဖက်တွယ်ပစ်လိုက်သည်။

"ဒါ . . ဘာလုပ်တာလဲ စကားသူ"

အနီးကပ်ကြားလိုက်ရသောအသံ . .၊ နောက် . .

မိုးထက်မြင့်သူ၏ ဒေါသမျက်နှာ . .၊



www.burmeseclassic.com

www.burmeseclassic.com



သူမ . . ကိုအား ဖက်တွယ်ထားရာမှ လွှတ်လိုက်သည်။

"မိုးထက်မြင့်သူ . . ဒါ . . ဒါ တစ်ခြားလူမဟုတ်ဘူး . . ဟင်ရှင်လည်း သိခဲ့ပြီးသားလေ . ."

"မင်းတို့ ပြောနေတာ ငါ အစအဆုံးကြားပါတယ် . .၊ ငါလည်း မင်းတို့နောက်က ကပ်ပြီးလိုက်ခဲ့တာပဲလေ . . မင်းကို မင်းထိန်းပါ စကားသူ . .၊ သာမန်မိန်းကလေးတစ်ယောက်လို မင်းဟာ နေလို့မရတော့ဘူး . .၊ ဒီကရှေ့ . . မင်းရဲ့ဘေးမှာ မျက်လုံးတွေက အများကြီးရှိနေပြီဆိုတာ သတိထားဦး . ."

သည်အခိုက်မှာပင် . .

နားနေခန်းပေါက်မှ ဝင်လာသော အရိပ်နှစ်ခုကို တွေ့လိုက်ရသည်။ လုံးဝမျှော်လင့်မထားပဲ မေ့လျော့နေပြီဖြစ်သူ နှစ်ယောက် . .

ပိတောက်ခက်နှင့် သူ့အမျိုးသား . .၊

ပိတောက်ခက်ကိုမြင်တော့ ကို့မျက်နှာသည် အကြီးအကျယ်ပျက်ယွင်းသွားသည်။ ခြေမကိုင်မိ လက်မကိုင်မိ . . ဆောက်တည်ရာမဲ့ သွားသည့်ပုံ . .။ ကိုသည် ပိတောက်ခက်၏ လက်ထဲမှ အဖြူရောင်စာအိတ်ကြီးကို တုန်လှုပ်ခြင်းကြီးစွာ ကြည့်နေ၏။

"ကို . . လုပ်ကြံခံလိုက်ရပြီ . .၊ ကို . . ကို သွားမယ် စကားသူ . ."

ကိုသည် ပြေးထွက်သွား၏။

"ငါလည်း လိုက်ခဲ့မယ် နောင်လတ် . ."

မိုးထက်မြင့်သူလည်း ကို့နောက်မှ အတူလိုက်ပါသွားသည်။

သည်ညမှာ ဘာတွေဖြစ်ကုန်ပြီမသိ။

ငေးရပ်နေသော သူမအနီးသို့ ပိတောက်ခက်နှင့် သူ့အမျိုးသား ရောက်လာသည်။





ဖေဖေလည်း ရောက်လာသည်။

ပိတောက်ခက်သည် လက်ထဲမှကိုင်ထားသော စာအိတ်ဖြူကြီးအား သူမထံသို့ ပေးလိုက်သည်။ အေးစက်သော ဆောင်းညလယ်မှ သည်မိန်းမ၏ အေးစက်သော မျက်လုံးစိမ်းများ . .၊

"ဒီညဟာ နှင့်ရဲ့ ညပါပဲ . .၊ ပရိသတ်ရဲ့ အချစ်ကို နှင်ရလိုက်ပြန်ပြီ . .၊ အောင်မြင်ခြင်းတွေ နှင်ရလိုက်ပြန်ပြီ စကားသူ . .၊

လာမယ့် နှင့်ရဲ့မွေးနေ့မှာ ကိုနောင်ဟာ နှင့်ကို လက်ထပ်မယ် . . တဲ့ . .၊ ဒီညမှာ နှင့်ကို သူဖွင့်ပြောမှာလေ . .၊ ငါအချိန်မီ လိုက်လာခဲ့တာ . . ဒါ . . ငါနဲ့ နောင်လတ်ရဲ့ လက်ထပ်စာချုပ် . . ဒါဟာ မိတ္တူပဲ . .၊ အစစ်ကို ငါကိုင်ထားတယ် စကားသူ"

စာအိတ်ထဲမှာ လက်ထပ်စာချုပ်ကို ဖြန့်ကြည့်နေရင်း သူမမျက်ဝန်းတွေ ဝေဝါးလာသည်။ စာရွက်ပေါ်သို့ မျက်ရည်တွေ တပေါက်ပေါက် ကျဆင်းလာသည်။ နှလုံးသည်းပွတ်သည် တစ်စစီ ကွဲကြေလျက် . . . တသိမ့်သိမ့်ရှိုက်ငိုရင်း သူမဒူးတွေ ညွှတ်ကျသွားသည်။

"မင်းတို့ ပြန်ကြပါတော့ကွာ"ဟူသော ဖေဖေ၏ မချိတင်ကဲပြောသံကို သူမ ကြားလိုက်ရသည်။



www.burmeseclassic.com


www.burmeseclassic.com

စိမ်းမြ မြက်ခင်းလွှာသည် ညနှင်းစက်တွေနှင့် စိုလက်နေသည်။ နှင်းသက်လေသည် အေးစက်လက်ချောင်းတွေနှင့် ဟန်ရေးပြနေသည်။ ညသည် အေးစက်ခြုံလွှာအောက်မှာ . .။

၂၀၁၂ ဖေဖော်ဝါရီ ၂၆ ဟု အမည်တပ်ထားသော သည်ညသည် စကားသူ၏ ညဖြစ်ခဲ့၏။ သူ၏အသည်းစိုင်တွေ ကွဲအက်ကြေမွခဲ့ရသောညလည်း ဖြစ်ခဲ့သည်။ အမှန်ဆို သူသည် ကားကို ဦးတည်ရာမဲ့စွာ မောင်းနေမိမည်ဖြစ်သော်လည်း နံဘေးမှာထိုင်နေသော မိုးထက်မြင့်သူကခွင့်မပြု. .၊ မိုးထက်မြင့်သူသည် သူ့ထံမှကားသော့ယူထားခဲ့သည်။

နောင်လတ်သည် ကားစတီရာရင်ဘီးကို ဆုပ်ကိုင်ထားသည်။ သူ့မျက်ဝန်းတွေ မျက်ရည်တွေ ဝေ့သီနေသည်။ မိုးထက်မြင့်သူသည် နောင်လတ်အား ဂရုဏာသက်စွာ ကြည့်နေ၏။





# ပန်းသီးဖန်တုံး


www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် . . စကားသူကို သိပ်ချစ်ပါတယ် . . မစွန့် နိုင်အောင် ချစ်တာပါ . . ခင်ဗျားလည်း မြင်ခဲ့မှာပါ . . ကျွန်တော် ယောဒီ ပန်းသီးဖန်တုံးလေးကို သူ့ကိုပြမယ်ဆိုတော့ . . အံ့ဩ ပျော်သွားတဲ့သူ့ပုံစံ . .၊ သူပျော်သွားတဲ့ အဲဒီပုံစံဟာ ကျွန်တော့် အိမ်တစ်ခုလုံးကို ဆွဲကိုင်လှုပ်ပစ်လိုက်တာပါပဲ . . အဲဒီမှာပဲ ငါမှား ပြီလို့ . . သိလိုက်တာပါ"

နောင်လတ်က ဒက်ချ်ဘုတ်ပေါ်မှာ တင်ထားသော ပန်း ဖန်တုံးလေးကိုယူကာ မိုးထက်မြင့်သူထံသို့ ပေးလိုက်သည်။



မိုးထက်မြင့်သူသည် လက်ထဲမှ ပန်းသီးဖန်တုံးလေးကို ကိုင်ကြ လိုက်ရင်း ဦးခေါင်းကိုညိတ်ကာ သံဝေဂ စကားဆိုသည်။

"လွန်ခဲ့တဲ့ လေးနှစ်က မိုးထက်မြင့်သူဆိုတဲ့ ရှူးသလို ဝေါ ကောင်ဟာ သာမန်ပန်းသီးလေးတစ်လုံးကို ရေခဲပုံးထဲထည့်ပြီး လေယာဉ်ကြီးစီး ဘန်ကောက်ကို ရောက်ခဲ့တယ်။ ဘန်ကောက်က ဆရာကြီးတွေတောင် တစ်ခါမှ မစဉ်းစားဖူးတဲ့ အလုပ်ကို လုပ်ခဲ့ အဲဒီပန်းသီးလေးကို ဘယ်သောအခါမှ မပုပ်မသိုးမပျက်စီးအောင် ဖ





န်တုံးထဲ ထည့်ခဲ့တာပဲ . .၊ ဒါဟာ ယောကျာ်းတစ်ယောက်ရဲ့ ရူးသွပ်တဲ့ အချစ်တစ်ခုပါပဲ . .၊ ဒီအောက်ခြေပိုင်းမှာ ရက်စွဲနဲ့ သူ့လက်မှတ်လေး ပါတယ် . .၊ အတွင်းထဲမှာ . . အဲဒါဟာလည်း ဘယ်လိုမှ မပျက်ပြယ် နိုင်တဲ့အရာပါ . .၊ ဒါကိုလည်း ငါတို့ သတိမပြုဘဲထားလို့ မရပါဘူး . .၊ အခုတော့ ဒီဖန်တုံးလေးဟာ မင်းရဲ့ နှလုံးသားကို ခွဲကြေပစ်လိုက် ပြီပဲ နောင်လတ်ရေ . .၊ ဒီဖန်တုံးလေးကို သူ့နေရာသူ ပြန်ထားလိုက် တော့မယ် . .၊ အမှန်တော့ အမှားတစ်ရပ်ကို ကျူးလွန်ခဲ့တဲ့ မင်းရဲ့ အပြစ်ပါပဲ . ."

မိုးထက်မြင့်သူသည် ပန်းသီးဖန်တုံးလေးကို သူ့ဂျာကင် အိတ်ထဲ သို့ ထည့်လိုက်၏။ ပြီးတော့ ကားပေါ်မှ ဆင်းလိုက်သည်။

"ငါ ကတိပေးပါတယ် နောင်လတ် . . ဖြစ်ခဲ့တာတွေအားလုံး ငါစကားသူကို ရှင်းမပြပါဘူး၊ ကံတရား . . အဲ . . မဟုတ်ဘူး စကားသူ ရဲ့ မင်းအပေါ်မှာ ခွင့်လွှတ်နိုင်မှု . . အဲဒါကိုပဲ စောင့်ကြည့်ကြတာပေါ့ . .၊ငါဘယ်ဘက်မှမပါဘူးဆိုတာ ကတိပေးပါတယ် . . မင်းကံကောင်း ပါစေကွာ . ."

တဖွဲဖွဲကျနေသော နှင်းတွေအောက်မှာ ရွေ့ရွေ့ လှမ်းထွက် သွားသော မိုးထက်မြင့်သူအား နောင်လတ် ငေးကြည့်ကျန်ရစ်ခဲ့လေ သည်။

နံနက်ခင်းမှာတော့ ဖေဖေ ဖုန်းဆက်ခေါ်သဖြင့် ပိတောက်ခက်၏ အမျိုးသား ရောက်လာသည်။ သူသည် ဖေဖေနှင့်အတူ ခြံထဲမှာ စကား ပြောသည်။ ပြီးတော့မှ သူမနှင့် သုံးဦးသားစကားပြောသည်။

"သူ့နာမည်က အုပ်စိုးသာ . . တဲ့၊ ဒီကိစ္စမှာ သူက အရေးပါ တယ်၊ သူကသမီးကို ပြောစရာရှိတာ ပြောပါလိမ့်မယ်သမီး"

"အပေးအယူ ကတိကဝတ်တွေ ရှိသလား ဖေဖေ . . အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်တော့ သမီး လက်မခံဘူး . ."

"ဘယ်လိုပြောလိုက်တာလဲ သမီး . . ၊ တစ်ဘက်သားရဲ့ မင်းအပေါ်မှာထားတဲ့မေတ္တာကို ဘာလို့စော်ကားရတာလဲ"

ဖေဖေက ဒေါသတကြီး အော်သည်။ ဖေဖေ့ကိုကြည့်ပြီး သူမ လန့်သွားသည်။ အုပ်စိုးသာကတော့ မထိတရိလေးပဲပြုံးပြီး ဖေဖေ့ကို လက်ကာပြသည်။ ပြီးတော့ သူမကို ကြည့်သည်။

"နောင်လတ်ဟာ ငါ့သူငယ်ချင်းပါ စကားသူ . . ၊ ငါ့ဆီ အပတ်တိုင်း လာလာလည်ရင်းနဲ့ ငါ့အထိန်းအသိမ်းညံ့လို့ ပိတောက်ခက်ရဲ့ မာယာထဲမှာ ပါသွားရတာပါ . . ၊ အဲဒီကိစ္စတွေ ငါမသိခဲ့ပါဘူး၊ ငါ့မှာ အဲဒီအပြစ်ရှိပါတယ် . . ၊ ပိတောက်ခက်ကို ငါတာဝန်ယူပါတယ် . . ဒီတစ်သက် မင်းကို မနှောင့်ယှက်စေရဘူး၊ မင်းဒီနေ့ စဉ်းစားလိုက်ပါ . . ၊ မင်းနောင်လတ်ကို ခွင့်လွှတ်နိုင်တယ်ဆိုရင် ဆရာနဲ့အတူ မန္တလေးကို လာခဲ့ပါ။ နောင်လတ်ဆီကို ငါကိုယ်တိုင် လိုက်ပို့ပေးမယ် . . စကားသူဆီက လက်ထပ်စာချုပ်အစစ်ကိုလည်း ယူခဲ့မယ်၊ မင်းနဲ့ နောင်လတ်ရှေ့မှာ ငါဆုတ်ဖြဲပေးမယ် စကားသူ . ."

ပြောအပြီးမှာ ဖေဖေ့ကိုနှုတ်ဆက်ပြီး အုပ်စိုးသာပြန်သွားသည်။ သူမကို တစ်ချက်လေးတောင် နှုတ်မဆက် လှည့်မကြည့်။ သူ့ကိုကြည့်ရင်း ဖေဖေကခေါင်းကို ရမ်းခါလျက်ညည်းသည်။

"ဒီကောင်ကတော့လေ . . တကယ် . . မလွယ်ဘူး . .

ထုံထုံတေတေ . . အေးတိအေးစက်နဲ့ . . ၊ သမီး သိအောင် ဖေဖေ တစ်ခုတော့ ပြောလိုက်မယ် . . ၊ သမီးနဲ့ မောင်နောင်လတ်လိုပဲ သူ့ရင်ထဲမှာလည်း ကွဲကြေနေတယ် သမီး . ."

ဟုတ်မှာပေါ့ . . ၊ သူလည်း ချစ်သူတစ်ယောက်လုံး သူများ ငြိစွန်း . . အဲ . . ဆက်မတွေးရဲတော့ပါ။ အတွေးနှင့်ပင် ရင်မှာ စူးထောင့်





အောင့်သွားသည်။ သူမ . . ကို့ကို သိပ်ချစ်ပါသည်။

ပြီးခဲ့သော အချိန်တွေတုန်းကလို မဟုတ်၊ မျက်နှာလေးလန်းသွားသော သမီးကိုကြည့်ကာ ဖေဖေ မချိပြုံးပြုံးသည်။

"ဒါဆို . . ဖေဖေတို့ ညနေမန္တလေးကို လိုက်ကြရတော့မှာပေါ့ . . ဟုတ်လား . . ခွေးမလေး . ."

သူမ ဘာမှမပြောဘဲ ငြိမ်နေလိုက်သည်။ ဆိတ်ဆိတ်နေခြင်းသည် ဝန်ခံခြင်းပဲဖြစ်ပါသည်။

ကို့ဆီကိုဖုန်းကြိုမဆက်တော့ပါ။

ရုတ်တရက်တွေ့လျှင် ကိုဘယ်လောက်အံ့သြဝမ်းသာသွားမည်မသိ . . အို . . လွမ်းလိုက်တာကိုရယ် . . .

■



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၉)

# ?

ဘယ်သူပဲဖြစ်ဖြစ်
ချစ်သူဘဝမှာ
အနည်းနဲ့အများ
လိမ်ညာခြင်း၊ ဟန်ဆောင်ဖုံးကွယ်ခြင်းတွေ
ရှိကြတာချည့်ပါပဲ။

ညာမှန်းမသိလို့ယုံတာ၊
ညာမှန်းသိလျက်နဲ့ယုံတာ၊
ယုံမှန်းသိလို့ ညာတာ၊
ယုံမှန်းမသိလို့ ညာလိုက်မိတာ၊

ကဲ! ကိုယ့်ဆရာ၊
အဲဒီလေးမျိုးထဲမှာ
ဘယ်အမျိုးအစားနဲ့ ကြုံပါသလဲ
ကိုယ့်ဆရာဟာ
ညာတဲ့အချိန်လား ?
ယုံနေတဲ့ အချိန်လား ?



www.burmeseclassic.com

www.burmeseclassic.com

ဖေဖေက စောစောပဲ သွားလိုက်ကြရအောင် ဆိုသဖြင့် မနေ့က နေ့ခင်း ဆယ့်နှစ်နာရီမထိုးခင်မှာ ထွက်ခဲ့သည်။ ည ဆယ်နာရီ စွန်းစွန်း မှာ မန္တလေးသို့ရောက်သည်။ အိပ်ရေးလည်းဝခဲ့ပြီ။ ဖေဖေက အကိုနှ အကြောင်းဖုန်းဆက်ထားသဖြင့် နံနက်ခြောက်နာရီမှာ အုပ်စိုးသာ ရောက် လာသည်။ အုပ်စိုးသာ၏ ကားကိုမြင်လိုက်တော့ သူမ တစ်ချက်အံ့ဩ မိလိုက်၏။ တိုက်တိုက်ဆိုင်ဆိုင် သူ့ကားကြီးကလည်း ပရားဒိုး .. အရောင်ကလည်း ပုလဲရောင် ..။

"အုပ်စိုးသာ.. ရှင်ပိတောက်ခက်ရဲ့ လက်ထပ်စာချုပ် ပါခဲ့ပါ တယ်နော် . ဟို စိတ်မဆိုးပါနဲ့ ..၊ ကျွန်မက ရှင်မေ့ခဲ့မှာ စိုးလို့ပါ"

"ငါကလေးအလုပ်လုပ်တာမဟုတ်ဘူး..၊ ဒါဟာ အချစ်နဲ့ဆိုင် တယ်၊ အချစ်က ကမ္ဘာပေါ်မှာ အရေးအကြီးဆုံးအလုပ်ပဲ စကားသူ"

ဖေဖေက ကားနံဘေးမှာ ရောက်လာသည်။

"ဟိုရောက်ရောက်ချင်းပဲဖြစ်ဖြစ်၊ လမ်းခရီးမှာစိတ်ပြောင်းသွား လို့ပဲဖြစ်ဖြစ်၊ ဖေ့ဖေ့ကို ဖုန်းလှမ်းဆက်ပါသမီး၊ ဖေဖေလည်း ဆက်မယ်"

ပြီးတော့ .. ဖေဖေက အုပ်စိုးသာကို ပြောသည်။

"မင်းကို ငါမယုံဘူး အုပ်စိုးသာ၊ ငါမှာလိုက်တဲ့အတိုင်း မင်း မလုပ်ခဲ့ရင်တော့ မင်းနဲ့ငါနဲ့ သေခန်းပြတ်ပဲ ဒီထက်ဆက်ပြီး ... မမှားပါနဲ့တော့ အုပ်စိုးသာ ကဲ .. သွားကြတော့"





ကားကိုမောင်းထွက်လာခဲ့သည်။ မန္တလေးမှ ထွက်ခဲ့ပြီး မန္တလေး ပြင်ဦးလွင်လမ်း မိုင်နှစ်ဆယ်ရောက်သည်ထိ စကားမပြောဖြစ်ကြ..။

သူလည်း သူ့အတွေးနှင့်သူ..၊

ကိုယ်လည်း ကိုယ့်အတွေးနှင့်ကိုယ်..၊

ကားကပြင်ဦးလွင်ကို ဖြတ်ကျော်ခဲ့သည်။

ပြင်ဦးလွင်မြို့အထွက် မဟာအံ့ထူးကံသာ ဘုရားကြီး သာသာ မန္တလေး လားရှိုးလမ်းမကြီး၏ ညာဘက်ခြမ်းစိမ်းညို့ခြံကြီး တစ်ခြံ ရှေ့ မှာ ကားကို ခဏရပ်လိုက်သည်။ အုပ်စိုးသာက ကားပေါ်မှ နေ၍သာ ခြံကြီးကို လက်ညှိုးထိုးညွှန်ပြလျက် ပြောသည်။

"အဲဒါ .. ငါ့ခြံပဲ စကားသူ"

သူမ ခြံကြီးကို လှမ်းကြည့်လိုက်သည်။ အလယ်မှာ သစ်လုံးအိမ် လေးရှိသည်။ သစ်လုံးအိမ်လေးထဲမှ လူတစ်ယောက်ထွက်လာသည်ကို သူမလှမ်းမြင်လိုက်တော့ မျက်လုံးပြူးသွားသည်။

" ဟင် မိုးထက်မြင့်သူ"

အုပ်စိုးသာက ကားကို ရုတ်ချည်းမောင်းထွက်လိုက်သည်။ သူမ သည် သံသယတစ်ခုနှင့် အုပ်စိုးသာကို ကြည့်လိုက်၏

"မိုးထက်မြင့်သူ အဲဒါ မိုးထက်မြင့်သူပဲ အုပ်စိုးသာ"

"မင်းအမြင်မှားတာ ဖြစ်ပါလိမ့်မယ် စကားသူ"

အုပ်စိုးသာသည် ဟန်မပျက်ပါ။

ကားကိုသာ ဆက်ပြီး မောင်းနေသည်။

"မင်း နောင်လတ်ကို ချစ်သလား.. စကားသူ "

သူမနှုတ်ခမ်းလေးပြုံးသွားသည်။ အငေါ်တူးစကားလား..၊



www.burmeseclassic.com

www.burmeseclassic.com



စိတ်ရင်းစကားလားမသိ၊ သူမဖြေသည်။

"ချစ်တာပေါ့. . .၊ ချစ်လို့ပဲ ခွင့်လွှတ်နိုင်စွမ်းနဲ့ သူ့ဆီလိုက်လာခဲ့တာပေါ့. . ."

အုပ်စိုးသာထံမှ သက်ပြင်းချသံ ကြားရသည်။

"အင်းပေါ့လေ. . . မင်းတို့ ချစ်လာခဲ့ကြတာလည်း လေးနှစ်ကြာခဲ့ပြီပဲ. .၊ ခုချိန်ဆို သံယောဇဉ်က ခိုင်မြဲနေကြပြီပေါ့. . ."

ပြီးတော့ အုပ်စိုးသာ ရယ်သည်။ ဖော့သက်စွာ ရယ်မောခြင်းပါလား. .။ တစ်စုံတစ်ခုသော အတွေးကြောင့် သူမမျက်ခုံးလေး တွန့်ကွေးသွား၏။

"ရှင်ကောက်ချက်ချတာ မှားသွားပြီ အုပ်စိုးသာ. . အဲဒီလေးနှစ်ဆိုတဲ့အချိန်ဟာ စကားသူဆိုတဲ့ မိန်းကလေးအတွက် နှလုံးသားကို လှုပ်ခါနိုင်တဲ့အကြောင်းတစ်ခုမဟုတ်ပါဘူး. .။ အင်းပေါ့လေ. . .။ ရှင်နဲ့ပီတောက်ခက်က ချစ်ခြင်းမေတ္တာကို အလိုရမ္မက်နဲ့ကာပြီး ကြည့်တတ်တဲ့သူတွေဆိုတော့ ကျွန်မနဲ့ ခံစားချက်ချင်း ကီး (Key) တူမှာမဟုတ်ဘူးပေါ့. . ."

ကားမောင်းရင်းနှင့်အုပ်စိုးသာ ပခုံးတစ်ချက်တွန့်သည်။ ဘေးတိုက်အမြင်မှာပင် သူ၏နှုတ်ခမ်းထက်မှာ လက်ကနဲချိတ်ဆွဲလိုက်သော သရော်ပြုံးကို သူမဖမ်းမိလိုက်သည်။ သူမခံရခက်စွာ တုံ့ပြန်သည်။

"ကျွန်မ သူ့ကိုချစ်တာ ဒီလေးနှစ်ဆိုတဲ့ ချစ်သူသက်တမ်းကြောင့် မဟုတ်ဘူးအုပ်စိုးသာ. . .။ ကျွန်မသူ့ကိုချစ်တာက နောင်လတ်ဆိုတဲ့ လူကို မဟုတ်ဘူး. . .။ သူကကျွန်မအပေါ်မှာထားတဲ့ သူ့ရဲ့အချစ်ကို ချစ်တာ. . .။ ရှင်သိအောင်ပြောရရင် ကျွန်မကိုအခုမှချစ်တာမဟုတ်ဘူး ဟိုးငယ်ငယ်လေး ဆယ်နှစ်အရွယ်ကတည်းက ချစ်ခဲ့တာ. . . အဲဒီအရွယ်ကတည်းက အခုအချိန်ထိ သူ့နှလုံးသားမှာ ကျွန်မဆိုတဲ့ စကားသူတစ်ယောက်တည်းပဲ ရှိခဲ့တာ. . .။ ကျွန်မဘဝအတွက် အောင်မြင်မှု





နဲ့ စည်းစိမ်ဥစ္စာ. . နောက်. . . လူ့ဘဝမှာရှိမှန်းတောင်မသိခဲ့တဲ့ ကျွန်မမေမေနဲ့ မေမေရဲ့မေတ္တာအားလုံးကို ကျွန်မခံစားရရှိအောင် သူပဲနောက်ကွယ်ကနေ အစီအစဉ်တကျ လိုလေသေးမရှိ ကြိုးစားခဲ့တာလေ. . .။ အရာရာနဲ့ အချိန်တိုင်းမှာ ကျွန်မအတွက်ပဲ. . သူ့ရဲ့ထွက်သက်ဝင်သက်တိုင်းမှာ သူ့ရဲ့ရှင်သန်မှုဟာ ကျွန်မအတွက်ပဲ ရှိနေခဲ့တာပါ. .။ အဲဒီလိုပေးဆပ်ခြင်းသက်သက်နဲ့ အချစ်ကြီးလွန်းတဲ့ချစ်သူမျိုး ရှင်တွေ့ဖူးရဲ့လား. . အုပ်စိုးသာ"

အုပ်စိုးသာမလှုပ်၊ သူမ၏စကားကိုပဲ နားထောင်ပြီး အံ့ဩဆွံ့အသွားသည်လား. . .။ သို့မဟုတ်. . . တစ်စုံတစ်ခုကိုပဲ အလေးအနက်စဉ်းစားနေခြင်းလားမသိ။ မျက်မှောင်ကြီးကျုံ့လျက် အတွေးလွန်နေ၏။ သူမ၏ချစ်သူနှင့် သူ၏ချစ်သူတို့ နှိုင်းစာလျက် သည်လူ၏ရင်သည် ထိခိုက်ခံစားနေခြင်းပဲဖြစ်မည်ဟု သူမထင်မိလိုက်သည်။ သည်လူ့ကို သည်လိုပုံစံနှင့် မြင်ရတာ သူမကျေနပ်သည်။ ခံလေ. .၊ ခံပေါ့. .။ သည်လိုလူမျိုးကို သည်လိုပဲနှိပ်ကွပ်ပေးရမည်။ ကျေနပ်ဝံ့ကြွားစွာ သူမစကားဆက်သည်။

"ကိုက ပီယာနိုလည်း ကျွမ်းတယ်. . .။ ဂစ်တာလည်းကျွမ်းတယ်. . .။ ဂီတမှာပရော်ဖက်ရှင်နယ်တစ်ယောက်လို အဆင့်ရှိတယ်။ ကျွန်မနဲ့လိုက်ဖက်တဲ့ သံစဉ်ကိုလည်း မြင်တယ်. .။ သိတယ်။ ကျွန်မရဲ့အခုပေါက်နေတဲ့ သီချင်းတွေက သူရေးတာတွေချည်းပါပဲ အုပ်စိုးသာ"

"ကိုနဲ့ရှင်က အရမ်းရင်းနှီးတဲ့ သူငယ်ချင်းတွေဆိုတာ မေမေပြောလို့ ကျွန်မ သိခဲ့ရတယ်. . .။ ကိုက ရှင့်ကိုအရမ်းခင်တယ်တဲ့. . .။ လေးငါးရက် တစ်ခါလောက် လားရှိုးကနေပြီး ရှင့်ဆီလာလည်တယ်တဲ့. .။ ရှင်တို့နှစ်ယောက် အဲလောက်တောင် ခင်တာကို ကျွန်မမသိခဲ့တာတော့ ထူးဆန်းနေသလိုပဲနော်"

အင်းမလှုပ်. . .။ အဲမလှုပ်. . .။ ထောက်ခံမဲလည်းတက်



www.burmeseclassic.com

www.burmeseclassic.com



မလာ. . ။ ကန့်ကွက်မဲလည်း တက်မလာ. . ။ သည်လူ စိတ်နဲ့ကိုယ်နဲ့ ရောကပ်ရဲ့လားမသိ။ ဦးခေါင်းကို ညင်သွဲ့ခါရမ်းမိလိုက်သည်။ ပြီးတော့ ချစ်သူ၏ အညွှန်းကို သူမဆက်ရွတ်သည်။

“ကိုက ကျွန်မကို သိပ်ချစ်ရှာပါတယ်. . ။ ကျွန်မအတွက် သူရေးပေးတဲ့ သီချင်းတွေက သူ့နှလုံးသည်းပွတ်ထဲက နက်နက်ရှိုင်းရှိုင်း ပွင့်လာခဲ့တဲ့ ပန်းကလေးတွေပါပဲ. . ။ အဲဒီသီချင်းတွေကို ကျွန်မဆိုလိုက်တဲ့အခါတိုင်းမှာ သူ့နှလုံးသားကို ကျွန်မမြင်နေတယ်. . . ။ ရင်ထဲမှာ အေးပြီးလိုက်ဖို့နေတယ်. . . ။ အခုဆို သီချင်းတစ်ပုဒ်ကိုဆိုတိုင်း ရင်နဲ့ အမျှခံစားချက်အပြည့်နဲ့ ကျွန်မဆိုတတ်ခဲ့ပါပြီ. . . ။ အဲဒါဟာ သူ့ရဲ့ ကျေးဇူးတွေပါ. . အုပ်စိုးသာ”

သည်အခိုက်မှာပဲ သူမ၏ဖုန်းမှ ခေါ်သံကြားလိုက်ရသည်။ သူမနံပါတ်ကို ကြည့်လိုက်သည်။ ပျော်ရိပ်တွေအပြည့်နှင့် သူမ၏ မျက်နှာလေး ဝင်းပသွားသည်။

“ကို့ဆီက ဖုန်းလာတယ်. . အုပ်စိုးသာ”

အုပ်စိုးသာက ကားကိုအရှိန်လျှော့ကာ ဖြည်းဖြည်းပဲမောင်းလိုက်သည်။ သူမဖုန်းဖွင့်လိုက်၏။

“ဟယ်လို. . ကို. . မင်္ဂလာပါ ကိုနေကောင်းတယ်နော်”

“မင်္ဂလာပါ စကားသူ. . . ။ လွန်ခဲ့တဲ့နာရီဝက်လောက်က စကားသူရဲ့ ဖေဖေကိုယ့်ဆီကို ဖုန်းဆက်တယ်။ အုပ်စိုးသာက စကားသူကို ကိုယ့်ဆီလိုက်ပို့နေပြီတဲ့. . ကိုယ်အရမ်းတုန်လှုပ်သွားတယ်. . . ။ စိုးရိမ်လို့ ကိုယ်လည်းအခု စကားသူဆီလာကြိုနေပြီ. . . ။ အခုမင်းတို့ ဘယ်နေရာမှာ ရောက်နေပြီလဲ စကားသူ”

“အခု ကျွန်မတို့ ပြင်ဦးလွင်ကိုကျော်လာခဲ့ပြီ. . ။ ဘာမှစိုးရိမ်စရာမရှိပါဘူးကို. . ဖေဖေက ယုံကြည်လို့ ထည့်ပေးလိုက်တာပါ. . ။ ဖေဖေ့မျက်နှာနဲ့ သူမဟုတ်တာ မလုပ်ရဲပါဘူး. . . ။ ကိုနဲ့လည်း သူငယ်





ချင်းတွေပဲ. . ကို့မျက်နှာလည်း ရှိပါတယ်. . နောက်ပြီး အုပ်စိုးသာဟာ မိကောင်းဖခင်သားသမီးပါ။ သူ့ကိုကြည့်ရတာ ကိုစိုးရိမ်စေမယ့် အတန်းအစားထဲက မဟုတ်ပါဘူး။ ကားကိုဖြည်းဖြည်းပဲ မောင်းခဲ့ပါ၊ ကို့ကို ကျွန်မကပြန်ပြီး စိုးရိမ်ရအောင် မလုပ်ပါနဲ့ကို”

“ကောင်းပါပြီ စကားသူ. . ချစ်သူရဲ့စကားကို နားထောင်ရမှာပေါ့. . . ။ ကိုဖြည်းဖြည်းပဲ မောင်းခဲ့ပါ့မယ်။ အုပ်စိုးသာက မင်းကို ဘာတွေပြောသေးလဲ စကားသူ”

“ဘာမှမပြောဘူးကို. . . ရယ်ရတယ် မင်းနောင်လတ်ကို သိပ်ချစ်တာပဲလားတဲ့. . ။ အဲဒီမေးခွန်းတော့မေးတယ်။ ဘာမှတော့မပြောဘူး။ မျက်နှာလည်း သိပ်မကောင်းဘူး။ ကြည့်ရတာ ရင်မှာတစ်ခုခုကို ထိခိုက်ခံစားနေရပုံပဲ”

“ဘာပဲဖြစ်ဖြစ် သတိတော့ရှိပါစကားသူ။ ကိုတော့သူ့ကို မယုံဘူး။ မင်းလည်း ဘာပြောပြောမယုံပါနဲ့. . . ။ ကိုယ်တို့ကြားမှာသူဟာ တကယ့်ဖျက်မျဉ်းပဲ. . ၊ ကိုသူနဲ့ စကားနည်းနည်းပြောချင်တယ်. . . ကျေးဇူးပြုပြီး ဖုန်းလေးတစ်ချက် သူ့ကိုပေးလိုက်ပါ စကားသူ. . .”

“ရော့. . ကိုက ရှင်နဲ့စကားပြောမယ်တဲ့. .”

သူမ့ညစ်ကျယ်ကျယ်လုပ်ကာ ဖုန်းကိုစပီကာဖွင့်လိုက်ပြီးမှ အုပ်စိုးသာထံ ပေးလိုက်သည်။ အုပ်စိုးသာအား ဤသို့ဖွင့်ဆော့လိုက်ခြင်းမှာ မှားသွားပြီဆိုသည်ကို. .

သည်မှာပင် သူမသိလိုက်ရပါတော့သည်။

“ဟယ်လို. . အုပ်စိုးလား သူငယ်ချင်း”

မပြေမလျော့မျက်နှာ အေးစက်သောနှလုံးသားနှင့်အုပ်စိုးသာ တုံ့ပြန်သည်။

“မင်းဘာလဲဆိုတာ မင်းကိုယ်မင်း အရင်စဉ်းစားပါ. . ။ မင်းဟာ သူငယ်ချင်းလား. . သစ္စာဖောက်လား. . . သူငယ်ချင်းလို့ မင်းကိုယ်မင်း



www.burmeseclassic.com

www.burmeseclassic.com



လိပ်ပြာသန့်ရင်. . ငါ့ကိုသူငယ်ချင်းလို့ခေါ်ပါ. . . သစ္စာဖောက်ထို့ မင်းကိုယ်မင်းသိရင် မင်းနဲ့ငါ ဘာစကားမှ ပြောစရာ အကြောင်းမရှိဘူး. . နောင်လတ်၊ မင်းဘာကောင်လဲဆိုတာ မင်းကိုယ်မင်းအသိဆုံးပဲလေ. . "

နောင်လတ်ငြိမ်ကျသွားသည်။ အကြာကြီးဆွံ့အနေသည်။ သူမသည် ကို့အတွက် ကြားမှခံပြင်းလာ၏။ တစ်စုံတစ်ရာပြောဖို့ သူမ စဉ်းစားနေချိန်မှာပင် ကို့ထံမှ စကားသံကို ကြားလိုက်ရသည်။

"ငါဝန်ခံပါတယ် အုပ်စိုးသာ. . . ငါဟာ သစ္စာဖောက်ပါ. . . သူငယ်ချင်းအပေါ်မှာ မလုပ်သင့်တာ လုပ်ခဲ့တဲ့ သစ္စာဖောက်ပါ အုပ်စိုးသာ"

ကို့အသံတွေ တုန်ယင်ဆို့လှိုက်နေသည်။ ကြေကွဲစွာ ညည်းဆိုလျက် သူမကိုပင် နှုတ်မဆက်နိုင်တော့ဘဲ ကိုကဖုန်းပိတ်သွားသည်။

နံဘေးမှာ ဂန္ဓာမာပန်းခင်းတွေက မျက်စိတဆုံးရှိနေသည်။ ပန်းတွေပြည့်သိပ်မြေခံကိုလိုက်ကာ ပြေပြေယိမ်းသွဲ့နေသည့် ပန်းပင်လယ်ကြီးမှာ ကြွကြွဟန်ချီလိုက်ရှိနေသည်။ နှင်းရည်ဝကတ္တရာလမ်းမကြီးထဝါရည်လိမ်းချယ်ထားသော ကတ္တီပါကော်ဇောပေါ်မှာ အိန္ဒြေရရ လူးတွားနေသော မဲနက်မြွေတစ်ကောင်နှယ် ရှိနေ၏။ ကားကိုမှန်မှန်လေး မောင်းနေရာမှ အုပ်စိုးသာသည် သူမ၏ ဘက်သို့ငဲ့ကာ တောင်းပန် စကားဆိုသည်။

"Sorry ပါ စကားသူ. . . ။ စောစောတုန်းက ငါ့အပြုအမူတွေ ရိုင်းသွားတယ်၊ အဲဒီအတွက် တောင်းပန်ပါတယ်စကားသူ. . . "

သူမဘာမှပြန်မပြောဖြစ်ပါ။

သူကလည်း ဘာမှ ဆက်မပြောဖြစ်တော့. . ။

စိမ်းရိပ်ခြည်တွေပြည့်သိပ်နေသည့် အေးမြမြင်ကွင်းတွေထဲမှာ နှစ်ဦးသား သွေ့ခြောက်စွာ ခရီးဆက်ခဲ့ကြသည်။

ဆဋ္ဌမအာရုံဟုဆိုရမည်လားမသိ. . ။ သည်လိုအေးခြောက်သော အနေအထားမျိုး၏နောက်မှာ မိုးသက်မုန်တိုင်းတစ်ခုရောက်လာ





တော့မည်ဟု သူမသိလိုက်သည်။ သူမ၏စိတ်ထဲမှာ စိုးထင့်လာသည်။ ဘာရယ်မသိသော်လည်း ရင်သည်တဒိတ်ဒိတ်ခုန်လှုပ်လာ၏။ တစ်ခုခုတော့ ဖြစ်လာပါတော့မည်။

● ● ●

တိတ်ဆိတ်ခြောက်သွေ့နေခိုက်မှာ ရုတ်တရက်လှုပ်နိုးလိုက်သောအသံတစ်ခုကြောင့် သူမကိုယ်လေး အထိတ်တလန့်နှင့် ဆတ်ကနဲတုန်သွားသည်။ ဟန်းဖုန်းမြည်သံပါလား. . . ။ ဖေဖေ့ထံမှ ဖုန်းဆက်ခြင်းဖြစ်သည်။ သူမ ဖုန်းဖွင့်လိုက်၏။

"ဟယ်လို. . . ဘာထူးလဲသမီး. . . "

"ဘာမှ မထူးပါဘူးဖေဖေ. . . ၊ ဩော်. . ကို့ဆီကတော့ ဖုန်းလာတယ်. . . ။ ကို့ဆီကို ဖေဖေဖုန်းဆက်ပြီး အသိပေးလိုက်တယ်ဆို၊ အခု. . သူလားရှိုးက ထွက်လာပြီး သမီးကို လာကြိုနေပြီ၊ မကြာခင် သမီးတို့ ဆုံကြတော့မှာပါ. . . "

"အုပ်စိုးသာ. . အုပ်စိုးသာကရော ဘယ်မှာလဲ"

ဖေဖေ့အသံသည် ပုံမှန်မဟုတ်. . . ။ အနည်းငယ် အထိတ်တလန့်ရှိနေသည်။ ဖေဖေဘာဖြစ်နေသည်မသိ။

"နံဘေးမှာ ရှိပါတယ်. . . ။ သူကားမောင်းနေတာလေ. . . ။ ဖေဖေ ဘာဖြစ်နေတာလဲဟင်. . . "

"ငါဘာမှမဖြစ်ဘူး. . ဒီကောင်နဲ့ငါ စကားပြောမယ်။ သူ့ကို ဖုန်းပေးလိုက်သမီး. . . "

လာပြန်ပြီ. . . ။ ဖုန်းပေးခိုင်းပြန်ပြီ။ ခုနကလိုပဲ သူမသည်စိတ်ကျသည် လုပ်ကာ စပီကာဖွင့်ပြီး အုပ်စိုးသာအား ပေးလိုက်သည်။ အုပ်စိုးသာက ဖုန်းကိုချက်ချင်းမယူသေးဘဲ ကားကိုရပ်ပြီးမှ ယူလိုက်သည်။

"ဆရာ့ သမီးတော် အာပြဲစိန်က စပီကာဖွင့်ထားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ဘယ်လိုပြောကြမလဲဆရာ"

"မင်းဘာလုပ်တာလဲ အုပ်စိုးသာ. . ။ မင်းခုထိ သမီးကိုဘာမှ မပြောရသေးဘူးလား. . ။ ငါက နောင်လတ်ဆီ ဖုန်းလှမ်းဆက်လိုက်တာ မင်းမြန်မြန်ဖွင့်ပြောအောင် တွန်းအားပေးလိုက်တာကွ. . မကြာခင် မင်းတို့ ထိပ်တိုက် ဆုံတွေ့ကြတော့မယ်. . . ။ ငါ့သမီးကို နောင်လတ်လက်ထဲ မင်းဒီလိုပဲ ထည့်ပေးလိုက်တော့မှာလား. . အုပ်စိုးသာ"

"Behind the eight ball... ပေါ့။ ကျွန်တော်လည်း အကျဉ်းအကျပ် ထဲ ရောက်နေပြီဆရာ၊ ဆရာရော ကျွန်တော်ရော ဒီကိစ္စကို ဖွင့်မပြော ကြဖို့ ကတိရှိခဲ့ကြတယ်လေ. . . ။ အဲဒါကြောင့်ပါ ဆရာ"

"No.., No, ... အဲဒါက ဘောင်မဝင်တော့ဘူး။ မနေ့ညက မင်းနဲ့ ငါ နောက်ဆုံးသဘောတူခဲ့ကြတာက. . . ဒီကိစ္စကို တစ်ဖက်လှည့်နဲ့ အရိပ်အမြွက်ချပြကြဖို့လေ. . . ။ ကြာပါတယ်ကွာ. . . ။ ခေါင်းပန်း လှန်မယ်. . . ။ မင်းခေါင်းလား၊ ပန်းလားပြော. . . "

"ခေါင်းပါဆရာ"

"ကဲ. . လှန်လိုက်ပြီ. . . ပန်း. . တဲ့၊ ပန်းကျတယ်. . ၊ မင်းက ပန်းဆိုတော့ မင်းပဲပြောလိုက်ပေတော့. . ဒါပဲ အုပ်စိုးသာ"

ဖေဖေက သည်လိုပါပဲ. . ။ ဖုန်းထဲမှာ မမြင်ရသော ခေါင်း ပန်းကိုလေထဲမှာ လှန်ကာ လေထဲမှာပဲ အနိုင်အရှုံးချသွားသည်။ နေပါဦး အဲဒါ. . ဘာလဲ။ သူတို့ဘာတွေလုပ်နေကြတာလဲ. . . ။ သူမ မသိနိုင်တဲ့ ကိစ္စ. . . ။ သူနှင့်ဖေဖေကြားမှာ ရှိနေပြီလား. . . ။ အတွေးကြောင့် သူမမျက်ခုံးလေး တွန့်ကွေးသွားသည်။

ဦးနှောက်ခြောက်စွာနှင့် ဦးခေါင်းကို ရမ်းခါမိလိုက်ရင်း ပိတ် သွားသော ဖုန်းကို သူမရှိရာသို့ အုပ်စိုးသာက လှမ်းပေးလိုက်သည်။ သည်မှာပင် မျက်မှောင်ကျုံ့လျက် သူ့ကိုကြည့်နေသော သူမ၏ အကြည့် စူးစူးကို ရင်ဆိုင်လိုက်ရသည်။





"ပြော. . . အဲဒီကိစ္စဘာလဲဆိုတာ. . ရှင်ဖွင့်ပြောရမယ့်ကိစ္စ အဲဒါကို အခုပြောပါ အုပ်စိုးသာ. . . "

အုပ်စိုးသာ၏ မျက်နှာရဲခနဲဖြစ်သွားသည်။ သူမ၏အကြည့် စူးစူးကို အုပ်စိုးသာ ခံနိုင်ရည်မရှိပါ။ မဝံ့မရဲနှင့် တိုးတိုးလေး ညည်း သည်။

"ပြောရမှာ မျက်နှာပူတယ်. . . ။ ငါက. . မင်းကိုချစ်နေတဲ့ အကြောင်းဖွင့်ပြောဖို့ပါ. . . "

"လဲသေလိုက်ပါလား. . သေခြင်းဆိုးက. . . "

သူမ၏မျက်နှာထက်မှာ ပန်းသွေးနှင်းဆီခင်းကလေး ပြေးဖြတ် သွားသည်။ ဒေါသသွေးစွက်စွက်မျက်နှာ. . . ။ အုပ်စိုးသာကိုမကြည့်၊ တစ်ဘက်သို့ မျက်နှာလွှဲသွားသည်။ မုန်းဖို့ကောင်းတဲ့လူ. . ဒါဟာ. . ငါ့ကိုစော်ကားလိုက်တာပါပဲ. . . ။

တွေးရင်းနှင့် စိတ်မှာတင်းလာသည်။ သူမသည် အုပ်စိုးသာ ဘက်သို့ လှည့်လိုက်၏။ သည်အခိုက်မှာပင် ဖေဖေ့မျက်နှာက အာရုံမှာ ဝင်ရောက်လာသည်။ ဖေဖေ့မျက်နှာသည် စိတ်ထဲမှာတင်းတင်းဆွဲတင် ထားသော မောင်းတံကို ဖြည်လျှော့ချလိုက်၏။ သည်ကိစ္စမှာ ဖေဖေ လည်း ပါဝင်နေသည်လေ။

"ရက်ပိုင်းအတွင်းမှာ လက်ထပ်တော့မယ့် သူငယ်ချင်းရဲ့ ချစ်သူ ကို ရှင်ဘာရည်ရွယ်ချက်နဲ့အခုလိုစကားမျိုး ပြောရတာလဲအုပ်စိုးသာ. . . ။ တကယ်ဆို အဲဒီစကားဟာ ပိတောက်ခက်ကို ရှင်ပြောရမယ့်စကားပါ. . . ။ ခွင့်လွှတ်နားလည်စွာနဲ့ ပိတောက်ခက်ဆီ ပြန်သွား ပါ။ ပိတောက်ခက်ရဲ့ ရင်ခွင်မှာ နားခိုပါ. . . ။ ပိတောက်ခက်ကိုပဲ လက်ထပ်ပါ အုပ်စိုးသာ"

သူမ၏စကားကြောင့် အုပ်စိုးသာ 'ဟက်'ကနဲရယ်သည်။ ပြီးတော့ သူမကို ကြည့်သည်။ လောကကြီးအကြောင်း မသိသေးသော ကလေး တစ်ယောက်အား ကြည့်သည့်အကြည့်မျိုးပါလား. . ။



www.burmeseclassic.com

www.burmeseclassic.com



"အခုအချိန်မှာ မိုးတွေရွာမနေတာ မင်းကံကောင်းသွားတယ်၊ မဟုတ်ရင် မင်းမိုးကြိုးပစ်ခံရလိမ့်မယ်၊ ပိတောက်ခက်နဲ့ငါက တစ်ဝမ်းပဲကွဲတဲ့ မောင်နှမတွေကွ. . ."

သူ့စကားကြောင့် သူမ၏နှုတ်ခမ်းလေး ဝလုံးလေးလို ဝိုင်းသွားပါတော့သည်။

အတွေးလွင့်တွေ တစ်ပြုံတစ်မကြီး ကိုယ်စီရင်မှာ ပွေ့ပိုက်လျက် နှစ်ဦးသားခရီးဆက်ကြသည်။ သူမ၏ခေါင်းထဲမှာလည်း ဘာလဲ?၊ ဘယ်လဲ?ဟူသော Question Mark တွေက အရွယ်မတူသော ပဲပင်ပေါက်တွေလို ပြန့်ကျဲနေသည်။ ကားကိုမှန်မှန်မောင်းနေရာမှ အုပ်စိုးသာက စကားစသည်။

"မင်းကိုငါ Story လေးတစ်ခုပြောပြပါရစေ စကားသူ. . ။ အဲဒီ Story လေးပြောမပြခင်မှာ ငါသိချင်တာလေးတွေ ကွဲကွဲပြားပြားသိဖို့ မင်းက ကူညီဖို့ပါ. . ."

"ခုနက မင်းပြောခဲ့တာလေ. . ။ ချစ်သူသက်တမ်းလေးနှစ်ဆိုတဲ့ နောင်လတ်ကိုချစ်တာမဟုတ်ဘူး. . ။ ငယ်ကတည်းက ခုချိန်ထိ မင်းအတွက်ပဲ ရှင်သန်နေတဲ့ နောင်လတ်ကိုချစ်တာဆိုတာလေ. . ။ ငါမေးပါရစေ စကားသူ. . ။နောင်လတ်ဆိုတဲ့ အမည်နာမကို ခဏဖျောက်ထားပြီး မင်းရဲ့ချစ်သူလို့ ပြောကြရအောင်။ မင်းရဲ့ချစ်သူကို နှစ်ကိုယ်ခွဲပစ်လိုက်မယ်။ ဘဝလက်တွဲဖော်အဖြစ် မင်းလက်ထပ်မယ့်သူက လေးနှစ်တာ မေတ္တာမျှခဲ့တဲ့ချစ်သူလား။ ငယ်ကတည်းက မေတ္တာချည်နှောင်ခဲ့တဲ့ချစ်သူလား. . ။ ကွဲကွဲပြားပြားသိပါရစေ စကားသူ"

"စကားသူဆိုတဲ့ မိန်းကလေးရဲ့ စိတ်က ပြတ်သားတယ်။ အဲဒီအတွက် ကျွန်မမှာ မပြောင်းလဲတဲ့ အဖြေရှိပြီးသားပါ။ ငယ်ကတည်းက ခုချိန်ထိ ကျွန်မတစ်ယောက်တည်းကိုပဲ မေတ္တာချည်နှောင်ခဲ့တဲ့ ချစ်သူကိုပဲ ကျွန်မလက်ထပ်မှာပေါ့. . ။ သူ့ကိုပဲ ကျွန်မမြတ်မြတ်နိုးနိုး ချစ်တာပါ အုပ်စိုးသာ. . ."

သူမ၏စကားကြောင့် အုပ်စိုးသာ၏ခန္ဓာကိုယ်ကြီး သိမ့်ခနဲ ဖြစ်သွားသည်ကို သူမသတိပြုမိလိုက်သည်။ အုပ်စိုးသာ၏ နှုတ်ခမ်းတွေ ပြုံးနေသည်။ သည်လူထူးဆန်းနေသည်။ ရင်ထဲက ကြေကွဲမှိုင်တွေက မျက်နှာမှာ ဖုံးကွယ်၍မရ။ သည်လူ့ရင်မှာ ဘာကြောင့်များ ကွဲကြေနေပါသနည်း။ သူမနှင့်များ ပတ်သက်နေပါသလား. . ။

"အခုလို ပြောပြတဲ့အတွက် မင်းကိုကျေးဇူးပါ စကားသူ။ ငါကျေနပ်ပါတယ်။ မကြာခင်မှာ နောင်လတ်နဲ့ ငါတို့ဆုံကြရတော့မှာပါ။ မင်းနောင်လတ်နဲ့ လိုက်သွားပါ။ မင်းကို လားရှိုးအထိ လိုက်မပို့နိုင်တဲ့အတွက် ငါ့ကိုခွင့်လွှတ်ပါ စကားသူ မင်းတို့နှစ်ယောက် ဘဝခရီးမှာ ပျော်ရွှင်စွာလျှောက်လှမ်းနိုင်ကြပါစေလို့ ဆုတောင်းလိုက်ပါတယ်. . စကားသူ"

သူမထံမှာ စကားသံ မကြားရ၊ သူမသည် ဆိုဖာကိုကျောမှီလျက် မျက်လုံးတွေ ပိတ်ထားသည်။ အကြားအာရုံကို စုစည်းထား သည်။ အုပ်စိုးသာ၏အသံကို သူမ၏နားစည်တွေက ဦးနှောက်နှင့်ဆက်သွယ်လျက် ဖမ်းဆုပ်နေလေသည်။ သံသယထင်မြင်ချက်နှင့် အစွန်းထွက်နေသော ချည်မျှင်စ သေးသေးလေးကို သူမကြိုးစားဖမ်းဆုပ်နေလေသည်။

"အိပ်ပျော်နေတာလား စကားသူ"

"မအိပ်ပါဘူး အုပ်စိုးသာ. . ။ ရှင်ပြောမယ့် Story ကိုနားထောင်ဖို့အသင့်ပြင်နေတာပါ"

"Sorry ပါ စကားသူ၊ အဲဒီ Story ကိုငါပြောပြဖို့အစီအစဉ် မရှိတော့ပါဘူး. . ။ ပြောဖို့မလိုတော့ပါဘူး စကားသူ"

"အဲဒါဆိုလည်း ရှေ့နားမှာ ကားကိုခဏရပ်ပေးပါ၊ ပြီးတော့







www.burmeseclassic.com

www.burmeseclassic.com



ရှင်ကားပေါ်ကဆင်းပြီး ကားနဲ့ဆယ့်လေးပေလောက်ခွာပြီး ရပ်နေပါ။ ကျွန်မဖုန်းပြောတာကို ရှင်မကြားစေချင်လို့၊ ဒါပေမယ့် ကျွန်မရဲ့မြင်ကွင်းထဲမှာပဲ ရှင်ရှိနေပါစေ. . အုပ်စိုးသာ"

ကားနှင့်ပေနှစ်ဆယ်သာသာလောက်မှာ ကျောပေးလျက် အုပ်စိုးသာ ရပ်နေသည်။ သူမသည် ကားပေါ်မှနေလျက် အုပ်စိုးသာကို လှမ်းကြည့်လိုက်ရင်း ဟန်းဖုန်းပေါ်မှ နံပါတ်တွေကို နှိပ်လိုက်သည်။

"ဘုရား သိကြားမလို့ မိုးထက်မြင့်သူ ဖုန်းကိုင်ပါစေ"

တကယ်လည်း ဘုရားသိကြားမပါသည်။ မိုးထက်မြင့်သူ ဖုန်းကိုင်လိုက်တော့ သူမ ပျော်သွားသည်။

"ဟယ်လို. . မင်္ဂလာပါ စကားသူ၊ အခုပဲ ယောက္ခထီးကြီးက ဖုန်းလှမ်းဆက်တယ်၊ စကားသူဆီက ဖုန်းလာရင် ချက်ချင်းကိုင်ပြီး မင်းတို့ ဖုံးကွယ်ထားတာတွေ ဖွင့်ပြောပါတဲ့. . ကဲ! အချစ်ဆုံးလေး မင်းဘာသိချင်လဲ. . ပြော"

"တိမ်ညွှန့်စားကို ဖုန်းပေးလိုက်ပါ။ ကျွန်မတိမ်ညွှန့်စားနဲ့ပဲ ပြောမယ်"

"မိုးထက်မြင့်သူနဲ့ ဘာဖြစ်လို့မပြောတာလဲ အသည်းလေးရဲ့"

"မိုးထက်မြင့်သူက ပေါကြောင်ကြောင်ရယ်. . .။ တိမ်ညွှန့်စားက မှန်တဲ့စကားကိုပဲပြောတယ်၊ မဖုံးကွယ်ဘူးလေ. . ."

"ဟယ်လို. . ပြောပါ စကားသူ ငါတိမ်ညွှန့်စားပါ. . ."

"ပန်းသီးဖန်တုံးတစ်တုံးရဲ့ ဘိုင်အိုဂရပ်ဖီကို သိချင်တယ်. ."

"ငါသိတာက စပြောရရင်. . အုပ်ကြီးသားဆိုတဲ့ကောင်ကလေးမှာ နောက်စေ့မှာ ဒဏ်ရာအမာရွတ်ကြီးနဲ့လေ. . အဲဒါဟာ နင်ထုထည့်လိုက်တဲ့ နင့်ရဲ့လက်စွမ်းပြတီးကွက်ပေါ့. . အဲဒီကောင်လေးဟာ ဆယ်တန်းပြီးတာနဲ့ ဆံပင်အရှည်ကြီးထားပြီး အဲဒီအမာရွတ်ကို အုပ်ထားတယ်။ ကောင်မလေးနဲ့အမှတ်မထင် ပြန်ဆုံကြမှပဲ ဒီဆံပင်ကြီးကို ဖြတ်မယ်. . တဲ့. . .။ သူအသက်နှစ်ဆယ်ပြည့်တဲ့မွေးနေ့မှာ ကောင်မလေးနဲ့ ရန်ကုန်မှာမြင်လိုက်တယ်။ အဲဒါနဲ့ ကောင်မလေးနဲ့ တစ်ကားတည်းစီးပြီး လှုပ်ရှားတော့တာပါပဲ. . .။ နင်မသိတာက နင်နဲ့သူဟာ ၈၈ ရဲ့ ဖေဖော်ဝါရီ (၂၉)မှာတစ်ရက်တည်းမွေးခဲ့ကြတယ်ဆိုတာပဲ. . .။ နင်တို့ကားပေါ်မှာ အတူထိုင်ရပေမယ့် သူ့အဒေါ် ဒေါ်ရွှေညွှန့်ရဲ့ အနောက်သန်မှုကြောင့် နင်ကသူ့ကိုဘိုးတော်လို့ထင်ခဲ့တယ်။ အဲဒါမှာသူက နင့်အတွက် သူလုပ်မယ့် လုပ်ငန်းစဉ်တွေကို ရှေ့ဖြစ်သဘောပြောခဲ့တာလေ. . .။ အဲဒါဆို နင်ဆက်တွေးလို့ရပြီလား စကားသူ. . ။ အဲဒီအချိန်ကတည်းက သူဟာကိုယ်ယောင်မပြဘဲ ငါနဲ့အတူနင့်ဘေးမှာရှိနေခဲ့တာပါ စကားသူ. ."

"နောင်လတ်လား. . နောင်လတ်က သူ့ကိုယ်သူ နောင်ချိုကလို့ပြောပြီး အုပ်စိုးသာဆီအမြဲလာတယ်။ သတင်းယူတယ်၊ နောင်လတ်က သူဟာမင်းအတွက်လျှို့ဝှက်တဲ့လူဆိုတာ ထင်ရအောင် ဒါကြောင့်လုပ်နိုင်ခဲ့တာပေါ့. . .။ နောက်ပြီးမင်းမသိတာက နောင်လတ်နဲ့ အုပ်စိုးသာဟာ သူငယ်ချင်းတွေမဟုတ်ဘူး. .။ ပိတောက်ခက်နဲ့ နောင်လတ်က လက်ထပ်ကြပြီးသား။ လက်ထပ်ပြီး နှစ်နှစ်ကျော်မှ မင်းနဲ့နောင်လတ်နဲ့ ချစ်သူဖြစ်ကြတာ. . ."

သူမ၏ရင်မှာ နင့်ကနဲ ဆို့လိုက်သွားသည်။ ဒါတွေ. . . နင်ဘာလို့ မသိခဲ့ရတာလဲ စကားသူ. .။

"စတိတ်ရှိုးညတုန်းက နောင်လတ်က ပန်းသီးဖန်တုံးလေးကို ခိုးယူသွားတယ်။ မင်းကိုသက်သေပြမလို့၊ ဒါပေမယ့် ငါရယ်အုပ်စိုးသာရယ်က အချိန်မီပြန်ယူနိုင်ခဲ့တယ် စကားသူ"

"တော်ပါပြီ အဲလောက်ဆိုရပြီ မိုးထက်မြင့်သူ ကျေးဇူးပဲ. ."

သူမဖုန်းကို အလျင်အမြန်ပိတ်ကာ အုပ်စိုးသာကို လှမ်းကြည့်







www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ အုပ်စိုးသာသည် ကျောပေးရပ်လျက် စိမ်းညို့တောင်တန်းတွေကို မျှော်ကြည့်နေသည်။ ဦးခေါင်းနောက်စေ့ဖက်မှာ ချစ်မက်ဖွယ်အမာရွတ်လေးကို သူမမြင်တွေ့လိုက်ရပြီ. . ။

စကားသူသည် သူမနှင့်သူတို့နှစ်ဦးတည်းသာ ကိုင်သော ဟန်းဖုန်းလေးကို အိတ်လေးထဲမှ ထုတ်ယူလိုက်၏။ သူမမျက်နှာလေးပြုံးနေသည်။ တွေ့မယ်. . ဒီလူတော့. . . ။

သူမ ဖုန်းခေါ်လိုက်ပါပြီ။

ဖုန်းမြည်သံက နောက်ဘက်ဘောင်းဘီအိတ်ထဲမှ ထွက်လာတော့. . . အုပ်စိုးသာလန့်သွားသည်။ ဖုန်းကအဆက်မပြတ်ခေါ်နေပြီ. . ။ သူ့ဦးခေါင်းကိုကုတ်လျက် ဒုက္ခရောက်နေပြီ. . ။ စကားသူသည် နှစ်ခြိုက်စွာရယ်လျက် ကားပေါ်မှလှမ်းအော်လိုက်၏။

"ဖုန်းကိုင်လိုက်ပါ ကိုနေစိမ့်ရဲ့. . .

ဒီမှာ စကားသူက ရှေ့ခရီးအတွက်ဆွေးနွေးချင်လို့တဲ့. . ."

အုပ်စိုးသာ၏ ဦးခေါင်းသည် နောက်ဘက်သို့ ဖြည်းဖြည်းချင်းလှည့်လာသည်။ မျက်နှာကမချိုမချဉ် မအီမလည်မျက်နှာ. . . ။

အုပ်စိုးသာသည် အရှက်မျက်နှာနှင့် ရှက်ရမ်းရမ်းကာ စကားသူအားလက်သီးဆုပ်ပြလိုက်၏။

စကားသူက လက်ဝါးလေးပြန်ထောင်ပြလိုက်သည်။

နီကိုရဲ

■



BURMESE CLASSIC .com

www.burmeseclassic.com